…တာပဲတော့ ငါတို့ပြဿနာနဲ့ချက်အစားခံရတာပါ
…သူငယ်ချင်းပေါက်ရင်အိမ်နက်ဝေးမယ့်မျက်ရည်တစ်စက်
…ားသောတ်သလို
…တယ်တက်ရင်ဘတ်ကို ရှုသွားတာ
…တယ်သူသိလိုက်သလဲ
…အတွေ့မှာရှုနေ၍ ရူးရသူတို့အကြောင်း…

ရင်ကွဲပုံပြင် (သို့မဟုတ်)

# အက္ခရာစူးလို့
# ရူးရသူတို့
# အကြောင်း

ဝဝ
ဒနူင်းခ

## ဒို့တာဝန်အရေး သုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**နိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။**

## ပြည်သူ့သဘောထား

- ◆ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ◆ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ◆ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ◆ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- ◆ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- ◆ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
- ◆ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
- ◆ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- ◆ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ◆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ◆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ◆ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- ◆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
- ◆ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- ◆ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- ◆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပုံနှိပ်မှတ်တမ်း


စာမူခွင့်ပြုချက် – ၅၀၀၂၄၆၀၅၀၃

မျက်နှာဖုံးခွင့်ပြုချက်– ၅၀၀၆၆၁၀၆၀၇

အကြိမ် – ပထမအကြိမ်

၂၀၀၇–ခုနှစ်၊ ဩဂုတ်လ

အုပ်ရေ – ၅၀၀

တန်ဖိုး – ၁၅၀ိ/–

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြဲ–၀၃၇၆၉)

ရွှေသမင်စာပေ

၃၇/၄၄လမ်း၊

ဗိုလ်တထောင်မြို့နယ်၊

ရန်ကုန်တိုင်း။

အတွင်း/အဖုံးပုံနှိပ်သူ– ဒေါ်ဖြူဖြူညွှန့် (မြဲ–၀၇၈၄၈)

ပြည့်ရနံ့ အော့ဖ်ဆက်

အမှတ် (၂၂၁)၊ အိဒင်လမ်း။

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

ရွှေသမင်
စာပေမှ စီစဉ်တင်ဆက်သည်

# ဒီနိုင်းခ

## ရင်ကွဲပုံပြင်

(သို့)

## အကွရရူးလို့ ရူးရသူတို့အကြောင်း

ကညာနဲ့ တစ်ကိုယ်ကို ဖော်ဆောင်ကတည်းက
လူတွေရဲ့ နှလုံးသားက အချစ်ဆိုတာ သိထားကြတယ်၊
ရှေးရိုးအစဉ်အလာအတိုင်း
ငါတို့ သမိုင်းကို ထုဆောင်ကြစို့ ...။







ရေမှာပျော်တဲ့ငါးကို စိတ်ကူးနဲ့ တောင်ပံ တပ်ပေးကြည့်တာတော့ မဟုတ်ဘူးနေနေညို...

မင်း အလွယ်တကူသိမ်းပိုက်ဖို့ ငါ့ရင်ခွင် ခံတပ်တစ်ခုလုံး စစ်နိုင်သူ ကျေနပ်အောင် ငါ့ဘာသာငါ ချေမှုန်းပေးမိတာပါ...။

တစ်ခါတလေတော့လည်း မမျှော်လင့်စရာ အလွမ်းတွေကို ခက်ခဲ ကြမ်းတမ်းရာလမ်းမှာ လှူပီသတဲ့စိတ်နဲ့ တိတ်တဆိတ် စစ်ကူခေါ်မိသလို ဖြစ်ခဲ့မိတာ ငါဝန်ခံရပါတယ်။

မပီပိုးတဝါး အရုဏ်ဦးအလင်းနဲ့ မနက်ခင်း နှင်းတွေကို မြင်တွေ့ချင် ပါတယ်ဆိုတဲ့ မင်းဆန္ဒ...

ဒီလိုပါပဲ... ဆောင်းရာသီရဲ့ အစောဆုံးနေဝင်တဲ့ ရှုခင်းကို ခါးခါးသီးသီး မုန်းတတ်တာ သဘာဝကျပါတယ် နေနေညို...

ပြီးတော့ မင်းသိပ်ချစ်ပါတယ်ဆိုတဲ့ "ရင်ဝေ"နဲ့ ကိုယ်တို့အိမ်ရှေ့က နိုတစ်အုပ်...

မင်း သူတို့ဆီမလာနိုင်တဲ့ ကိုယ်ရောင်ဖျောက်တဲ့နေ့တွေမှာ ငါ့ကို တညည်းညည်း တညူညူ တိုင်တည် ရင်ဖွင့်တတ်ကြတာ မင်းကတော့ ဘယ်သိပါ့မလဲနော်...

ကြေကွဲဝမ်းနည်းစိတ်ကြောင့် ပါးပြင်ပေါ်ကို စီးကျလာတဲ့ မျက်ရည် ဆိုတာ သဘာဝက လက်ဆောင်ပေးတဲ့ ပူလောင်ရာ မြစ်တစ်စင်းလို့ စကားကြီးစကားကျယ် နင်ပြောတတ်တာ ငါ ဘယ်မေ့လို့ဖြစ်မလဲ...

နေနေညို… ခမ်းနားတဲ့ တောအုပ်ရဲ့တံခါးဝမှာ နုနယ် ပျိုမြစ်တဲ့ ပန်းပွင့်တွေရဲ့ရယ်သံတွေကို ကြားတိုင်း စိတ်မှန်းနဲ့ နင်လာမယ့်လမ်းကို မြေပုံကြမ်း ရေးဆွဲဖူးတယ်ဆိုရင် နင် အပိုတွေပါလို့ ပြောဦးမှာပါ…

သိပ်သတိရတယ် နေနေညို… ဒီတက္ကသိုလ် ဒီပရဝဏ်ဟာ နွေရာသီ အိပ်မက်နဲ့ ခြယ်မှုန်းထားတဲ့ “အဝါရောင်တောအုပ်” လေးနဲ့ တူပါတယ်ဆို…

အတတ်ပညာကိုပိုင်ဆိုင်တဲ့ မော်ဆရာရဲ့မျက်ဝန်းနဲ့ ငါ့ ရင်ထဲက တမ်းတခြင်းသတင်းကို နင်သိအောင် ပို့လွှတ်ချင်ပါတယ်…

ပြီးတော့လေ အစိမ်းရောင်သစ်ရွက်နဲ့ ကိုယ်ရောင် ဖျောက်ထားတတ်တဲ့ အဝါရောင်တောအုပ်ထဲက စာသင်ဆောင်တွေကြားမှာ ငါရှိနေတာ နင်သတိရပေးပါ…

ဂျင်းဘောင်းဘီဝတ်တဲ့ ပျားပိတုန်းတွေ… ကျောပိုးအိတ် လွယ်ထားတဲ့ ပန်းပွင့်တွေရဲ့ရယ်သံ… နောက်ပြီး ချုံခိုတိုက်ခိုက်လာတဲ့ အလွမ်း… အရာအားလုံး ငါသတိရနေမှာပါ နေနေညို…

## အခန်း [ ၁ ]

ဂျူတီကုတ်ဖြူဖြူတွေကို တချို့က ဝတ်ဆင်ထားတယ်...

တချို့က ဂျူတီကုတ်ကို လက်မောင်းပေါ်တင်လို့...

တက်ကြွလန်းဆန်းတဲ့ အမူအရာ... လွတ်လပ်ပေါ့ပါးတဲ့ လန်းဆန်းဖျတ်လတ်မှုတွေနဲ့ သူ့ရှေ့က ချာတိတ်အုပ်စုဟာ မကြာခင် ဆရာဝန်တွေဖြစ်လာမယ်လို့ ထင်ရက်စရာကို မရှိ... တကယ်ဆို ချာတိတ်တွေက အထက်တန်းကျောင်းသားတွေနဲ့ ပိုတူသည်...။

ကလေးတွေက အချင်းချင်း ဆွေးနွေးငြင်းခုံကြပါတယ်။ တချို့က လူနာမှတ်တမ်းတွေကို ကြည့်ရှုလေ့လာသူက လေ့လာ... လူနာရှင်တွေနဲ့ မေးမြန်းဆွေးနွေးသူက ဆွေးနွေးပေါ့...

သူ့ကိုတော့ မြင်တွေ့မိကြပုံမပေါ်...

"ဟဲ့... ဇေယျ... မှင်အဲလောက်သီးနေတဲ့ ဘောပင်ကို လွှင့်ပစ်လိုက်ပါဟာ၊ ကြည့်စမ်း... စာအုပ်တွေလည်း ညစ်ပတ်နေတာပဲ"

သူနဲ့ အနီးဆုံးနေရာက အသံ... သူ ကြည့်မိတော့ ကောင်လေးက ရယ်မြဲ ရယ်နေပါတယ်။

ပြီးတော့...

"ရပါတယ်ဟာ... အဲလောက်ကြီးလည်း မဟုတ်ပါဘူး"

ကောင်မလေးရဲ့ ခပ်တိုတို ဆံပင်လေးတွေ ခါခနဲဖြစ်စေတဲ့ လှုပ်ရှားမှု...

"နင်ဟာလေ...တကယ့် ဗရုတ်သုတ်ခကောင်ပဲ... စာမေးပွဲနီးလို့ ငါ့စာအုပ် လာငှားရင်တော့ နင်နဲ့ ငါနဲ့ အတွေ့ပဲ"

ကောင်လေးက ဂရုစိုက်ပုံ မပေါ်။ ဆံပင်တွေက ဂျယ်ရီတစ်မျိုး လူးထားပုံပေါ်သည်။ ဆံပင် တိုတိုထောင်ထောင်တွေနဲ့ သူက ကောင်လေး နောက်ကနေ အိတ်ထဲက ဘောပင်ကိုထုတ်ပြီး အဲဒီဘောပင်နဲ့ ကောင်လေးကို သှမ်းတို့ရင်း...

"ရော့..."

အသံနဲ့ အထိအတွေ့ကြောင့် လှည့်ကြည့်ပြီး...

"ဟာ... ဆရာ"

"မင်း ဘောပင် မှင်သိပ်ယိုနေတယ်၊ ကိုယ့်ဘောပင် ယူထားလိုက်လေ..."

"ရပါတယ် ဆရာ"

"ယူထားစမ်းပါကွာ... မင်း အဲဒီမှင်သီးနေတဲ့ ဘောပင်နဲ့သာ ရေးနေရင် အကျီတွေပါ ပေကုန်လိမ့်မယ်"

ကောင်လေးက ရယ်မောရင်း ခေါင်းကုတ်သည်။

"ဟဲ့... ယူလိုက်လေ၊ ဆရာ့ကို အားနာစရာ"

"အားနာလို့ပါ ဆရာ"

သူ့အသံကြောင့် ရှေ့က ကလေးတွေက သူ့ကို လှည့်ကြည့်ကာ မြင်တွေ့သွားသည်။

"ဆရာဆွေ..."

"အတော်ပဲ ဆရာလာတာနဲ့..."

ကျောင်းသား ကျောင်းသူတွေ သူ့ကို ဝိုင်းအုံလာကြတယ်။ ရောဂါဗေဒ အမျိုးမျိုးကို အလုအယက် မေးမြန်းကြတယ်။

သူ ကလေးတွေကို လူနာခုတင်တွေဆီ ခေါ်လာရင်း စိတ်ရှည် လက်ရှည် ရှင်းပြပါသည်။

ပိုင်းအုံနေတဲ့ သူတို့အုပ်စုကို စစ္စတာဒေါ်မြမြဦးက ဖြတ်သွားရင်း...

"ဆရာဆွေတို့ကတော့ စိတ်ရှည်တယ်ဟေ့... ဟေ့... ကလေးတွေ... ဆရာ အပင်ပန်းခံရှင်းပြတဲ့ပုံ သေသေချာချာ မှတ်ထားကြ"

အာပေါင်အာရင်းသန်သန်နဲ့ ပြောသွားသော မမဦးကြောင့် သူ ပြုံးမိသည်။

စန္ဒယားသံ ခပ်တိုးတိုး ပြီးဆုံးပျောက်ကွယ်ပြီးနောက် သူ နောက်ဆုံးအကြိမ် ဘုရား ဝတ်ပြုလိုက်တယ်။ ဘုရားဝတ်ပြုပြီးတော့ ဖာသာထံ လျှောက်လာခဲ့သည်။ ဖာသာက သူ့ကို မြင်တွေ့ပုံရတယ်။ အပြုံးနဲ့ ကြိုနေပါတယ်။

"ဘယ်နေ့ကရောက်လဲ မောင်ဆွေဆက်... အလည်သက်သက်ပဲလား"

"မဟုတ်ဘူးဖာသာ... ကျွန်တော် ထရန်စဖာနဲ့ ပြောင်းလာတာ၊ တစ်ပတ်ကျော်လောက်တော့ ရှိပြီ"

သူနဲ့ စကားအနည်းငယ်ပြောဆိုပြီး သူ ဟိုမှာ အမြဲတမ်း တက်ခဲ့တဲ့ ဘုရားကျောင်းက ဖာသာဦးစောထူးဝေရဲ့ ဖာသာထံ တစ်ဆင့်အမှာစကားကို သူပြန်ပြောသည်။

စကားအနည်းငယ်ပြောဆိုပြီး ဖာသာကို နှုတ်ဆက်ကာ သူထွက်လာခဲ့သည်။ ဘုရားကျောင်းမှာ လူလည်း အတော်ရှင်းစပြုနေပြီ။ သူ အဝင်တံခါးဆီ ဦးတည်တော့ တံခါးဝမှာ ကောင်လေးတစ်ယောက်နဲ့ ကောင်မလေးတစ်ယောက်က သူ့ကို ရယ်မော ပြုံးပြတာတွေ့မိသည်။

သူ ဇဝေဇဝါဖြစ်မိရင်း မျက်မှောင်ကြုတ်မိသည်။ နောက်တော့မှ သူ ကောင်လေးတွေကို မှတ်မိသွားခဲ့သည်။

"ဆရာဆွေ ပြန်တော့မလို့လား"

"အေး... မင်းတို့ ဘုရားကျောင်း လာတက်တာလား"

ကောင်လေးနဲ့အတူ အမြဲတမ်းတွေ့ရတတ်တဲ့ မျက်လုံးဝိုင်းဝိုင်းနဲ့ ကလေးမလေးကပါ ခေါင်းညိတ်ပြသည်။

"ဟုတ်ကဲ့ဆရာ... ဆရာ့ကိုလှမ်းတွေ့လို့ ကျွန်တော်တို့ ရပ်စောင့်နေတာ"

"အံမယ်... ငါတွေ့တာပါနော်"

တံတောင်နဲ့တွတ်ရင်း ပြောသော ကောင်မလေး အပြုအမူကြောင့် သူ ပြုံးမိသည်။

"ဘယ်သူ တွေ့တွေ့ပေါ့ဟာ... ဆရာအားရင် ကျွန်တော်တို့နဲ့ တစ်ခုခုလိုက်စားပါလား"

"ဟာ... နေပါစေ"

သူငြင်းတော့ ကောင်မလေးက ကောင်လေးကို ပခုံးချင်း တိုက်ကာ ပြောလေလို့ အရိပ်အမြွက်ပြတယ်။

(ရှတ်ခနဲ သတိရစေတဲ့ ကလေးမရဲ့လှုပ်ရှားမှုက ရင်ထဲက အလွယ် မကျက်နိုင်စေတဲ့ ဒဏ်ရာကို အသစ်ဖြစ်လာစေရန်အတွက်...)

သူ့ရဲ့ မသိမသာ ခေါင်းယမ်းမှုကြောင့် ကောင်လေးက စူးစမ်းချင်ဟန် ရှိသည်။

ကလေးမကတော့ ဘာမှသိခဲ့ပုံ မရှိ။

"လိုက်ခဲ့ပါ ဆရာရယ်... ဒီနားကဆိုင်သွားမှာပါ၊ ပြီးတော့ စကား လေးပြောရင်း ဆရာ့ကို စာလည်း မေးချင်လို့ပါ"

ကျောင်းစာ ကိစ္စဆိုတော့ သူ ငြင်းရန် အခက်တွေ့ခဲ့သည်။

"ဒါဆိုလည်း သွားကြတာပေါ့"

သူ ခေါင်းညိတ် လက်ခံတော့ ကောင်လေးက...

"ဆရာ အချိန်ရော ရရဲ့လား"

"ကိုယ် ဒီနေ့အော့ဖ်လေ... ဘာအလုပ်မှ မရှိပါဘူး"

သူတို့ ဝန်းထဲကထွက်ရင်း ဘုရားကျောင်းနဲ့ မားလွယ်ခုတ် အနေ အထားလောက်မှာရှိတဲ့ စားသောက်ဆိုင်လေးကို ဦးတည် လျှောက်လာ

ခဲ့ကြသည်။ တိတ်ဆိတ်ငြိမ်သက်ခြင်း၊ သစ်ပင်ရိပ် ကောင်းကောင်းနဲ့ သိမ်မွေ့မှုရှိတဲ့ ဆိုင်လေးကို သူပါ သဘောကျမိတယ်။ သူတို့စားပွဲတစ်ခုမှာ ထိုင်တော့...

"ကျွန်တော်တို့ နေ့ခင်းနေ့လယ်လည်း အချိန်ရရင် ဒီမှာ လာထိုင်ဖြစ်တယ် ဆရာရဲ့"

စားပွဲထိုးလေးလာတော့ သူ့ကိုမေးရင်း ကောင်မလေးကပဲ အစားအသောက်တချို့ကို ဦးဆောင်မှာသည်။

အစားအသောက် မှာပြီးတော့...

ကောင်လေးက ဦးဆောင် မေးခွန်း ထုတ်လာပါတယ်...

"ချောင်းဆိုးသွေးပါ (Tuberculosis) ရဲ့အဖြေကို တိကျအောင် ဘယ်လိုအဖြေထုတ်ရမလဲ ဆရာ"

"အတိအကျဆုံး အဖြေကတော့ ဓာတ်မှန်ပေါ့ကွာ"

သူ့ရဲ့စကားကြောင့် ကောင်လေးက...

"ဟုတ်ပါတယ် ဆရာ၊ ဒါပေမယ့် ကျွန်တော်တို့ကို ရှင်းရှင်းလင်းလင်း သိသွားအောင် ပြောပြပေးပါဦး"

သူ ကောင်လေးနဲ့ကောင်မလေးကို ရှင်းရှင်းလင်းလင်း သိလာအောင် ပြောပြမိသည်။

မသိတဲ့အပိုင်းတွေကို နောက်တစ်ခေါက် ပြန်ပြောသည်။ ကောင်လေးက အရေးကြီးတဲ့အခန်းစဉ် တချို့ကို မှတ်သားရန် အိတ်ဆောင် စာအုပ်ငယ်လေးကို ထုတ်ယူရင်း ဘောပင်အဖုံးကို ချွတ်သည်။

ကောင်လေးရဲ့ ဘောပင်ကို မြင်တော့ သူ ပြုံးမိသည်။ ဒါကို ကောင်မလေးက မြင်တွေ့သွားရင်း–

"နင်ဟာလေ... ဒီဘောပင်အစုတ်ကိုပဲ သိပ်ကြိုက်နေတယ်"

"မဟုတ်ဘူးဟ... ငါလည်း အိမ်ကအထွက် ကျောပိုးအိတ်ထဲက ဘောပင်တစ်ချောင်း ဆွဲထုတ်လာတာ ဒီဘောပင်ပဲ ဖြစ်ဖြစ်နေတယ်"

ရယ်ကျဲကျဲနဲ့ ကောင်လေးက ရှင်းပြသည်။ သူ ကျန်တဲ့အပိုင်းကို စိတ်ရှည်ရှည် ရှင်းပြမိပါသည်။ ကောင်လေးက မှင်သီးနေတဲ့ ဘောပင်နဲ့ရေးလို့

စာရွက်ပေါ် မှင်ယိုလာရင် တစ်ရှူးစက္ကူနဲ့ ဘောပင်ထိပ်ကို သုတ်လိုက်နဲ့ တော်တော်ကို အလုပ်ရှုပ်နေပုံရသည်။

"ကဲ... ကိုယ် တတ်နိုင်သလောက်တော့ ရှင်းပြပြီးပြီ... ဘာမေးချင်သေးလဲ"

"အခုမှပဲ... ငရေရေလည်လည် နားလည်သွားတော့တယ် ဆရာ... ဆရာ့ကို အရမ်းကျေးဇူးတင်တာပဲ"

"ကိစ္စမရှိပါဘူးကွာ... ကျောင်းစာနဲ့ပတ်သက်ရင် မင်းတို့ ကြုံတဲ့ အချိန်လာမေး၊ ကိုယ် ခွင့်ပြုပါတယ်၊ ဒါနဲ့ မင်းနာမည် ဘယ်သူ..."

"ဇေယျပါဆရာ... နာမည်အရင်းကတော့ အောင်ဇေယျ ပါ..."

"သမီးနာမည်က နေခြည်နိုင်လို့ ခေါ်ပါတယ်"

"ဩော်... တိုက်ပဲ တိုက်ဆိုင်လွန်းတယ်"

သူ့ရဲ့ အမှတ်မထင် စကားကြောင့်...

"ဘာဖြစ်လို့လဲ ဆရာ"

ကောင်မလေးရဲ့ အမေးကို သူက...

"ဒီရက်ပိုင်းအတွင်းမှာ မင်းတို့ကိုတွေ့တော့ (သူတို့ နှစ်ယောက်ကို ပိုသတိရမိတာ အမှန်ပဲ...)..."

"သူတို့ဆိုတာက..."

သူ့စကားသံတွေ လေးလံ ထိုင်းမှိုင်းသွားတယ်။

"သူတို့ဆိုတာက... ပြောပြရရင်တော့ ပုံပြင်တစ်ပုဒ်လိုပဲ၊ မင်းတို့ အချိန်ရော ရရဲ့လား"

သူ့ရဲ့အမေးကြောင့် သူ့စကားတွေကို စိတ်ဝင်စားပုံရှိသော သူတို့က...

"ဟာ... ရပါတယ် ဆရာ"

"သမီးလည်း အားတယ်"

သူတို့မျက်နှာကို တစ်လှည့်စီ ကြည့်မိရင်း...

"ဟိုတစ်နေ့က... မောင်ဇေ ဆေးရုံမှာ မှင်ယိုနေတဲ့ ဘောပင်ကို မလွှင့်ပစ်ရက်ဘဲ သုံးနေတော့ အမှတ်မထင် အရိပ်ဟောင်းတွေက အခုကြုံတော့ သတိရလာစရာ ဖြစ်လာတယ်လေ"

သူ့စကားကို အဓိပ္ပာယ်မပေါက်ဟန် ရှိတယ်။

"ကိုယ်ပြောမယ့် ဇာတ်လမ်းမှာ အဓိကဇာတ်ကောင်လို့ ပြောလို့ရတဲ့ ကောင်လေးနာမည်က ရန်ကြီးအောင်တဲ့"

"ဟဲ့... နင့်လို ကုန်းဘောင် အနွယ်တော်တွေပဲနဲ့ တူတယ်၊ ဘာတဲ့ စာချိုးရှိပါတယ်"

"နင်ဟာလေ ပြောလည်း ပြောချင်တယ်၊ တတ်ယောင်ကား ကလည်း သိပ်လုပ်ချင်တယ်၊ မသိရင်မှတ်ထား... ရန်ကြီးအောင် ကုန်းဘောင်ခ ပြည်ရွှေဘိုတဲ့..."

သူ ပြုံးမိသည်။ ကောင်မလေးက ကောင်လေးကို မျက်စောင်းထိုး တယ်။ သူက စတင်၍...

"ကောင်မလေးနာမည်က နေနေညိုတဲ့..."

"ဟဲ့... ငါ့နာမည် 'နေ' တစ်လုံးပါတယ်"

"နင်ဟာလေ ဆရာက စကားမဆုံးသေးဘူး၊ ဝင် ဝင် ပြောနေပြီ"

ကလေးတွေရဲ့ စကားရည်လုပုံကို သူ သဘောကျကာ ရယ်မောမိ တယ်။

"ဆက်ပါဦးဆရာ"

သူ အဝေးကို ငေးကြည့်မိတယ်။ မျက်ဝန်းမှာ ပုံရိပ်တွေ အမျိုးမျိုး တစ်ဖျတ်ဖျတ် ဝင်လာပြန်၏။

"သူတို့နှစ်ယောက်ဆုံကြတာ ဒဂုံတက္ကသိုလ်မှာပေါ့"

"ပြီးတော့ ပုံပြင်တွေ..."

သူ သက်ပြင်းကို လေးတွဲ့စွာချရင်း ခပ်လေးလေး ပြောမိတယ်။

"မျက်ရည်တစ်စက်ဟာ တရားခံ ဖြစ်လာလိမ့်မယ်လို့ ဘယ်သူမှ ကြိုတင်မသိကြဘူး၊ အဲဒီမျက်ရည်စက်နဲ့အတူ..."

စကားအဆုံးမှာ အားအင်ကုန်ခန်းသွားသလို ခံစားခဲ့ရသည်။

အတွေးတွေ အတောင်ပံမပါပေမယ့် အဝေးဆီက တရွေ့ရွေ့ ပုံရိပ် တွေ ဇောက်ထိုးမိုးမျှော်အဖြစ် သူ့အာရုံထဲကို ဝင်ရောက်လာတယ်။





## အခန်း [ ၂ ]

အရိုပ်နှစ်ခု သူ့စားပွဲမှာ ဝင်ထိုင်လိုက်တာ သူသိပေမယ့် ဂရုမထားမိ။ သူသိတာက လက်ရှိပစ္စုပ္ပန်မှာ အငွေ့ တထောင်းထောင်း ထ,နေတဲ့ သူ့ရှေ့က ထမင်းကြော်ကိုသာ စိတ်ပျက်လက်ပျက်နဲ့ ကြည့်နေမိသည်။ ကြည့်လေ... သူမှာတာက ထမင်းပေါင်း... သူ့ရှေ့ကို ရောက်လာတာက ဘာနည်းနဲ့ ဘယ်လို ကြော်လာမှန်းမသိတဲ့ ထမင်းကြော်။ ပရှူးထမင်းကြော် ဆိုလား ဘာလားမသိ... ကြည့်ပါဦး... ရေတိသီးစိမ်းတွေ ညှပ်ထည့်ထားတာကိုက ကြက်သီးထစရာ။ ပြီးတော့ သူက အစပ်ကြောက်တတ်တဲ့ကောင်။ ဗိုက်ကလည်း တဂွိဂွိ ဖြစ်နေပါပြီ။ လဲခိုင်းဖို့ကလည်း စားပွဲထိုးတွေက သာကေတ ဒိုင်နာကားတွေလို လှစ်ခနဲ လှစ်ခနဲ သူ့ဘေးက ဖြတ်ဖြတ်သွားတာ လက်ပြ ပါးစပ်ဟာချိန်တောင် မရအောင် မြန်လွန်းလှသည်။

မထူးပါဘူးဆိုပြီး ပူပူလောင်လောင် ထမင်းကြော် တစ်လုပ်ကို သူ့ပါးစပ်ထဲအထည့် သူ့စားပွဲမှာ ဝင်ထိုင်တဲ့ မိန်းကလေးက အခြားမိန်းကလေး တစ်ယောက်ကို...

"နေစမ်းပါဦး... ငါသိချင်တာက ရန်ကြီးအောင် ဆိုတဲ့လူက ဘာထူးခြားလို့လဲ၊ အမြီးပေါက်နေလို့လား... ချိုထွက်နေလို့လား..."

"ဖရှူး..."

ပါးစပ်ထဲက ထမင်းလုံးတွေကို စားပွဲအောက်ကို အမြန် ထွေးထုတ်ပစ်မိသည်။ ပါးစပ်ထဲ ပူလောင်တာကတစ်မျိုး... နောက်ပြီး...

"အာပါး..."

သူ့ရဲ့ မပီမသ ညည်းသံကြောင့် တစ်စားပွဲတည်း ထိုင်နေတဲ့ သူ့ရှေ့က ကောင်မလေးနှစ်ယောက်က မျက်လုံးပြူး ကြည့်သူက ကြည့်... မျက်မှောင်ကြုတ် ကြည့်သူက ကြည့်ပေါ့။ သူကလည်း ကောင်မလေးနှစ်ယောက်ကို ငေးကြောင်ကြောင် ပြန်ကြည့်နေမိသည်။ သူတို့ကတော့ သူ့ကိုစိတ်မဝင်စားသလို သူတို့စကားကို သူတို့ မရမက ပြန်ဆက်ပါတယ်။ အနီဝတ်ကောင်မလေးက...

"ပုံပြော သိပ်ကောင်းတယ်လို့ သတင်းကြီးနေတာပဲဟဲ့... စကားပြောရင်လည်း တစ်ဖက်လူတွေ ငေးသွားအောင် ပြောနိုင်တယ်တဲ့... သူလာတဲ့ဒေသကို ကြည့်ပါလား..."

"ဘယ်ကလဲ"

"ပုံတောင်ပုံညာကတဲ့"

တခစ်ခစ်နဲ့ ဘာမှမဆိုင် ရယ်ကြပြန်သည်။ သူ တစ်ယောက်စီကို တကူးတက ကြည့်မိပြန်တယ်။

"ဟဲ့... အခုမှသတိရတယ်၊ ငါတို့မှာထားတာလည်း လာမချသေးပါလား"

"အေးလေ... ဟုတ်ပါရဲ့... စားပွဲထိုးတွေကလည်း တစ်ကိုယ်တော် သိုင်းသမား ကျနေတာပဲ၊ ခေါ်ချိန်ကိုမရဘူး"

နှုတ်ခမ်းလှလှလေးတွေဆီက အဲဒီလောက် စကားများများ ပြောနိုင်လိမ့်မယ်ဆိုတာ ထင်ကို မထင်ရက်စရာ...

သူမတို့ ပြောနေစဉ်မှာ သူမတို့ ရှေ့ကို အစားအသောက်တွေ လာချပေးသည်။

သူလည်း သူ့ဘာသာ ကြိတ်မှိတ်ပြီး ပူပူလောင်လောင် စပ်စပ်ကြီးကို ရေသောက်လိုက် မျိုချလိုက်ပေါ့။ အနီရောင် ဝမ်းဆက်ဝတ်ထားတဲ့ ကောင်မလေးထက်ပိုလှတဲ့ ပန်းရောင် ဝမ်းဆက်နဲ့ ကောင်မလေးက

သူ့ကို တရွှတ်ရွှတ်နဲ့ ခေါ်တော့ သူ မော့ကြည့်မိတယ်။ ပြီးတော့ ဘာလဲဆိုတဲ့ သဘောနဲ့ မေးဆတ်ပြမိသည်။

"ရှင့်ရှေ့က တစ်ရှူးဘူးကို ဒီဘက်ရွှေ့ပေးပါလား"

သူ တစ်ရှူးဘူးကို တစ်လှည့် သူမကို တစ်လှည့် ကြည့်မိသည်။ ထူပူနေတဲ့လျှာ ပလုတ်ပလောင်း ထမင်းကြော်ကြောင့် တစ်ရှူးဘူးကို ခေါင်းဆတ် မေးထိုးပြသည်။ သူမကတော့ မျက်မှောင်ကြုတ် ကြည့်သည်။

"အားပါး..."

သူ အသံထွက်သွားမိရင်း ရေဘူးကရေကို အငမ်းမရ မော့သောက်မိသည်။

"ဩော်... ရှင်က စကားမပြောတတ်ဘူးကိုး"

သူ ရေသီးမတတ်ဖြစ်သွားရင်း သူတို့ဘာသာသူတို့ မှတ်ချက်ချနေတာကို သူ ရှင်းပြဖို့ အခွင့်အရေးမရ။ ဒီအချိန်မှာပဲ အုပ်စိုးတို့ အတန်းထဲက ရဲချစ်နောင်ဆိုတဲ့ မကျွေးသား ရောက်ချလာပြီး သူ့ပခုံးကို ဖြုန်းခနဲပုတ်ကာ...

"ဟော့ကောင် ရန်ကြီးအောင်... ရှာလိုက်ရတာကွာ"

သူ့နာမည်ကြောင့် ရှေ့ကကောင်မလေးတွေ ပါးစပ် အဟောင်းသားနဲ့ သူ့ကို တစ္ဆေတစ်ကောင်နဲ့ ရင်ဆိုင်တွေ့သလို ကြည့်ကြတယ်။ သူလည်း မသိချင်ယောင် ဆောင်ပေးလိုက်ပါတယ်။

(သူတို့က အားနွဲ့သူဆိုတဲ့ ဂုဏ်ရှိတယ်လေ...)

"မင်းက ငါ့ကို ဘာကြောင့်ရှာနေရတာလဲ မကျွေးသားရဲ့"

"ဟဲဟဲ..."

တဟဲဟဲ ရယ်ရင်း သူ့ရှေ့က ကောင်မလေးတွေကို ကြည့်တယ်။ ပြီးတော့ သူ့ကို ကြည့်တယ်။ နောက် ဘာအဓိပ္ပာယ် ပေါက်သွားမှန်းမသိ...

"ဩော်... မင်းက ဒီမှာ... ဟဲဟဲ..."

ဘာအဓိပ္ပာယ်မှန်းမသိတဲ့ သကောင့်သားရဲ့ တဟဲဟဲက ကောင်မလေးတွေအတွက် ပုံသဏ္ဌာန်အမျိုးမျိုး တွေးမိပုံရတယ်။

ဒေါသတကြီးနဲ့ သူတို့နှစ်ယောက်ကို ဒေါသတွေနဲ့ပဲ...

"ဘာမှမဆိုင်ဘူး..."

ပန်းရောင်ကောင်မလေးရဲ့ ဒေါသအော်သံက သူ့ ရယ်ချင်ချင် ဖြစ်မိသွားသလို... ဟိုကောင်ကိုလည်း တွန့်ခနဲ ဖြစ်သွားစေတယ်။ အဲဒီ ကောင်မလေးက လူကြီးတွေပြောတတ်တဲ့ သူလည်း ဘာမှန်းမသိတဲ့ မျက်ထောင့်နီ ဆိုတဲ့အမိပ္ပာယ်နဲ့ သူ့ကို ကြည့်ပြန်တယ်။ သူကလည်း ဟိုကောင်လို တဟဲဟဲ ရယ်ရမလိုလို...

"နေပါဦး... ခုနက ရှင် စကားမပြောတတ်ဘူးဆို"

သူက မျက်ခုံးမြှင့် အံ့ဩဟန်ပြရင်း...

"ကျွန်တော် ပြောမိလို့လား"

သူ့စကားက ကောင်မလေးရဲ့ဒေါသကို ဆွပေးသလို ဖြစ်သွားသည်။

"ရှင်ပဲ အားပါး... အားပါးနဲ့"

သူ တဟားဟား ရယ်မိသည်။ သူ့ရယ်သံကို သူမတို့ မကျေမချမ်း ဖြစ်ပုံရ၏။

"ကျွန်တော်က အစပ်သိပ်ကြောက်တာဗျ။ အခုလည်း ထမင်းကြော်က ပူလည်းပူ၊ စပ်တာလည်း အရမ်းစပ်တော့ စကား မပြောနိုင်ဘူးလေ၊ အားပါးဆိုတာ စပ်လို့ အော်မိတာပါဗျာ..."

"ကျန်သေးတယ်"

သူမက တုံးတိတိစကားကို ဆိုသည်။

"ဗျာ... ဘာကျန်သေးလို့လဲဗျာ"

သူမက...

"ရှင်ခုနက ရှင့်ကိုယ်ရှင် ရန်ကြီးအောင်လို့ ဘာလို့မပြောရတာလဲ"

မကွေးသားက သူနဲ့ သူမကို တစ်လှည့်စီကြည့်ရင်း... သူ့ကို...

"မင်းအသိ မဟုတ်ဘူးလား ရန်ကြီး"

သူ ခေါင်းခါတော့ ဟိုကောင် ခေါင်းကုတ်သည်။

"ဒါက မင်းတို့ကို ဟိုဒင်း... ဟိုဟာ အောက်မေ့လို့"

သူမက ကောင်းဘွိုင် ရုပ်ရှင်ကားထဲက သေနတ်ပစ်သလို ဒိုင်းခနဲ မျက်စောင်းထိုးတယ်။

(အင်း… ရန်သူဆိုရင်တောင် ဗုန်းခနဲလဲကျပြီး အိပ်မက်လှလှ မက်သွားနိုင်တယ်။)

သူ ပိုက်ဆံကို စားပွဲပေါ်ချကာ ရေဘူးထဲကရေကို အပြတ်ရှင်းသည်။ ပြီးတော့…

"ငါက… ငါ့နာမည် ငါ ရန်ကြီးအောင်လို့ အလကားနေရင်း လူတိုင်းကို လိုက်ပြောနေရမှာလား"

အဲဒီလိုပြောပြီး သူ လှည့်ထွက်ခဲ့သည်။

နောက်ကျောမှ တောက်ခတ်သံက သေနတ်မောင်း ဖြုတ်သလိုပါပဲ။ သူနဲ့ မကွေးသား ရယ်မောရင်း လျှောက်လာခဲ့ကြသည်။ အဲသည်တုန်းကတော့ ရယ်မောမိတာပေါ့…။

ရှုပ်ထွေးနေတဲ့ ကျောင်းသားရေးရာ စကြိတစ်လျှောက်မှ အတင်းတိုးထွက် ဖြတ်ကျော်လာကတည်းက အဖြူရောင်အင်္ကျီရဲ့ ကျောပြင်နဲ့ ရင်သားတစ်ပိုက် ရေစိုစွန်းထားမိသလို ရွှဲနစ်နေခဲ့ပြီး ကျောင်းသားရေးရာနဲ့ ကားဝန်းထဲက (ကင်တင်း)ဟာ နီးတယ်လို့တော့ မဆိုနိုင်။ သိပ်အဝေးကြီးလည်း မဟုတ်ခဲ့… သို့ပေမယ့် နွေနေ့လယ် (၁)နာရီဆိုသော အချိန်ကာလအတွင်းမှာတော့ ဒဂုံတက္ကသိုလ်ရဲ့ နေမင်းကို ကျော်လွှားပြီး အေးအေးသက်သာ သွားဖို့ဆိုတာ စဉ်းစားရင်းနဲ့ မောချင်လှပြီ… ဒါကြောင့် သူ သမားရိုးကျလမ်းအတိုင်း မသွားတော့ဘဲ စာသင်ဆောင် ကော်ရစ်တာ စကြိလမ်းအတိုင်းမှ ခွဲထွက်ကာ သစ်ပင်အုပ်တွေကြားမှ ဖြတ်လျှောက်လာခဲ့သည်။ နေမင်းရဲ့အပူရှိန်၊ ဝမ်းဗိုက်ထဲက အသံမြည်အောင် ဆာလောင်မှုကြောင့် အင်အားနွမ်းချိနေသလို ဒေါသက ပိုင်းရပ်(စ်)တစ်မျိုးလို ပျံ့နှံ့နေရပြီ။ ရှေ့က အဆောင်တစ်ခုရဲ့ ကော်ရစ်တာကို ဖြတ်ကျော်ပြီးရင်တော့ ကားဝန်းကို မြင်ရပြီ။

နားထင်စပ်မှ စီးကျနေတဲ့ ချွေးစီးကြောင်းရဲ့ အရသာကို တွေ့ထိရင်း (ဘူမိ)နားက ဆိုင်တွေကိုကျော်ပြီး ကားဝန်းထဲက 'နွေး'မှာထိုင်ချင်နေတဲ့ ဟိုသကောင့်သား 'နေစိုး'ကို ပိုလို့ ဒေါသထွက်မိသည်။ ကော်ရစ်တာ ထောင့်ချိုးမကွေ့ခင် ခဏကလေးမှာ အိုက်စပ်လှတဲ့ နေအရှိန်ရယ်... 'နေစိုး'အပေါ်ထားရှိတဲ့ အာဃာတတွေရယ်ဟာ ပါးစပ်က ခုန်ထွက်လွတ်ကျ သွားခဲ့တယ်။

"တောက်... ဘယ်နေ့မှ ကောင်းကျိုးမပေးဘူး"

လွတ်ထွက်သွားတဲ့ စကားသံကြောင့် ကော်ရစ်တာ ထောင့်ချိုးမှ ရုတ်တရက်ထွက်လာတဲ့ ကောင်မလေး သုံးယောက်ဆီမှ အာမေဋိတ်သံ ထွက်လာတယ်။ သူ ဂရုမစိုက်အားပါ။ ဒီအချိန် ကာလမှာ သူသိနေတာက သူ့ဗိုက်ထဲ အစာတစ်ခုခုထည့်ဖို့... ပြီးတော့ အပူရှိန် သက်သာချင်သည့် ဆန္ဒ...။

သို့ပေမယ့် နောက်က ခြေလှမ်းစိပ်စိပ် ဖြတ်လျှောက်လာတဲ့ ခြေသံ တွေရယ်၊ လွယ်အိတ်နောက်ကြိုး တင်းသွားတဲ့ အထိအတွေ့ကြောင့် သူ နောက်ကိုကြည့်မိကာ စိတ်တိုသံနဲ့...

"ဘာလဲ"

စိတ်မရှည်မှုနဲ့ စောင့်အောင့်အောင့် အသံကြောင့် သူ တန်ပြန် ရရှိတာက မီးဝင်းဝင်းတောက် မျက်လုံးတွေ။ ဒီကြားထဲ သူမ မျက်ဝန်းရဲ့ လှပမှုကို သတိထားမိသည်။ ကြည့်ရင်း ကြည့်ရင်းနဲ့မှ ဩော်... ဟိုနေ့က စားသောက်ဆိုင်မှာ တွေ့ခဲ့ရတဲ့ ကောင်မလေးနှစ်ယောက်ပဲ။ သူမတို့ကလည်း မှတ်မိပုံရသည်။ နှုတ်ခမ်းဖျားဆီက အသံတစ်သံ ထွက်ကျလာတယ်။

"ဩော်..."

"ဘာအော်ချင်လို့လဲ"

သူ့စကားကြောင့် အတွန့်ချိုး မျက်ခုံးတွေနဲ့ လူစင်စစ်ကနေ မြွေ တစ်ကောင်ရဲ့ မျက်ဝန်းအဖြစ် ပြောင်းလဲသွားတယ်။

"ရှင် ခုနက ဘယ်သူ့ကိုပြောတာလဲ"

"ဘယ်လို"

အသားလွတ် ရန်လိုမှုကြောင့် ဆာလောင်မှုတွေအစား အံ့ဩမှုတွေ တစ်မဟုတ်ချင်းဝင်လာတယ်။ သူမဟာ ဇာတ်လမ်းဆင် ဝင်ရောရအောင်လည်း သူက ဒီကျောင်းမှာ မော်ဒယ်ဘွိုင်းတွေလို အောင်မြင် ကျော်ကြားနေသူလည်း မဟုတ်။ အတည် ပေါက်ကွဲနေတဲ့ သူမဒေါသဟာ အစစ်တော့ ဖြစ်နိုင်သည်။ သူမ ဘေးက အဖော်ကတော့ စိတ်ရှုပ်နေသလိုလို။ သူမ ကိုပဲ ဝင်ဆွဲရမလို အိုးတို့အမ်းတမ်းဖြစ်နေသည်။ သူ မပီမသ ရေရွတ်တော့ သူမက...

"ရှင် မမိုက်ရိုင်းနဲ့နော်"

"ဟာ... ခင်ဗျားက ကျွန်တော့်ကို အသားလွတ် မိုက်တိုက်စန် ဖြစ်နေတယ်၊ ဘာလဲ... နားရွက် ဖက်ကိုက်မလို့လား"

"အောင်မယ်... နားရွက် ဖက်ကိုက်ရအောင် ရှင့်ပုံကိုလည်း ပြန်ကြည့်ပါဦး"

"ဘာလဲ...မင်းရည်းစားနဲ့ တူနေလို့လား... ဆောရီးကွာ... ငါ့အမေက ရည်းစား မထားရသေးဘူးတဲ့"

"ရှင် ပြောလေ ကဲလေပါလား။ ရုပ်ကိုကြည့်တော့ ဖားဂုံ ညင်းရုပ်နဲ့"

"ရုပ်တွေ နာမ်တွေ လာခွဲမနေနဲ့... မင်းရုပ်ကို ပြန်ကြည့်ပါဦး... မယ်ကုဝဏ် မျက်နှာနဲ့"

"အေး... နင့်ရုပ်ကမှ ငှက်ကြီးဝန်ပိုရုပ်"

"ဟော့... မင်းရည်းစားတွေကို သိပ်စွဲလမ်းမနေနဲ့၊ အဲဒါကြောင့် ဗေဒင်ဆရာ ဟောထားတာ၊ မိန်းမ အနှောင့်အယှက် ဝင်မယ်တဲ့"

"တောက်"

မိန်းမတန်မယ့် ပြင်းပြင်းထန်ထန် တောက်တစ်ချက် ခေါက်လိုက်တာကြောင့် ကျွန်တော် ပြုံးမိတယ်။ အကျီလက်ဖျားတွေကို ပင့်တင်ရင်း မျက်လုံးကြီးပြူးပြီး အလှမပျက် ဒေါသ ထွက်နေတဲ့ ထိုကောင်မလေးကို ကြည့်ပြီး ပြင်းထန်တဲ့စိတ်ထားတွေက တဖြည်းဖြည်းချင်း နူးညံ့လာတယ်။ လိမ္မော်ရောင် ဝတ်ဆင်ထားတဲ့ သူမဘေးက တစ်ယောက်နဲ့ နောက်ထပ် အပြာရောင် ကောင်မလေးတစ်ဦးက သူမကို တစ်ဖက်တစ်ချက် ဝင်ထိန်းသည်။

လီမွှော်ရောင် ကောင်မလေးက...

"လာပါ နေနေရာ... တော်ပါတော့၊ ရှင်ကလည်း မိန်းမတွေနဲ့ ဖက်ပြီး ရန်ဖြစ်နေရသေးတယ်"

"ဖက်တော့ မဖြစ်ပါရစေနဲ့ဗျာ... တော်ကြာ လူမြင်မကောင်းဘူး"

"တိရစ္ဆာန်ကောင်"

"ဘီလူးမ"

သူ လှည့်ထွက်ခါနီးမှ ပြန်ပက်ခဲ့တာကြောင့် သူမ ဆွေ့ဆွေ့ခုန် ကျန်ရစ်ခဲ့မှာ သေချာပါသည်။ သူ့လမ်း သူလျှောက်ရင်း သူမနဲ့ဖြစ်ခဲ့သမျှ ခံယူချက်တွေ ကွဲပြားလာခဲ့တယ်။ ခုန ဆာလောင်မှုရယ်၊ နေပူဒဏ်ရယ်၊ နေစိုးတို့အပေါ် ဒေါသတွေရယ်ဟာ ရင်ထဲမှာ အစအန ပျောက်နေရပြီ။

"နေနေ..."

အသိစိတ်ကို မထိန်းချုပ်ခင် လွှတ်ခနဲ တိုးတိုးလေး ထွက်သွားတဲ့ ကိုယ့်နှုတ်ခမ်းကို ယောင်ယမ်းပြီး စမ်းကြည့်မိသည်။

သာယာအေးမြတဲ့ ကောင်းကင်ဥယျာဉ်က ကောင်မလေးရေ... ရင်ခုန်သံကို စတင်တီထွင်ခဲ့တဲ့ မင်းမျက်ဝန်းရဲ့ဆုံတွေ့မှုဟာ ဒေဝဥယျာဉ် ကိုများ ဖန်တီးခဲ့လေရော့လား...။

မင်းနဲ့ငါ ဆုံတွေ့ခြင်းမျဉ်းပြိုင်မှာ ပန်းပကွဲလက်တို့လို မျက်ရည်စိုစရာ အချစ်ဟာ ရင်မောစရာပါ နေနေ... ပူလောင် ကျွမ်းမြိုက်တဲ့ နွေရာသီမှာ ကော့ပျံကြွပ်ခြောက်လို့ သစ်ရွက်တွေ အလွယ်တကူ ကြွေရရှာတယ်... နွေရဲ့ရွက်ကြွေနဲ့အတူ အချစ်ဆိုတာ ငါ့ဆီလွင့်မျောရောက်ရှိလာတယ်... တမ်းတခြင်း ဆိုတဲ့ ရေကြည်တစ်ပေါက်နဲ့ ငါ့ရင် စိုပြည်လာအောင်တော့ ကြိုးစားနေကြည့်ခွင့်ကို ပိုလိုချင်လာတယ်။ ဘယ်သူ့မှာ အပြစ်ရှိသလဲ နေနေ... ။

လက်ကျန်ထမင်းလုပ်ကို အပြတ်ရှင်းရင်း ရေခဲရေတစ်ခွက် မော့ချလိုက်သည်။ ဟိုကောင်တွေကတော့ ဖြစ်ပျက်တဲ့အကြောင်းကို သဘောကျလို့ မဆုံးနိုင်။ ရယ်မောသံတွေကြောင့် ဘေးဝိုင်းကတောင် လှည့်ကြည့်ပါသည်။ ခင်ဝေနဲ့ မေမိုးကတော့ လက်ကိုင်ပဝါနဲ့ ပါးစပ်ပိတ်ရင်း ကျိတ်ရယ်ရှာပါသည်။ အဆိုးဆုံးကတော့ ဖက်တီး... သူ့အသံ ညြညြကြီးကတော့ နားမခံသာစရာ။

သူ ထိုင်ရာမှထရင်း ဆိုင်နံရံမှာချိတ်ဆွဲထားတဲ့ ဂစ်တာကို ဖြုတ်ယူလာ၏။ သူ ထိုင်ထိုင်ချင်း မေမိုးက...

"ဟဲ့... ဘယ်က နေနေလဲ"

"ဗာ... ငါဘယ်သိပါ့မလဲ၊ စကားများပါတယ်ဆိုမှ ဘယ်မေဂျာက ပါလဲလို့ မေးရမလား"

စားပွဲပေါ်က တူနှစ်ချောင်းကို ဒရမ်တုတ်လို လက်ညှိုးနဲ့ လက်ချောင်းကြားမှာ လှည့်ကစားလိုက်၊ စားပွဲဘောင်ကို စည်းချက်တီးလိုက် ဆော့ကစားနေတဲ့ အေးမင်းနိုင်လို့ လူသိမများတဲ့ အများသိတဲ့ ဖက်တီးက...

"ငါသိတဲ့ နေနေ သုံးယောက်ရှိတယ်၊ အီးမေဂျာက အသားဖြူဖြူ အမရပူရ ဒီဖိုင်းနဲ့ မဟာဆန်ဆန်လေးလေ... အမြဲတမ်း ဆံထုံးလေး ထုံးတတ်တယ်... နေနေစိုးညွန့်တဲ့"

ဂစ်တာကို ခပ်ကြမ်းကြမ်း ဆွဲချရင်း ခေါင်းခါပြလိုက်သည်။

"တခြားစီပဲ... ဒီကောင်မလေးက ဆံပင် ပခုံးမထိတထိ လောက် ပျော့ပျော့စင်းစင်းလေး... မျက်လုံး အရမ်းလှတယ်၊ ပြီးတော့ မျက်စိ အညိုရောင် သန်းချင်တယ်... အထူးခြားဆုံးက နှုတ်ခမ်းပါးပါးလေး တွေက အမြဲတမ်း တင်းတင်းစေ့တတ်တယ်"

ခင်ဝေက မျက်ခုံးပင့်မိရင်း ရယ်ချင်စိတ်နဲ့-

"မေမိုး ငါတို့အတန်းက ဆံပင်တိုတိုကလေးပုံစံလေးနဲ့ မျက်လုံး ဝိုင်းဝိုင်းကောင်မလေး"

မေမိုးက မျက်မှောင်ကုတ်ကာ နားထင်ကို လက်ညှိုးနှင့် ထောက်ရင်း...

"အင်း… ဟုတ်တယ်… နေနေဦး"

သူက မျက်နှာရှုံ့ပြတော့ ဖက်တီးက စိတ်မလျှော့သေး။

"နောက်တစ်ယောက် ထပ်ပြောမယ်၊ နေစိုး… ဖစ်ဆစ်က မင်းနဲ့ သိတဲ့ တစ်ယောက်"

"ကလန်ကလားနဲ့ သစ်ကုလားအုတ်က ဒီကောင်ပြောပုံနဲ့ တခြားစီပဲ… နှင်းနေနေအောင်"

သူက ဂစ်တာကို နံရံမှာသွားချိတ်ကာ စားပွဲဆီပြန်လာရင်း လွယ်အိတ်ကို ကောက်ယူလိုက်ပြီး အတန်းပြန်တက်လိုက်ဦးမယ် ပြောပြီး လှည့်ထွက်ခဲ့သည်။

အပေါက်ဝမှာ ညီညီနဲ့ ဆုံသေးသည်။ အမြဲတမ်း အရေးတကြီး ပျာယီးပျာယာ ပုံစံဝင်နေတဲ့ ဒီကောင်က–

"ကြေးကူဆစ်… ငါရေးခိုင်းတဲ့စာ ပြီးပြီလား"

"မင်းက တမှောင့်ကွာ"

စိတ်ရှုပ်ရှုပ်နဲ့ လှည့်ပြောက်ခဲ့တော့ ဟိုကောင် ကြောင်တောင်တောင်နှင့် ကျန်ခဲ့သည်။

သူ လှည့်ထွက်လာတော့ တစ်အုပ်စုလုံး ပိုက်ဆံ အမြန်ရှင်းကာ ဝရုန်းသုန်းကား လိုက်လာခဲ့ကြသည်။

သူ့ပုံစံကြည့်ပြီး ပဟေဠိဖြစ်ကျန်ခဲ့မှာ သူသိသည်။ ဆက်ရှင်းမပြချင်တော့… သူ့ရင်ထဲက မေးခွန်းတွေကို သူကိုယ်တိုင် ယခုအချိန် ဝေခွဲမရသေး။ ရင်မှာဖြစ်ကျန်ခဲ့တဲ့ ခံစားမှုက ဘာလဲ…

ဒါဟာ ဝေဒနာလား… ဒါမှမဟုတ် လူပြောများတဲ့ အချစ်ဆိုတာကြီးလား… အဲလောက် မြန်မြန်ဆန်ဆန်ကြီး ဝင်မလာနိုင်ပါဘူး။ သေချာတာကတော့ ဒီမေးခွန်းရဲ့အဖြေကို သေချာသွားအောင် စိစစ်ရမည်။

တော်တော်နှိပ်စက်တဲ့ ကောင်မလေးရဲ့ မျက်ဝန်းတွေကိုပဲ အပြစ်တင်ရမှာလား။

နောက်မှ အမီပြေးလိုက်လာတဲ့ ဟိုသုံးယောက်က အနား ရောက်လာတော့…

"ခွီးမှပဲ... ဘာမပြောညာမပြောနဲ့ ဂုန်းဒိုင်းကြီး ထွက်သွားရတာလဲ"

"အေးလေ... ဘာဖြစ်မှန်းမသိနဲ့"

တစ်ယောက်တစ်ပေါက် အပြစ်တင်စကားကို မှသိချင်ဟန်ဆောင်ကာ...

"မင်းတို့ ရထားတွဲတွေကော"

သူ့စကားကြောင့် ဖက်တီးက အလေသုံးဆယ်ဟန်နဲ့...

"အမလေး... ကျိန်းကျေသွားပါဦးမယ်၊ ငါ့ရထားတွဲ မဟုတ်ပါဘူး ဒီကောင်တွေ ရထားတွဲပါကွာ"

နေစိုးက ဖက်တီးနားရင်းကို ခပ်ဆတ်ဆတ်အုပ်ရင်း...

"မင်းလိုဝက်ကများ နာရတယ်ရှိသေး"

ဖက်တီးက တဟဲဟဲရယ်ရင်း ဝက်လည်း နှလုံးသားနဲ့ပါကွာလို့ နောက်နိုင်သေးတယ်။ ဖော်ဖော်က စီးကရက်တစ်လိပ်ကို မီးကူးကာ–

"ခင်ဝေနဲ့ မေမိုးက ဝိဇ္ဇာဘက် သွားစရာရှိလို့တဲ့၊ နေခဲ့တယ်"

"မင်းတို့ မလိုက်သွားဘူးလား"

"မလိုက်ချင်ပါဘူးကွာ... ဟိုရောက်ရင် သူတို့သူငယ်ချင်းတွေနဲ့ တွေ့ပြီး ငါတို့ကို သတိမရနိုင်တော့ဘူး။ ပြောလိုက်တဲ့ စကားကွာ... ငါတို့မှာက အီဗာအကြောင်းပဲ ဝင်ဆွေးနွေးရ မလိုလို... ညမွှေးပန်း အကြောင်း ပြောရမလိုလိုနဲ့ ဝေါင်တောင်တောင် ဖြစ်နေတာကွ"

နေစိုးစကားကို အားလုံးက သဘောကျ ရယ်မောကြ၏။ ရုံးရှေ့ မှတ်တိုင်နားရောက်တော့ ကျောင်းသားရေးရာဘက်ကို ဦးတည်ရင်း...

"ခင်ဝေရဲ့ ကျောင်းလခကြေး သွင်းမလို့ လိုက်ခဲ့ကြကွာ"

ဖော်ဖော့်စကားကြောင့် သူက ငြင်းပါတယ်။

"ဟာ... မလိုက်ချင်ဘူးကွာ၊ လူတွေ ပြည့်ကျပ်နေတာပဲ၊ စိတ်ရှုပ်တယ်"

ဖက်တီးကပါ လက်ခါပြတော့...

"သူငယ်ချင်း နေစိုး... မင်းကတော့ လိုက်ခဲ့ပါနော်... ရည်းစား ရှိသူချင်းဆိုတော့ ကိုယ်ချင်းစာပါကွာ"

ဇော်ဇော်က ညောင်နာနာအသံနဲ့ မျက်နှာငယ်လေး လုပ်ပြတော့ နေစိုးက ပစ်ပစ်နှစ်နှစ်ဆဲရင်း...

"အေပေး... ဒိုင်းခါနီးကျတော့ အသံကလုပ်တတ်တယ်၊ မင်းတို့ နှစ်ကောင် ဒီကစောင့်မလေ၊ သိပ်မကြာပါဘူး"

နေစိုးက သူ့ကိုမှာရင်းက ဇော်ဇော် ဆွဲခေါ်ရာနောက်ကို ပါသွားရသည်။ ကျောင်းသားရေးရာဘက်သွားတဲ့ လမ်းငယ်လေးပေါ်က အခင်း အုတ်ပေါင်ပေါ်ကို ထိုင်ချရင်း သူ့ရှေ့က အရွက်တွေ ကြဲနေတဲ့ ယူကလစ်ပင် ခြောက်ခြောက်ကြီးကို မော့ကြည့်မိသည်။

နွေတန်ခိုးကြောင့် အရွက်တွေမရှိတော့ပေမယ့် အပင်တွေ ခပ်စိပ်စိပ် စိုက်ပျိုးထားခြင်းကြောင့် နေရောင်သည် တိုက်ရိုက် မကျရှာ။

ဖက်တီးကတော့ ခပ်လှမ်းလှမ်းက စီးကရက်သည်ဆီက စီးကရက် သွားဝယ်နေ၏။

အပင်ကြီးကို မော့ကြည့်နေရာက သူ့ကိုယ်ပေါ် တစ်စုံတစ်ခုနဲ့ ထိတွေ့အပက်ခံလိုက်ရသလို ခံစားချက်ကြောင့် အင်္ကျီကို ငုံ့ကြည့်တော့ အစိမ်းရောင်မှင်တွေ စွန်းပေနေတာ တွေ့ခဲ့ရသည်။

သူ ဒေါသထောင်းခနဲထရင်း ဘေးဘီကိုငဲ့ကြည့်တော့ ခပ်လှမ်းလှမ်း ရောက်နေပြီဖြစ်သော ကောင်မလေးနှစ်ယောက်။ ကျောင်းသားရေးရာ အဝင်ဝမှာ ဝင်ရောက်ကာနီး ကောင်မလေး နှစ်ယောက်ဆီ ကြည့်နေရာမှ မျက်နှာချင်းဆိုင်လာသော ကျောင်းသားတစ်ယောက်က...

"ပုဂ္ဂိုလ်... မင်းကို မှင်နဲ့ပက်တာ အဲဒီကောင်မလေး နှစ်ယောက်ပဲ၊ ငါမြင်လိုက်တယ်... အမြန်လိုက်"

လက်မနဲ့ နောက်ပြန်ညွှန်ပြသော ကျောင်းသားကြောင့် သူ အမီ လိုက်ကာ မပြေးရုံတစ်မယ်ပါပဲ။ ဖက်တီးကလည်း အဖြစ်အပျက်အလုံးစုံကို မြင်လိုက်ရဟန်တူသည်။ သူ့နောက်က အမီလိုက်သည်။

ရှုပ်ထွေးတဲ့ ကော်ရစ်တာလူအုပ်ကြားက သူ အတင်းတိုးထွက်တော့ သူ့အင်္ကျီပေါ်က မှင်စိမ်းတွေကို ကြည့်ကာ...

"ဘာဒီဖိုင်းထွင်တာလဲ မသိဘူး"

"တစ်ခုခုတော့ တစ်ခုခုပဲ"

"ဘာလဲ..."

"မသိဘူး..."

လှောင်ရယ်သံ နောက်ပြောင်မှုစကားမှ အတင်းတိုးထွက်ရင်း စာကြည့်တိုက် လှေကားနားထိရောက်ရှိနေသော ထိုကောင်မလေးနှစ်ယောက်ထံ အမီပြေးလိုက်ရာ...

"ဟော့... ဟော့"

သူ့လှမ်းအော်သံကြောင့် လှေကားသုံးထစ်နှင်းပြီးစ ကောင်မလေးနှစ်ယောက်က သမင်လည်ပြန် ကြည့်သည်။ မျက်နှာပေါ်မှာ တည်တည်ငြိမ်ငြိမ်အရိပ် တွေ့နေရပေမယ့် တစ်ခုခုကို ဖုံးကွယ်ထားတဲ့ မသက်မသာစရာ အရိပ်တွေ လျှံထွက်နေခဲ့တာ သတိပြုမိခဲ့သည်။

ပြီးတော့ တစ်ယောက်ကို တစ်ယောက် မေးဆတ်ပြရင်း အနက်ရောင်ကောင်မလေးက အနီရောင် ကောင်မလေးထံ မသိဘူး ဆိုတဲ့သဘောနဲ့ လက်ခါပြသည်။

အပေါ်စီးကနေ ထိမထင်ဟန်မျက်နှာနဲ့ အနီရောင် ကောင်မလေးထံကို စူးစူးစိုက်စိုက်ကြည့်မိရင်း ကျွန်တော်နှင့် ပဋိပက္ခဖြစ်တဲ့ ကောင်မလေးမှန်း မှတ်မိခဲ့ရသည်။

ဒါဆို သူ ရိုးရိုးလေး လုပ်ကြွခံလိုက်ရတာပေါ့။ သူ... အခုမှ သဘောပေါက်မိတာကြောင့်...

"ဩော်..."

သူမက အံ့အားသင့်စကားကို...

"ဘာအော်မလို့လဲ"

မထိမဲ့မြင် စကားကြောင့် သူ အခံရခက်သွားတာတော့ အမှန်ပါ။ ဒါကြောင့် ပထမလှေကားကို လှမ်းတက်တော့ ဖက်တီးက 'ဟော့ကောင်' လို့ သတိပေးပါတယ်။ သူ့မျက်နှာပေါ်က အခံရခက်မှုကို သူမတို့က သဘောကျ ကျေနပ်မိပုံရပါရဲ့...။ လူတစ်ဖက်သား အခံရခက်နိုင်တဲ့အပြုံးကို သူမတို့ မျက်နှာပေါ်မှာ တပ်ဆင်ရင်း ရယ်ချင်ဟန်လိုလို သရော်သလိုလိုနဲ့လေး

"မင်း... ဘာအချိုး ချိုးတာလဲ"

"အချိုး ချိုးရအောင် ကျွန်မက ဖဲသမားမှ မဟုတ်တာ"

"တောက်... မင်းကွာ..."

သူတို့နဲ့ကျွန်တော် လေ့ကားအစပ်က ပင့်ပကျွကို တက်မည့်သူ ဆင်းမည့်သူတွေက စိတ်ဝင်စားစရာ ဇာတ်လမ်းတစ်ပုဒ်ပမာ စောင့်ကြည့်နေကြ၏။ ဖက်တီးနဲ့ သူမရဲ့ အနက်ရောင် အဖော်ကတော့ ပွဲကြည့်ပရိသတ်ပမာ...။

"နေပါဦး... ရှင်က ကျွန်မကို အသားလွတ်ကြီး ရန်တွေ့ရအောင် ရှင် တမင်တကာ ဇာတ်လမ်းဆင်နေတာတော့ မဟုတ်ပါဘူးနော်"

သူမစကားကြောင့် ဘေးကလူတချို့ ပြုံးစိစိ ဖြစ်ကုန်ကြသည်။ ကျွန်တော့်မျက်နှာပေါ်မှာ သူမ စကားကြောင့် အထိနာ ရှက်စိတ်တွေ ဖိတ်စင်ပေကျံနေခဲ့သည်။ ပြီးတော့လည်း ကိုယ်ပြောဖူးတဲ့စကားနဲ့ ကိုယ့်ကို အသုံးချလိုက်မှန်းလည်း သိတော့ ပိုဆိုးပါသည်။

"မင်း... မိန်းကလေးဖြစ်နေတာ ကံကောင်းတယ် မှတ်ပါ"

သူမက ဟန်ပါပါ ပခုံးတွန့်ရင်း...

"မိန်းကလေး တစ်ယောက်ကို ယောကျ်ား တစ်ယောက်က သတ္တိတွေပြ စွပ်စွဲကြိမ်းနေတာ ကြောက်စရာကြီးပါလား"

ပိပိရိရိ လိမ်ညာနေတဲ့ ထိုမိန်းကလေးကို သူ စိတ်မရှည်ချင်တော့။ သူ့အင်္ကျီကို ပုတ်ပြရင်း...

"ဒီမှာလေ... မင်း မှင်နဲ့ပက်..."

ကျွန်တော့်စကားတွေ တစ်ပိုင်းတစ်စ ပြတ်တောက်သွားတယ်။ ခုန အင်္ကျီပေါ်က သေသေသပ်သပ် ပိပိရိရိ စွန်းပေနေတဲ့ အစိမ်းရောင်မှင်တွေ ဘယ်ရောက်သွားတာလဲ။ အင်္ကျီကို လှည့်ပတ် ရှာကြည့်တော့ သူမရဲ့ ရယ်သံတိုးတိုးက နားမခံချင်စရာ သက်သက်။ ဖက်တီးကပါ အင်္ကျီတို့ ကျောတွေ ရင်တွေ လှည့်ပတ်ရှာရင်းကနေ...

"ဟော့ကောင်... ခုနက မှင်စက်တွေကော"

"ဟာ... ငါ ဘယ်သိပါ့မလဲ"

စဉ်းစားမရအောင် လုပ်ကြံ လိမ်ညာခံလိုက်ရတာ သူသိသည်။ ဒါပေမယ့် နှုတ်ကို ပိတ်ဆို့စေလောက်အောင် သူမရဲ့ လှည့်ကွက်ထဲမှာ ကျွန်တော် အသားကျသွားခဲ့ပြီလေ... ဘယ်ရောက်သွားတာလဲ... ပျောက် ခြင်းမလှ ပျောက်ဆုံးသွားခဲ့သော အစိမ်းရောင်မှင်စိုတို့ကို အပြစ်ဖို့ရမလား... ခေါင်းထဲမှာ စဉ်းစားမရခြင်းက တဝဲဝဲလည်နေသည်။ ဘာကြောင့်လဲ... ဘယ်ပျောက်သွားတာလဲ... သူမရဲ့ဦးဆောင်ရယ်သံနှင့်အတူ သူမ မျက်ဝန်း က လိမ်ညာလှည့်ဖျားမှုကိုပါ သူတွေ့ရသည်။ ရယ်သံပါးပါးတွေ။

"တော်တော် ကလိမ်ကကျစ်နိုင်တဲ့ မိန်းမ"

"တောက်"

ထိုဟာမလေးကပဲ သူ့ကို ဆက်ပြောပြန်သည်။

"ရှင်... ဒီလို နောက်တစ်ခါ စွပ်စွပ်စွဲစွဲ ပြောမယ်ဆိုရင်တော့ မော်ကွန်းထိန်းဆီမှာ လက်မှတ်ထိုးရလိမ့်မယ်"

အပိုင်ချုပ်ပြီး တုပ်ပြီးသား ရယ်သံတွေနဲ့ အပေါ်ထပ် လှေကား အချိုးမှ ပျောက်ကွယ်သည်အထိ သူ မော့ကြည့်နေမိသည်။ လှေကား တစ်ခုဟာ အတက်အဆင်း လှုပ်ရှားမှုနဲ့ ပြန်အသက်ဝင်လာတယ်။ မျက်ဝန်း ထဲမှာ သံသယနဲ့ ဇာတ်လမ်းရှာတာပဲလို့ အသံမဲ့စကားတွေနဲ့ ကျွန်တော့်ကို ကြည့်သွားကြတယ်။ မကျေနပ်ချက်နဲ့ အင်္ကျီကို ချွတ်ပြီး ဆုတ်ဖြဲပစ်ရ မလား။

"ဘယ်လိုဖြစ်သွားတာလဲ"

ဖက်တီးကိုယ်တိုင်က မယုံနိုင်စရာလိုလို အသံထွက် သက်သေပြ သည်။ အခန်းထဲရောက်လို့ ကျန်နှစ်ကောင်ကို ပြောပြတော့ ရယ်လို့မဆုံး။ ဖက်တီးကတော့ တစ္ဆေအခြောက်ခံရတာချည်း ဖွတ်ပြောနေသည်။ နေစိုးက ဘောပင်ကို လက်ညှိုးကြားမှာ ဆော့ကစားနေရင်းက တွေးတွေးဆဆ ပြောပါသည်။

"နေဦး... ရန်ကြီး... ငါ့ညီဝမ်းကွဲ တစ်ယောက် ပြောဖူးတယ်၊ သင်္ချာကဆင်းလာတဲ့ သူ့ဘော်ဒါတစ်ယောက်ဆီမှာ ဒါမျိုးဘောပင် တစ်ချောင်း တွေ့ဖူးတယ်တဲ့၊ အဲဒါကို (Magic Pen) လို့ ခေါ်တယ်တဲ့"

"မချစ်ပဲနဲ့... ဟုတ်လား"

သူ မျက်မှောင်ကုတ်သွားအောင် အံ့ဩတကြီး မေးမိသည်။

"အင်း... အမှန်က မျက်လှည့်ပညာရှင်တွေသုံးတဲ့ ပစ္စည်းတစ်မျိုးပေါ့ကွာ၊ ဆေးရည်က ဓာတုဗေဒ ပစ္စည်းတစ်မျိုးနဲ့ ဖော်စပ်ထားတာလေ၊ အပက်ခံရပြီး စွန်းထင်းပြီးနောက် မိနစ်ပိုင်းအကြာမှာ အပြင်လေထုရဲ့ အထိအတွေ့ကြောင့် ပြန်လည်ပျောက်ကွယ်သွားတာလို့ ကြားဖူးတယ်"

သူ နှုတ်ခမ်းတွန့်အောင်ပြုံးရင်း...

"ကလိမ်ကကျစ်မ"

သူ့နှုတ်က တိုးတိုးရေရွတ်ရင်း သူမမျက်နှာလေးကို အတွေးမှာ ပုံဖော်ကြည့်မိတော့ ရင်ထဲမှာ ငြိမ့်ခနဲဖြစ်မိ၏။ ဖျတ်ခနဲ ဝင်ရောက်လာတဲ့ သတိရခြင်းတွေ သူမက ဘယ်နုတ်ဆိုးတွေရဲ့ လှည့်ဖျားခြင်းသက်သက်နဲ့ အတုအယောင် ဖန်ဆင်းပေးလိုက်တဲ့ မာယာရဲ့ လက်တစ်ဖက်လား... အသည်းကြေမွမယ်ဆိုရင် ကြေမွပါစေတော့...။

ဖက်တီးကတော့...

"ပြောသာ ပြောရတယ်... တော်တော် ချစ်စရာကောင်းတဲ့ ကောင်မလေး"

"ဘယ်ကမှန်းမသိတာတော့ ခက်တယ်နော်... ဖက်တီး"

"အင်း..."

သူမအကြောင်း တွေးမိရင်း မလှုပ်ရှားချင်သလိုလို စိတ်ကို နုံးချိသွားရသည်။

ဖော်ဖော်ကတော့ အားမလိုအားမရနဲ့ "နာတယ်ကွာ" ပြောတော့ နေစိုးက "ခြေထောက် မနင်းမိပါဘူး"ဟု နောက်နေသေးသည်။ သူ ပြတင်းပေါက်မှမြင်နေရတဲ့ ကျောင်းသားတွေကို ငေးမိရင်း...

"ဒဂုံတက္ကသိုလ်ဆိုတာ တကယ်တော့ ကျဉ်းကျဉ်းလေးပါကွာ"

သူ့စကားကြောင့် သုံးယောက်သား ကင်းထောက်စစ်သားတွေလို... အဓိပ္ပာယ်ပါတဲ့ မျက်လုံးတွေနဲ့ တစ်ယောက်ကို တစ်ယောက် ကြည့်နေကြသည်။ မထင်မှတ်ဘဲ ဖုန်းခနဲထရပ်တော့ သူ အလန့်တကြား ဖြစ်သွားသည်။

"ဘာဖြစ်တာလဲ"

ဖော်ဖော်က သတိအနေအထားနဲ့ ရှေ့ကို တည့်တည့်ကြည့်ရင်း...

"နယ်မြေစစ်ဆင်ရေး စမယ်"

သူက ဇဝေဇဝါနဲ့ အားလုံးကိုခြုံကြည့်သည်။ ပြီးတော့ ဘာစစ်ဆင်ရေးလဲ မေးတော့ နေစိုးက...

"ရန်ကြီးအောင် စစ်ဆင်ရေးပါ... တစ်နည်းအားဖြင့် 'Magic girl'လို့လဲ ခေါ်ပါတယ်၊ အခုပဲ တစ်ကျောင်းလုံးကို ပိုက်စိပ်တိုက်ရှာကြမယ်၊ အားလုံးအသင့်..."

သူ ရယ်မောရင်း ထရပ်သည်။ ထိုနေ့တစ်နေ့လုံး မောပန်းသွားသည်။ ကားဝန်း၊ လူစည်ကားရာကင်တင်း၊ ကျောင်းကား ပေါ်၊ ရုံးရှေ့မှတ်စိုင်၊ ဘွဲ့နှင်းသဘင်ရှေ့၊ ခြေရာတွေသာ ဆက်စပ်ကြည့်ရင် မြေပုံတစ်ချပ်ပေါ်မှာ ရှုပ်ထွေးနေမှာ ကျိန်းသေပါသည်။

ဒီလိုတွေနဲ့... စက္ကန့်နဲ့ နေ့ရက်တွေ ဝါးမျိုရာမှာ နှလုံးသားကို မျှော်ထိုးပေးရင်း မေ့နိုင်ခြင်းကို ဖန်တီးခဲ့သည်။ ပုံသဏ္ဌာန် တူသူ တစ်ယောက်ကို တွေ့လျှင် အခုန်မြန်ချင်တဲ့ နှလုံးသားကို ငုံ့ကြည့်မိတာတော့ ရှိခဲ့မိတာပေါ့...။


အိပ်မက်တွေကို ဆက်သွယ်ပေးထားချင်ပေမယ့်
သံယောဇဉ်ကြိုးတန်းက တိုလွန်းပါတယ်လေ...။
အချစ်ရယ်...
လွယ်မယ်ဆိုရင် နှလုံးသားနှစ်ခု
တစ်ခုတည်းဖြစ်အောင် ကပ်ချည်ထားချင်ရဲ့...။
Y.K

တတိယမြောက် ပုံပြင်အတွက် တွေ့ဆုံမှုဟာ ကျောင်းဝန်းထဲမှာတော့ မဟုတ်ခဲ့...။ တခြားမေဂျာက သူငယ်ချင်းအုပ်စု တို့အိမ်အသွား... သူ့အမေက...

"သား... မြို့ထဲသွားတယ်"

ဆိုတာကြောင့် ဒီကောင်တွေလမ်းထိပ်က ကိုဝေလွင်တို့ "ရင်ဝေ"မှာ စောင့်နေမယ်လို့ မှာခဲ့ရတယ်။ ကားလမ်းမဖြစ်ပေမယ့် လုံးချင်းအိမ်ရာတွေနဲ့ သီးသန့်ဆန်သော လူနေမှုရပ်ကွက် ဖြစ်နေတာကြောင့် လူသံ တိတ်ဆိတ်နေခဲ့တယ်။

မိုးရွာပြီးစ ညနေစောင်းရဲ့ နေခြည်အောက်မှာ "ရင်ဝေ"သို့ သွားရာလမ်းဟာ ပန်းမယ်ဇလီသစ်ရိပ်တွေနဲ့ အုပ်မှိုင်း သိုဝှက်စွာလှနေ၏။ လူသံ တိတ်ဆိတ်မှုနဲ့ အခင်းအကျင်း သပ်ရပ်လှတဲ့ တစ်ခြမ်းပဲ့ ပလက်ဖောင်းပေါင်ပေါ်မှာ အိပ်မက်ရဲ့ချည်ခင်စလို သူမ ခပ်ဝါးဝါးလေး လွင့်နေပါတယ်။

နေညိုချိန်ဟာ ညအတွက် သူ့အလင်းကို လမင်းကို လွှဲအပ်ထားချင်ပုံနဲ့ နေလုံးနီနီဟာ လမ်းကလေးရဲ့အဆုံး အဝေးက တိုက်မည်းမည်းကြီးတွေအောက်ကို အရက်သမားတစ်ယောက်လို ခေါင်းငိုက်စိုက်ကျချိန်မှာ ချစ်သူကို ခွေးလှလှလေးတစ်ကောင်နဲ့ ပလက်ဖောင်းပေါ်မှာ သနပ်ခါးရနံ့တွေ သုတ်လွင့်ရင်း အမှတ်မထင် ပြန်လည်တွေ့ရှိခဲ့ရသည်။

အမွှေးစုတ်ဖွား ခွေးလှလှလေး တစ်ကောင်နဲ့ အိမ်နေရင်းဝတ်စုံကို ဝတ်ဆင်ပြီး ကြည်ကြည်လင်လင်လေး လှနေခဲ့တယ်။

ခပ်လှမ်းလှမ်းမှာ မြင်တွေ့နေရတဲ့ "ရင်ဝေ"ကိုရောက်ဖို့ သူမရှေ့က ဖြတ်ကျော်ရပါမယ်။ သံကြိုးရဲ့အဆုံးမှာ ချည်နှောင်ထားတဲ့ ခွေးကလေးဟာ ကျွန်တော်နဲ့နီးလာတော့ ရန်းချင်အားကြောင့် သူမက အတင်းဆွဲထားဟန် တူသည်။

နီးကပ်လာတော့ မျက်ဝန်းချင်းအဆုံမှာ သူမ မှတ်မိဟန်နဲ့ ပါးစပ်ကလေး ဝိုင်းဟသွားတယ်။ သူမ ချက်ချင်းပြန်တည်တာ ဂရုမစိုက်သလို တစ်ဖက်ကို လှည့်ငေးကြည့်နေသည်။

သို့ပေမယ့်... အလိုက်မသိတဲ့ သူမရဲ့ခွေးပုကလေးက ကျွန်တော့်ရဲ့ ခြေဖျားကို လာနမ်းပြီး ပိတ်ရပ်ထားတယ်။ (ကျွန်တော် ဣန္ဒြေ ပျက်စေလောက်အောင်ပေါ့...) ဒါကို သူ့သခင်မ မြင်သွားပုံရသည်။

"ရှိနယ်လ်ဒီ... လာလာ... လာဆို..."

ခွေးကလေးရဲ့အမည်ကို ခေါ်သံကြောင့် ကျွန်တော် မျက်ခုံးတွန့်မိရင်း သူမမျက်ဝန်းကို လှမ်းကြည့်မိသည်။ သူမက တန်ပြန် ကြည့်သောအခါ ရှုံးတိုးရှုံ့တန့် ဖြစ်မသွား။ ရှိနယ်လ်ဒီလို ရှေ့သွား ခပ်ကြီးကြီးလည်းမရှိ။ ဘောကန်ဖိနပ်ကောင်းကောင်းလည်း ရှိဟန်မတူသော သူမရဲ့ခွေးပုလေးသည် သခင့်စကားကို လိုက်နာချင်ဟန်မရှိဘဲ ဖွတ်ပေကတ်ကတ် လုပ်နေသည်။ ခွေးသခင်မလေးက ဒေါပစ်ဘက်ခမ်းလို ရှုံ့ပေးကောင်းပါသည်။ ကျွန်တော် ခွေးလေးကို ပြုံးစေ့စေ့ကြည့်ပြီး...

"ဟော့... ခွေးလေး... မင်း ညှောင်းနေတာလား။ လက်ဖက်ရည် လိုက်သောက်ပါလား... ငါ တိုက်ပါ့မယ်ကွ"

နွေရာသီရှုခင်းနဲ့ ဆောင်းရာသီလေပြည်လေညင်းလို သန့်စင်လှတဲ့ ခပ်လှလှကောင်မလေးက မျက်မှောင်ကြီး တွန့်ကွေးပစ်လိုက်ပြီး တောက်တစ်ချက် ခပ်ပြင်းပြင်းခေါက်လိုက်သည်။

"အဲဒီဆိုင်က ဇော်ဝင်းထွဋ်နဲ့ လေးဖြူသီချင်းခွေတွေ ဖွင့်ပါတယ်ကွ - ခွေးမလေး... အဲ... ခွေးလေးရဲ့"

ကျွန်တော့်စကားသံအောက်မှာ မိုးနှောင်းမိုးနဲ့တူတဲ့ ဒေးဗစ်ဘက်ခမ်းရဲ့ ဝေ့ဝိုက်ကန်ချက်လို မျက်ဝန်းတစ်ချက် ခပ်ပြင်းပြင်း ကြဲချလိုက်ပါရဲ့… ပြီးတော့လည်း ကမ္ဘာကျော်ထိပ်ပြောင်ကြီး (အီတလီ ဘောလုံးဒိုင်လူကြီး ကော်လီနာ)လို ပြတ်သားတဲ့ဟန်နဲ့…

"ရော်နယ်လ်ဒို… လာ သွားမယ်… နင့်ကို ကလေကချေတွေနဲ့ ပေါင်းလို့ အိမ်ရောက်မှ ဆုံးမရမယ်"

ဂိန်လို့ မအော်ရုံတစ်မယ် ကျွန်တော့်ကို အောင့်သက်သက် ဖြစ်သွားစေခဲ့သည်။ ကျွန်တော် နောက်ရက်တွေ နောက်ရက်တွေမှာ ဝေပျောက်လို့ တောနက်ထဲမှာ ယောင်လည်လည် ကျန်ရစ်ခဲ့ရတဲ့ အာဒံရဲ့ခံစားချက်ကို ပိုင်ဆိုင်ရင်းပေါ့…

ရင်ထဲကအကြောင်းတွေ ပုံပြင်တစ်ပုဒ်လိုပြောပြချင်တာ အမှန်ဆုံး ဆန္ဒပါ။ ငါချစ်တဲ့ ဝေရေ… ဥဒါန်းကျူးရင့်ချင်တဲ့ အာဒံရဲ့ ချစ်ခြင်းတွေ ဆန္ဒတစ်ခုနဲ့အတူ ထင်ထင်ရှားရှား မြင်ခွင့်ရခဲ့တဲ့ အဲဒီနေ့ကို အမြဲသတိရ နေခဲ့တယ်…

- ဇာတ်လမ်းကောင်းကောင်း... မကောင်းကောင်း
ဇာတ်လမ်းမပြောင်းချင်ဘူး...
- ရေငုံနှုတ်ပိတ် ရင်ဘတ်ခွာကက
ကြိုမသိရတဲ့ပုံပြင်...
ဘယ်သူ့ယုံယုံ... မယုံယုံ... ငါယုံတယ်။
- အကြွက်အရွှေ့မှားလို့ အစားခံရတဲ့အခါ...
နောင်တများများနဲ့ အစားခံရတဲ့နယ်ရုပ်
ငါအဟုတ်မဖြစ်ချင်ဘူး...
- ဒါဆို ......... က ဘာဖြစ်စေချင်လဲတဲ့...။

သတိရခြင်းနဲ့အတူ မေ့မရခြင်းနောက်မှာ ဒေါသကို မွေးဖွားပေးတဲ့ ချစ်ရထဲ့နတ်ဆိုးလေးကို စိတ်ဝင်စားမှုတချို့နဲ့ အတူ ထပ်မံ တွေ့ဆုံလိုက်ရတာက (ပြည့်ပြည့်)မှာပါ...

ရဝေနဲ့ နီနီစိုးက အဲဒီကိုလိုက်ခဲ့လို့မှာတော့ သူမ ကားဝန်းကို ကျော်ဖြတ်၍ ဆိုင်ထဲဝင်လိုက်သည်။ ဒဂုံတက္ကသိုလ်နဲ့ နွေရာသီနဲ့ ပူးပေါင်းကြံစည်မှုအောက်မှာ စားသောက်ဆိုင်ထဲမှ ကျောင်းသားတချို့ဟာ ချွေးသံတရွှဲရွှဲ ရှိလှတယ်။ လက်ကိုင်ပဝါလေးကို ယပ်ခတ်ရင်း ရဝေတို့ရှိရာ ရှာကြည့်တော့ ညာဘက် စားပွဲဝိုင်းတစ်ခုမှာ ရဝေက လက်လှမ်းပြသည်။ သူမက လျှောက်သွားတော့ ရဝေက ခုံလွတ်တစ်ခုကို ထိုးပေးသည်။ နီနီစိုးက ဘာမှာမလဲဆိုတော့ ကြက်ထမင်းပေါင်း မှာမယ်ဟု ပြောလိုက်သည်။ နီနီစိုးက စားပွဲထိုးလေးကို လှမ်းမှာသည်။ ပြီးတော့ ရဝေက သူမရဲ့လက်မောင်းကို အသာကုတ်ပြီး...

"ဟဲ့... နေနေ... နင့်နတ်ဆိုးလေး ဟိုဘက်ဝိုင်းမှာ"

ဟု အသာတပ်ပြောသည်။

သူမ ရဝေ့စကားကြောင့် ကိုယ်ကို ခပ်ကွယ်ကွယ်နေပြီး လှမ်းကြည့်မိသည်။ မိန်းကလေးသုံးယောက်နဲ့ ယောကျ်ားလေးတချို့သည် သူ့စကားအာရုံမှာ နစ်မြောနေကြသည်။ အစားအသောက် လှမ်းမှာသံနဲ့ အော်သံတွေကြားမှာ သူ့အသံက မသဲမကွဲ... ကျောင်းသားတချို့က ဝင်ဝင်လာပြီး

သူ့ဆီက စာရွက်တချို့ကို ယူသွားတာတွေ့ရသည်။ ပြီးတော့ 'ကြေးကူဆစ်' လို့ သူ့ကို ခေါ်တဲ့ အသံတွေ။

"ကြေးကူဆစ်ဆိုတာ သူ့ကို ခေါ်တာလား"

ရဝေက အသာခေါင်းညိတ်ပြရင်း...

"ဒီလိုဟာ...ရည်းစားစာ ရေးတာတို့ သမီးရည်းစား ကိစ္စတွေမှာ သူက အကြံဉာဏ်ပေးတဲ့နေရာမှာ ဆရာကြီးဟာ... ငါတို့အတန်းထဲက အုပ်စိုးနဲ့ သူနဲ့က တော်တော်ခင်တယ်... ကြေးကူဆစ်က တစ်ကျောင်းလုံး နိုးပါးလောက်နဲ့ကို ခင်နေတာ၊ သူ့ကိုကြည့်ရင်တော့ မထုံတတ်တေး... ဂျင်းဘောင်းဘီဝတ်ပြီး ကဝလွယ်အိတ်လေးလွယ်တာ တစ်ကျောင်းလုံးမှာ သူတစ်ယောက်ပဲရှိမယ်... နာမည်အရင်းက 'ရန်ကြီးအောင်'တဲ့၊ အမြဲတမ်း တွဲတာက ဖက်တီးလို့ခေါ်တဲ့ ခပ်ဝ,ဝ တစ်ယောက်ရယ်၊ နေစိုးဆိုတာနဲ့ ဒီပြင်မေရျာက နေစိုးရဲ့ ကောင်မလေးရယ်၊ ဖော်ဖော်ဆိုတဲ့ မျက်မှန်နဲ့ ကောင်လေးနဲ့ သူ့ကောင်မလေး... အဲ...အဲဒီကောင်မလေးနဲ့ ငါနဲ့ ရင်းနှီးတယ်... ခင်ခင်ဝေတဲ့... နောက်ပြီး သူတို့က အထက်တန်းကျောင်းသား ထဲက သူငယ်ချင်းတွေတဲ့"

နီနီစိုးက ရဝေကို နှာခေါင်းရှုံ့ကာ လက်ဖဝါးနဲ့ အသာ လှမ်းရိုက်ရင်း...

"စပ်စုမ... သူပဲ အကုန်သိနိုင်လွန်းတယ်"

"ဟီးဟီး... ဒါက ငါ့ဝါသနာတိုး... နေဦး... ထူးခြားချက်တစ်ခု ပြောရဦးမယ်"

သူမက ဘာလဲလို့ အလောတကြီးမေးတော့ ရဝေက မျက်စောင်း ထိုးရင်း ဣန္ဒြေလေး ဘာလေး ထိန်းဦးဟဲ့လို့ လှမ်းမာန်သေးတယ်။ နောက်တော့...

"ကြေးကူဆစ်လို့ခေါ်တာ ဒီလိုဟ... ဆရာမင်းသိခ်ရဲ့ ဇာတ်ကောင် ပုံပြောတဲ့ တရုတ်ဘိန်းစားကြီးလေ...သူ့လိုပဲ ရန်ကြီးအောင်က ပုံပြော သိပ်ကောင်းတယ်"

"ပုံပြောကောင်းတယ်"

သူမစကားကို သံယောင်လိုက်မိတော့…

"ပုံပြင်ရယ်လို့တော့ မဟုတ်ဘူးပေါ့ဟာ… စိတ်ဝင်စားစရာ ဇာတ်လမ်းတွေ၊ ဖြစ်ရပ်မှန်တွေ သူပြောပြရင် အားလုံးက စိတ်ဝင်စားကြရော… အဲဒါကြောင့် သူ့အနားမှာ လူအမြဲဝိုင်းနေတာ"

"အခကြေးငွေပေးရတဲ့ ကြေးစားသဘောမျိုးလား"

"အခကြေးငွေ ရယ်လို့တော့ မဟုတ်ဘူးပေါ့ဟာ… ဘယ်လိုပြောမလဲ"

"ပါးစပ်နဲ့ပြော"

နီနီစိုးရဲ့ ဝင်နှောင့်ယှက်မှုကြောင့် ရဝေက လှမ်းရိုက်၏။ ပြီးတော့ စကားကို ပြန်ဆက်သည်။

"စားစရာတစ်ခုခု မဟုတ်ရင်တောင် သူသောက်တဲ့ လက်ဖက်ရည်ဖိုးတို့ ရှင်းရတာတော့ ရှိတာပေါ့ဟာ"

သူမ နှုတ်ခမ်းကိုမဲ့ရင်း…

"ဘာထူးလဲ… အခကြေးငွေ တစ်ခုပါပဲ"

ဟု ပြောလိုက်သည်။

"အဲသည်လိုလည်း မဟုတ်ပါဘူးဟာ"

"ဒါ သူနဲ့ခင်ချင်တယ် ရဝေ"

"ဗုဒ္ဓေါ…"

"ဘယ်လို…"

နှစ်ဦးစလုံးရဲ့ တစ်ဦးစီ အာမေဋိတ်သံကြောင့် သူမ ပြုံးမိသည်။ ယောကျ်ားတစ်ယောက်ကို စိတ်ဝင်စားမိတဲ့ အပြောမျိုး သူမဆီက ပထမဆုံးကြားမိလို့ထင်ပါရဲ့။

"ဒါပေမယ့်…"

သူမရဲ့ နောက်ဆက်တွဲစကားကြောင့်…

## အခန်း [ ၃ ]

အခန်းထဲ ဝင်ဖို့အလုပ်မှာ အင်္ကျီလက်မောင်းကို ဖက်တီးကဆွဲသည်။

"ရန်ကြီး... ခဏနေဦး"

သူက ဘာလဲလို့ မေးဆတ်ပြတော့...

"ဟိုမှာ ဘယ်သူလဲကြည့်စမ်း..."

ကျွန်တော့်ရဲ့ နောက်ဘက်အခန်းကိုပြတော့ ကျွန်တော် အဝင်တံခါး ပေါက်မှ လှမ်းကြည့်မိသည်။

"ဟာ..."

စက္ကန့်ပိုင်းလောက် အရာဝတ္ထုတွေ အလင်းရောင်ပိုများ လာသလို ခံစားလိုက်ရတယ်။ အယောင်ယောင် အမှားမှားနဲ့ ရင်ဘတ်ကို ဖိမိတော့ ဖက်တီးက ဘာဖြစ်တာလဲလို့ မေးသည်။

"နှလုံးခုန် ရပ်သွားတယ်ထင်လို့..."

ကျွန်တော့်စကားကြောင့် ငပိုလို့ ပြောသည်။ သူမက သူ့ရဲ့ သူငယ်ချင်း နှစ်ယောက်နဲ့ စကားပြောရင်းမှ ကျွန်တော်နဲ့ အမှတ်တမဲ့ မျက်ဝန်းချင်းဆုံမိတော့ အံ့ဩသွားဟန် နှုတ်ခမ်းလေး ခပ်ဟဟဖြစ်သွားသည်။ ကျွန်တော်က ခါးညွှတ် အရိုအသေပေးတော့ သူမက ရယ်ချင်တဲ့စိတ်ကို ချုပ်ထိန်းထားဟန်ရှိသည်။ သူမကို ကျွန်တော် ကြာကြာကြည့်ခွင့်မရပါ။

နေစိုးရဲ့ဆွဲခေါ်ရာ နောက်ကို ကန့်လန့်ကန့်လန့်ပါသွားရင်း ကျွန်တော်တို့ရဲ့ စာသင်ခန်းထဲကို ဝင်လိုက်ရသည်။ နောက်ဆုံး နီးစပ်ရာ ခုံလွတ်မှာ ဝင်ထိုင်ရင်းက ဖက်တီးက...

"တွေ့မယ့်တွေ့တော့လည်း နီးနီးလေးပါလား ရန်ကြီးရာ၊ ငါတို့မှာဖြင့် ဟိုရှာဒီရှာရနဲ့ တစ်ကျောင်းလုံးလည်း နှံ့နေပြီ"

"အေးကွာ... ငါတို့ကလည်းငါတို့ပဲ၊ အနီးဆုံးကို သတိမထားဘဲ ဝိဇ္ဇာဘက်သွား ရှာလိုက်ရ၊ တခြားမေဂျာကိုသွားရှာနဲ့ ခေါင်းကို မူးနောက်နေတာ"

နေစိုးရဲ့စကားကို ဖော်ဖော်က ဟုတ်တယ်လို့ ဝင်ရောက် ထောက်ခံသည်။

သူ မေးစေ့ကို လက်မနဲ့ထောက်ရင်း တစ်ခုခုကို စဉ်းစားနေဟန်ပြုသည်။ ပြီးတော့မှ...

"ငါ တစ်ခု စဉ်းစားမိတယ် နေစိုး... သူတို့ကို ခင်ဝေတို့နဲ့ တွေ့ပေးပြီး ပထမဦးဆုံး ရင်းနှီးသွားအောင် ဝင်ရောခိုင်းရရင် ကောင်းမလားလို့"

သူ နေစိုးကို ကြည့်ပြီးပြောတော့ နေစိုးက စဉ်းစားသေးတယ်။

"အေး... မဆိုးဘူးကွ၊ မိန်းကလေးချင်း ဆိုတော့ ဝင်ရောရတာ မြန်တာပေါ့"

"နမပေး... ဒီကိစ္စကြတော့ အကြံဉာဏ်ကောင်း ထွက်တယ်"

ဖက်တီးက စကားနဲ့အတူ သူ့နားရင်းကို ခပ်ဆတ်ဆတ် ရိုက်ပါတယ်။ ဟိုနှစ်ကောင်က အော်ကျယ်ဟစ်ကျယ် ရယ်မော ရင်းက ဆရာဝင်လာတာကြောင့် မျက်နှာပိုး အမြန်သတ်လိုက်ကြရ၏။

ဝေဝေရ ...
မင်းဖျော်ရွှင်စေအောင် အိပ်မက်ရဲ့အရောင်နဲ့
ပန်းဥယျာဉ်တစ်ခုကို
စိတ်လိုလက်ရ တည်ဆောက်ခြယ်သပေးတယ်ဆိုရင်
ယုံမှာလားဟင် ....
အဲဒီဥယျာဉ်ကို မင်းဝင်လာခဲ့ပါ၊
မျှော်လင့်တဲ့စိတ်နဲ့ ငါထပ်ပြောမယ် ...
ဝင်လာခဲ့မယ်ဆိုရင်ပေါ့ ....

## အခန်း [ ၄ ]

သူမတို့ ခင်ဝေနဲ့အတူ တွေ့မိတဲ့အချိန်ဟာ ကျွန်တော် ဒီလောက် ခပ်မြန်မြန် အဆင်ပြေသွားမယ်လို့ မထင်မှတ်တဲ့ အချိန်မှာပါ။ 'ချမ်းမြေ့'မှာ အုပ်စိုးရယ်၊ ညီညီရယ်၊ ကျွန်တော်ရယ် စကားကောင်းနေတဲ့ အချိန်ပေါ့။ ကျွန်တော်က ဝင်ပေါက်ကို ကျောပေးထားတယ်... အုပ်စိုးက ကျွန်တော့်ကို ကျော်၍ ကြည့်ရင်း...

"ခင်ဝေ... ငါတို့ဒီမှာဟေ့"

ကျွန်တော် အုပ်စိုးစကားကြောင့် လှည့်မကြည့်မိဘဲ လက်ဖက်ရည်ကို ငုံသောက်လိုက်သည်။ ညီညီက တစ်ဖက်သို့ တိုးကပ်ပေးရင်း ဘေးက ခုံတွေကို လှမ်းယူသည်။ နောက်ကျောမှ ကျောကို လှမ်းရိုက်မှုနဲ့အတူ မေမိုးက...

"အံမယ်... ကိုယ်တော်က ဒီမှာ လာငြိမ့်နေတယ်၊ ဟိုကောင်တွေ ကော"

"မသိဘူးလေဟာ... အခန်းထဲမှာ ထင်တယ်"

"မတွေ့ပါဘူး... ရဝေတို့ လာလေ"

မကြားဘူးတဲ့ နာမည်ကြောင့် လှည့်ကြည့်မိရာ ကျွန်တော့်ရဲ့ ဝေနဲ့ မြွေဆိုးတစ်အုပ် ဖြစ်နေတယ်။ ကျွန်တော် အံ့အားသင့်သွားရင်း ငေးကြည့်

မိတော့ သူမက ရှက်ကိုးရှက်ကန်းနဲ့ ခေါင်းငုံ့ရင်း ဆံပင်တွေ သပ်ကာ အရှက်ပိုနေတာကို မြင်တွေ့မိပါသည်။

မေမိုးရဲ့ ဒုတိယအကြိမ်ခေါ်သံမှာ သူမ ဝင်ထိုင်ပါတယ်။ အစီအစဉ်မကျ သူမတို့ ဝင်ထိုင်လိုက်တာကြောင့် သူမနဲ့ကျွန်တော်က မျက်နှာချင်းဆိုင် ဖြစ်သွားခဲ့၏။ သူမက ဝင်ထိုင်ပြီးပြီးချင်း ကျွန်တော့်ကို ခပ်ရှုန်းရှုန်း မသိမသာကြည့်သည်။

အားလုံး နေသားတကျ ရှိတော့ အရပ်ပုပု မျက်နှာဝိုင်းဝိုင်းနဲ့ ကောင်မလေးကို အုပ်စိုးက...

"ရဝေ... နင်တို့က ဘယ်လိုကနေဘယ်လို ပါလာရတာလဲဟ..."

"တစ်ချိန်ပြီးလို့ ဗိုက်ဆာလို့ထွက်လာရင်း မခင်ဝေတို့နဲ့ တွေ့ပြီး ဒီကိုလိုက်လာတာ"

"နင်တို့က ခင်ဝေကို သိလို့လား"

"ကျောင်းသားရေးရာမှာ ဆုံရင်းနဲ့ မိတ်ဆွေဖြစ်ကြတာ သိပ်မကြာသေးဘူး။ 'ဒီလို တကူးတက ထွက်လာတာတော့ ပထမဦးဆုံးပဲ၊ နော်... မခင်ဝေ"

ခင်ဝေက ရယ်လို့နေပါတယ်။ အုပ်စိုးကတော့ မျက်နှာရှုံ့မဲ့ရင်း...

"နင်တို့ ဆင်နင်းခံရတာထက် ဆိုးမယ် ခင်ဝေ... တကယ့် ဂျီ–သရီး အုပ်စုမှ အပေါင်းအသင်း ဖြစ်ရတယ်လို့"

ရဝေ မဟုတ်တဲ့ ဆံပင်ရှည်ရှည်ကောင်မလေးက အုပ်စိုးကို မျက်စောင်းထိုးပြီး 'သေနာ'လို့ ရွှံ့ချသည်။ ရယ်သံတွေ ဆူညံသွားတယ်။ သူမကတော့ စကားတစ်ခွန်းမှဝင်မပြောဘဲ ရယ်မောရင်း ကျွန်တော်နဲ့ မျက်ဝန်းချင်း မကြာခဏဆုံမိသည်။ အာဃာတနဲ့ အညှိုးအတေးမပါသော မျက်ဝန်းကြည်ကြည်လေးတွေဟာ ရင်ခုံ နှစ်လိုဖွယ် ကောင်းခဲ့ပါသည်။ ရင်ထဲကို တိုးဝင် တိုက်ခိုက်မိတဲ့ ကြည်နူးခြင်းတွေကို လက်ခံသိမ်းပိုက်ရင်း ရင်းနှီးမှုရဲ့ စကားသံတွေအောက်မှာ သူမနဲ့ ကျွန်တော် တိတ်ဆိတ်မှုကိုယ်စီ။ ခင်ဝေက စတင်၍ မိတ်ဆက်ပေးသည်။

အုပ်စိုးထံ မေးငေါ့ကာ...

"သူ့ကိုတော့ အထူးတလည် မိတ်ဆက်မပေးတော့ဘူး။ အားလုံး သိပြီးသားပဲ... သူ့ဘေးက ညီညီတဲ့... အိုင်အိုကလေ၊ တချို့ကတော့ ဂေါ်မစွဲညီညီလို့ ခေါ်ကြတယ်၊ ဟိုဘက်က ရန်ကြီးအောင်ရဲ့ အမြဲတမ်း ဖောက်သည်ကြီးပေါ့"

ခင်ဝေ့ စကားအဆုံးမှာ ရယ်သံတွေကြားရသည်။ ညီညီ့မျက်နှာ ပြုံးဖြီးနေပေမယ့် စိတ်ထဲက ကျန်ဆဲနေမှာ သေချာသည်။

ဒါပေမယ့် အရှက်တော့ကွဲပါပြီလို့ ညည်းပါတယ်။ ခင်ဝေကတော့ မသိသလိုပါပဲ... ပြီးတော့ ကျွန်တော့်ဘက်လှည့် မေးဆတ်ပြရင်းက...

"သူကတော့ ရန်ကြီးအောင်တဲ့၊ ငါတို့ကတော့ ရန်ကြီးလို့ပဲ ခေါ်တယ်၊ ဘူမိကျောင်းသူဆိုရင် "ကြေးကူဆစ်"ဆိုရင် သိကြမှာပေါ့၊ ပုံပြောကောင်းတဲ့ ပုဂ္ဂိုလ်... ဆရာမင်းသိခ်ရဲ့ ဖာတ်ကောင်လေ..."

ခင်ဝေ့ စကားကြောင့် အရပ်ပုပု ကောင်မလေးက ကျွန်တော့်ရဲ့ ပဋိပက္ခမလေးကိုကြည့်ကာ ရယ်ချင်စိတ်ကို ဖုံးဖိထားပုံရတယ်။ ခင်ဝေက ဆက်ပြောပါတယ်။ ပုပုလုံးလုံး အိုမီဂါ ကောင်မလေးကို ဦးတည်လို့ပေါ့...

"သူက ရဝေတဲ့... နာမည်ရင်းက မေရဝေတဲ့၊ ရဝေလို့ ခေါ်ကြတာ များပါတယ်၊ ဟိုဘက်က ဆံပင်ရှည်ရှည်နဲ့ တစ်ယောက်က နီနီစိုးတဲ့..."

ဆံပင်ရှည်ရှည်ကောင်မလေးကို မိတ်ဆက်ပေးအပြီးမှာ ခင်ဝေက မသိချင်ယောင်ဆောင်ကာ သူမရှေ့က အအေးကို ငုံ့သောက်နေပါတယ်။ ဘယ်လိုပဲ ဟန်ဆောင် ဟန်ဆောင် သူမရဲ့ အတင်းကြီး ရယ်ချင်စိတ်ကို ဖုံးဖိထားပုံက သိပ်သိသာနေသည်။

ကျွန်တော် သူမကို မျက်နှာရိပ် မျက်နှာကဲပြတော့ အအေးသီးအောင် ရယ်ရင်း...

"ကဲ... ကဲ... နောက်ဆုံးတစ်ယောက် ကျန်နေသေးတယ်၊ ပါ မိတ်ဆက်မပေးရင် အဲဒီတစ်ယောက်မှာ တစ်ခုခု ဖြစ်သွားနိုင်ပါတယ်ရှင်"

ခင်ဝေ့စကားကြောင့် အုပ်စိုးက...

"ခင်ဝေရယ်... ငါတို့ကောင်ကြီး နင်လုပ်တာနဲ့ တစ်ခုခု ဖြစ်သွား နိုင်တယ်၊ မိတ်ဆက်ပေးလိုက်ပါဟာ"

ရည်ရွယ်ချက်ကို သိကြ၍ အားလုံးက ရယ်မောရင်း ကျွန်တော်နဲ့ သူမကို တစ်လှည့်စီကြည့်ကြတယ်။

အားလုံး သူ့ကိုကြည့် ရယ်မောကြသည်။

"နေနေညီျတဲ့... နေနေလို့ပဲ ခေါ်ကြပေါ့ဟာ... နေနေက အုပ်စိုးတို့ (.........ရိပ်မွန်)မှာပဲ နေတာလေ၊ ဇာတိက မန္တလေးက၊ ဒီမှာ သူ့အဒေါ်နဲ့ အတူတူနေတာ၊ နင် ဘာသိချင်သေးလဲ ရန်ကြီး"

ခင်ဝေရဲ့ ဦးတည် ပြောတဲ့စကားကြောင့် ကျွန်တော်က 'ဟာ... နင်ကလဲ' လို့ ပြောရင်း ရှက်ရယ်, ရယ်မိတယ်။ သူမက ဆံပင်တွေကွယ်ရင်း ပြုံးနေတာ တွေ့ရသည်။

အဲဒီလိုနဲ့...

ရင်းနှီးနှောင်တွယ်ခြင်း မြစ်ရေမှာ အတူတူ မမောတမ်း ကူးခတ်ရင်း သံယောဇဉ်မှာ အနေကြာလာတဲ့ သူမနဲ့ကျွန်တော် ၁၅၀၀ စည်းကမ်းမှာ မှတ်တမ်းမထိုးရင်နေမယ်... ချစ်တယ်ဆိုတဲ့ စကားမဆိုဘဲ တစ်ဦးရင်ခွင်ကို တစ်ဦး မြင်ခွင့်ရတယ်။

သူလာမယ့်လမ်းကို လက်ဖက်ရည်တစ်ခွက်နဲ့ မျှော်လင့် တမ်းတရတဲ့ ခံစားချက် စွဲလမ်းနှစ်သက်လာခဲ့ပြီ...

ကျောင်းဝန်းထဲမှာ အားလုံး အတူတူလျှောက်ခဲ့ရင်း နောက်ချန်နေတတ်တဲ့ သူမနဲ့ကျွန်တော်... ကျွန်တော်မရောက်ခင် ကျွန်တော့်အတွက် ကြိုတင်မှာပေးလေ့ရှိတဲ့ လက်ဖက်ရည် ကျဆိမ့်တစ်ခွက်မှာ သံယောဇဉ်ဆိုတာ ပျော်ဝင်နေလေ့ ရှိတယ်ဆိုတာ ကျွန်တော် ယုံတယ်။

အားလုံးရဲ့ဆန္ဒက သူမနဲ့ကျွန်တော် နီးစပ်ချင်တဲ့ ဆုံစည်းမှုအတွက် ကျွန်တော်နဲ့သူ့ကို သီးသန့်စနောက်တဲ့အခါ ပြုံးလို့သာ နေတတ်တဲ့ သူမရဲ့ သဘောထား ခပ်ပါးပါးလေးတွေ...

သက်ဆိုင်ရာ မေဂျာတိုင်း "ကြေးကူဆစ်ရဲ့ ခတ်ကွင်းကောင်းတဲ့ ကြိုးဝိုင်းမှာ ယှဉ်ပြိုင်ထိုးသတ်ခွင့်မရှိတဲ့ သူနဲ့သာ သက်ဆိုင်တဲ့ ပန်းကလေးဟာ နေနေညီ ဆိုတဲ့အကြောင်း" လူပြော များလာတယ်။

အုပ်စိုးတို့လမ်းထိပ်က "ရင်ဝေ"မှာ… ဒါမှမဟုတ် တက္ကသိုလ်ထဲက ပြည့်ပြည့်၊ Lucky 7၊ နွေးနွေးစည်သူ ဘူမိဗေဒ ကော်ရစ်တာ သိပ္ပံဆောင်၊ အခန်းလွတ်သီရေတာ…

နားလည်မှုခက်တဲ့ စိတ်ကောက်မှု၊ ချော့သံတွေ…

နောက် နားလည်ရခက်တဲ့ ချစ်ခြင်းမေတ္တာ…

လက်ဖက်ရည်၊ ဆီချက်၊ အဝါရောင်ဝတ်ဆံ၊ အထိမ်းအမှတ် ရေပန်း။ ကျောက်တုံး။ ပြီးတော့ သူမတို့ လမ်းထိပ်က ကိုဝေလွင်ရဲ့ 'ရင်ဝေ' လက်ဖက်ရည်ဆိုင်လေး…

'ရင်ဝေ'မှာ ချစ်ခြင်းကို စတင်မိတယ်…

အဲဒီ 'ရင်ဝေ'မှာ…



ဆုံးရှုံးမှုတွေကြောင့် —

မေတ္တာတော်မဲ့

ကြမ္မာဝင်မင်းကြီးမထိ ...

ခင်းနဲ့ ဇော်ထိရဲ့ ပုံပြင် —

ကြေကွဲခဲ့ရင် ကြေကွဲမြဲရစ်တော့ပါ။

## အခန်း [ ၅ ]

နွေရာသီရဲ့ လေပြည်ကြားမှာ တံလျှပ်အပူတွေ ပြန့်ကြဲရင်း "ရင်ဝေ..." ဟာ တိတ်တိတ်ဆိတ်ဆိတ် အသက် ဝင်နေခဲ့တယ်။ ပတ်ပတ်လည် အုံ့ဆိုင်းနေတဲ့ ပန်းမယ်ဇလီတွေ... ပြီးတော့ အများသုံးစကားနဲ့ ခေါ်ရရင် မလေးရှားပိတောက် အဲဒီအဝါရောင် ပန်းပွင့်တွေရဲ့ ဝတ်ဆံတွေ တဖွေးဖွေး ကျနေတာကြောင့် စားပွဲတွေ၊ ထိုင်ခုံတွေ၊ မြေကြီးတွေပေါ်မှာ နွေရာသီအိပ်မက်နဲ့ အဝါရောင်ရှုခင်းကို မြင်ခွင့်ရခဲ့တယ်။

ကိုဝေလွင်က ကောင်တာကနေ–

"ဇော်ဇော်တို့အတွဲ မလာဘူးလား"

လို့ မေးသည်။ ကျွန်တော်က လက်ခါပြတော့...

"ဒါဆိုရင် ရှပ်ရှင်ရုံ ရောက်နေလောက်ပြီ"

လို့ ပြောကာ ရယ်ပါသည်။ ပြီးတော့ ကျွန်တော်တို့ ဝိုင်းမှာ လာထိုင်ကာ ရေနွေး သောက်ပါတယ်။

ရဝေနဲ့ နေနေက ဘာတွေ သဘောကျနေတယ်မသိ၊ တိုးတိုး ကျိတ်ရယ်နေကြသည်။ အုပ်စိုးနဲ့ သူက ရောက်တတ်ရာရာတွေ ပြောနေပြီး နေစိုးကတော့ စာအုပ်တစ်အုပ်နဲ့ ငြိမ့်နေသည်။ အပူရှိန်ပါတဲ့ လေငွေ့အတိုက်မှာ ကိုဝေလွင်က လက်နဲ့ အသာကာပြီး...

"ရန်ကြီး... ပုံပြင်တစ်ပုဒ်လောက် ပြောပြပါလားကွာ... ဒီအချိန်ကြီးက နေရတာ ပျင်းခြောက်ခြောက်နဲ့..."

ရဝေနဲ့ နေနေက ပုံပြင်ဆိုတာနဲ့ ခေါင်းထောင်လာတယ်။ ရဝေက ကျွန်တော့်လက်မောင်းကို လက်ကိုင်ပဝါနဲ့ ရိုက်ပြီး...

"ပြောဟာ..."

ဆိုတော့... ကိုဝေလွင်က...

"ပိုင်စိုးပိုင်နင်းနဲ့... နေနေ စိတ်ဆိုးနေဦးမယ် ရဝေရေ..."

လို့ စသည်။

သူမက ခပ်ငွေ့ငွေ့ပြုံးရင်း စတော်ဘယ်ရီရောင် နှုတ်ခမ်းပါးလေးမှာ ရှက်ရယ် ရယ်သံသဲ့သဲ့ ကြားလိုက်ရသည်။ နောက်ပြီး တျွန်တော့်ကို မျက်လုံးလှန်ကြည့်ပြီး တိုးတိုးလေး မူနွဲ့နွဲ့နဲ့...

"ရန်ကြီး ပုံပြောပြ..."

ကျွန်တော် သူမကို တစိမ့်စိမ့် စိုက်ကြည့်ပြီး...

"အင်း... ပုံပြောပြရမယ်... အင်း... ဘာပုံပြင် ပြောရမလဲ ဆိုတော့..."

ကျွန်တော်က လက်ညှိုးနဲ့ နားထင်ကို အသာကုတ်ရင်းက–

"အင်း... ဟိုးရှေးရှေးတုန်းက ဗာရာဏသီပြည်မှာ ဘာမင်းကြီး အုပ်..."

"ဟာကွာ... ဟိုးရှေးရှေးတုန်းကတွေ ဘာမင်းတွေ ဘာအကြောင်းတွေ မပြောနဲ့၊ ဒီပြင်ပုံပြင် ပြောပြ"

ကလေး တစ်ယောက်လို ဂျစ်တစ်တစ် အပြောလေးကြောင့် ကျွန်တော်က–

"တကယ့်ဂျစ်တူးပဲ"

လို့ ညည်းမိတော့ သူမက–

"ဘာပြောတယ်" လို့ မေးသည်။

မျက်ခုံးပင့်မိရင်း ဘာမှမပြောပါဘူးလို့ ဖြောင်ပြင်းတော့ မျက်စောင်း ထိုးသည်။

ကျွန်တော်တို့အဖြစ်ကို အားလုံးက သဘောကျစွာ ရယ်မောနေကြသည်။

"ပြောပြဆို…"

သူမရဲ့ ခပ်စူစူနှုတ်ခမ်းပါးလေးဟာ နူးညံ့တဲ့အမိန့်တစ်ခု ယူဆောင်လာတယ်လို့ ကျွန်တော် ထင်မိသည်။ တကယ်တော့ အချစ်ဆိုတာ နှလုံးသားကို သံ့ပန်းလို စေခိုင်းနိုင်တာပဲ မဟုတ်လား…။

"ကဲကဲ… ပြောပြပါ့မယ် ဂျစ်တူးရယ်… ပုံပြင်တော့ မဟုတ်ဘူး။ ကာတွန်းရုပ်ရှင်ကားလေး တစ်ကားပေါ့၊ ဇာတ်ကားနာမည်က (Monstar Inc…) မွန်းစတားအင့်နိုက်တဲ့… ကာတွန်းကားလို့သာ ဆိုပေမယ့် ဇာတ်လမ်းက သိပ်ကောင်းတာ၊ ဒါရိုက်တာက ဒီကားထဲမှာ အတွေးအခေါ်ဆန်ဆန် အဓိပ္ပာယ်လေးတစ်ခု ဖွင့်ဆိုပြထားတယ်၊ အဲဒါ ဘာလဲဆိုတော့ ချစ်ခြင်းမေတ္တာ အကြောင်းရယ်… ပြီးတော့ (တမလွန်) သေခြင်းနဲ့ ရှင်ခြင်းဟာ တံခါးတစ်ချပ်ပဲ ခြားတယ်တဲ့… သူတို့ရဲ့တိုင်းပြည်မှာ (တစ္ဆေ) တွေနေတဲ့ အလိုအပ်ဆုံး အသက်သွေးကြောက ကလေးငိုသံ"

"ကလေးငိုသံ…"

ရူဝေနဲ့ နေစိုးတို့ရဲ့နှုတ်က တစ်ပြိုင်နက် တွေးတွေးဆဆ ပြောလာတဲ့ စကား…

သူက ဟုတ်တယ်လို့ ပြောပြီး ဆက်၍…

"ဟုတ်တယ်၊ တစ္ဆေသရဲ တိုင်းပြည်ရဲ့ လျှပ်ရှား လည်ပတ်နိုင်မှု စွမ်းအားကို ဖြည့်ဆည်းနိုင်ဖို့က ကလေးငိုသံပဲ၊ အင်း… ဘာနဲ့ တူလဲဆိုတော့ 'ဂျင်နရေတာ' လို အားဖြည့် ယန္တရားတစ်ခုလေ… သူတို့နိုင်ငံရဲ့ အထူးဌာနတစ်ခု ရှိတယ်၊ (Monstar Inc…) တဲ့… အဲဒီဌာနက အရေးပါဆုံးပဲ၊ ကွန်ပျူတာတွေ၊ ခေတ်မီယန္တရားတွေနဲ့ အလုပ် လုပ်တယ်၊ အဲဒီဌာနက စစ်ဆေးရေးနဲ့ အစောင့်အကြပ်တွေက ထူပြောတယ်၊ အဲဒီဌာနမှာ မင်းသားဖြစ်တဲ့ တစ္ဆေဆူလီက သူရဲကောင်းပဲ… သူက အားလုံးရဲ့ အချစ်တော်လေ၊ လူ့ပြည်က ကလေးငိုသံကိုရဖို့ အဲဒီဌာနက စေလွှတ်တဲ့ သူတွေထဲမှာ သူ့ကိုဘယ်သူမှ မယှဉ်နိုင်ကြဘူး… အမှတ်ပေးဇယားမှာ

သူ့ရဲ့အမှတ်ပေါင်းက အများဆုံးပဲလေ၊ အကြီးအကဲနဲ့ မြို့သူ မြို့သားတွေ ချစ်ခင်လေးစားရတဲ့ ဆူလီ… ဌာနရဲ့ လေ့ကျင့်ရေး သရုပ်ပြရင်လည်း ဆူလီ… သွားလေရာတိုင်းမှာ အမှတ်တရ လက်မှတ် ထိုးပေးရတာနဲ့ သိပ်ကို မျက်နှာပွင့်နေတာပေါ့”

စကားကို ခေတ္တရပ်ကာ ရေနွေးငှဲ့သောက်ရင်း စိတ်ဝင်စားရဲ့လား လေ့လာရသေးသည်။ အားလုံးက ကျွန်တော့်ဆီက စကားတွေကို ငံ့လင့်နေကြ၍ ကျေနပ်မိသည်။

“ဆူလီနဲ့ပြိုင်ဖက် တစ်ယောက်ရှိတယ်၊ ရေနဂါးပုံသဏ္ဌာန် ဖာရွေ တစ်ကောင်၊ ဆူလီက နာမည်ကြီးလာလေလေ သူက မနာလိုဖြစ်လာလေလေပေါ့… လှူပြည်က ကလေးတွေရှိတဲ့အခန်းကို သွားခြောက်မယ့် တစ္ဆေတိုင်းဟာ အကူတစ္ဆေနဲ့အတူ အခန်းထဲကို ဝင်လာကြတယ်၊ အကူ တစ္ဆေက ကွန်ပျူတာဘုတ် အရှေ့မှာရပ်ပြီး ကိုယ်သွားမယ့် လှူပြည် အခန်းတံခါးကို လော့ဖွင့်ပြီး တံခါးဌာနက ကိုယ်အလိုရှိတဲ့ တံခါးကို ကောင်းကင်စက်သီးကြိုးနဲ့ ကွန်ပျူတာက ခေါ်နေတယ်၊ ဆူလီတို့ သွားရမယ့် အုပ်စုက ကျလာတဲ့တံခါးရှေ့မှာ အသင့်စောင့်နေရတယ်၊ ဆူလီရဲ့ အကူ တစ္ဆေက မိုက် (Mike) တဲ့၊ ချစ်စရာလေး… အစိမ်းရောင် ပုပုသေးသေး လုံးလုံးပုံစံနဲ့ မျက်လုံးက တစ်လုံးတည်းပါတယ်၊ ဆူလီကတော့ လူဝံကြီးလို အကြီးကြီး… သွားမယ့်အဖွဲ့ဟာ ကျောချင်းကပ် အနေအထားကနေ အသင့်ဖြစ်ပြီဆိုရင် အကူတစ္ဆေက အချက်ပြလိုက်တာနဲ့ ကွန်ပျူတာ ခလုတ်သော့ကို ဖွင့်ရတယ်၊ တကယ် သွားခြောက်ရမယ့် တစ္ဆေအနား မှာလည်း ကလေးငိုသံ ဖမ်းယူတဲ့ ဖန်ပြွန်ဘူးတွေကို ထရော်လီနဲ့ အသင့် ချထားပေးရတာပေါ့၊ စပြီဆိုတာနဲ့ ဘူးတစ်ဘူးယူ… ကိုယ့်ရှေ့က တံခါးကို ဖွင့်ဝင်ပြီး သွားခြောက်၊ အဲဒီဘူးနဲ့ ငိုသံကိုဖမ်း… ဘူးရဲ့ အပြင်ဘက်မှာ အနီရောင် သာမိုမီတာပုံစံလိုင်းက ပြည့်ပြီဆိုတာနဲ့ တံခါးကပြန်ထွက်လာပြီး ပြန်ထား… နောက် တစ်ဘူးယူ… ထပ်ခြောက်ပေါ့ကွာ… ဘူးတွေ ပြည့်တိုင်း ပြည့်တိုင်း ကွန်ပျူတာနဲ့တွဲထားတဲ့ အမှတ်စာရင်းက သွားခြောက်တဲ့ တစ္ဆေရဲ့ နာမည်နဲ့ လျှပ်စစ်ဘုတ်မှာ အမှတ်တွေ မြင့်တက်လာလေ့ရှိတယ်။

ဘယ်တော့ကြည့်ကြည့် (ဆူလီ) အမှတ်တွေကို ဘယ်သူမှ လိုက်လို့မမီဘူး၊ အမြဲတမ်း အမှတ်ပြည့်နဲ့ နံပါတ်(၁)ပဲ... အဲဒါကို နဂါးတစ္ဆေက မနာလိုတာပေါ့။

အဲဒီဌာနမှာ ခြင်းချက်တစ်ခု ရှိတယ်၊ လူဘုံက ပစ္စည်းတစ်ခုခု ပါမလာရဘူး။ ကပ်ပါလာရင် အန္တရာယ်ကြီးတယ်၊ တစ်ခါ ဆူလီ့သူငယ်ချင်း တစ်ယောက် သူ့နောက်ကျောအမွေးမှာ ကလေးခြေအိတ်တစ်ဖက် ကပ်ပါလာတာမသိဘူး၊ ဌာနရောက်လာတော့မှ အချက်ပေးသံတွေ ဆူညံသွားပြီး ဌာနရဲ့အပြင်ဘက် မှာ (CDA) ရဟတ်ယာဉ်တွေပျံဝဲပြီး ဌာနထဲကို ကြိုးတွေနဲ့ဆင်း၊ အကပ်ခံရတဲ့တစ္ဆေကို ဖမ်းချုပ်၊ ပြီးရင် သတိနဲ့ အဲဒီခြေအိတ် တစ်ဖက်ကို ညှပ်နဲ့ခွာ၊ ကြမ်းပြင်ပေါ်မှာ အုပ်ဆောင်းနဲ့ မှုလီ အသေစုပ်လိုက်ပြီး ဖောက်ခွဲလိုက်တယ်၊ ကျန်တဲ့အမှုန်တွေကို စက်နဲ့စုပ်ယူသွားကြတယ်၊ ကပ်ပါလာခံရတဲ့တစ္ဆေကို လည်ပင်းမှာ သံခြေကျင်းခတ်ပြီး အပြစ်ပေးကြတယ်လေ"

သူ စီးကရက်တစ်လိပ် နှုတ်ခမ်းမှာတေ့တော့ အုပ်စိုးက အသင့်မီးညှိ ပေးသည်။ သူ ရှိုက်ဖွာမှုတ်ထုတ်ပြီး ဆက်ပြောပြန်တယ်။

"ဆူလီရဲ့အဖော် မိုက်က ဌာနကကောင်မလေးနဲ့ ရည်းစား ဖြစ်နေတာ၊ လုပ်ငန်းပြီးစီးလို့ ပစ္စည်းတွေသိမ်းပြီး အခန်းအပြင်ကို ပြန်ထွက်လာတယ်၊ မိုက်က ကောင်တာမှာ အစစ်ဆေးခံပြီး သော့နဲ့ စာရွက်တွေ အပ်မယ်အလုပ်မှာ သော့က ကွန်ပျူတာခုံပေါ်မှာ ကျခဲ့မှန်း သိရတယ်၊ ဆူလီ တစ်ခေါက်ပြန်လာအယူမှာ တံခါးတစ်ခု မသိမ်းရသေးတာ တွေ့တာနဲ့ အဲဒီတံခါးကဝင်ပြီး အထဲမှာ ဘယ်သူရှိမလဲ ဝင်ကြည့်တယ်၊ တစ္ဆေ တစ်ကောင်ကောင်များ ရှိမလားဆိုပြီး ခေါ်ကြည့်မိသေးတယ်၊ အထဲမှာ မတွေ့ဘူးလေ၊ အမှန်က အားလုံးမရှိမှ ဆူလီကို ပြိုင်ဆိုင်ချင်တာကြောင့် နဂါးတစ္ဆေ ခိုးလုပ်နေတာလေ၊ ဆူလီကိုတွေ့တော့ နဂါးတစ္ဆေက ပုန်းနေတယ်လေ၊ (သူက ကိုယ်ရောင်ဖျောက်တတ်တာကိုး)၊ ပြီးတော့ ဘူးတွေယူပြီး အသာလစ်သွားတယ်၊ ဆူလီမှာက ဒုက္ခရောက်နေတာ၊ ပြန်မသိမ်းရသေးတဲ့ ပန်းပွင့်တွေကပ်ထားတဲ့ တံခါးအတွင်းက ကလေးမလေးကလည်း သူ့ကိုယ်မှာ

ကပ်ပါ လာတာကိုး… ကလေးပစ္စည်းတွေ ကိုယ်မှာကပ်… အမြန်ရှင်း… ကလေးကို အိတ်တစ်လုံးနဲ့ ထည့်ထားရတယ်၊ ချစ်စရာကောင်းတဲ့ ကလေးလေးက ဆူလီကို မကြောက်တဲ့အပြင် ရယ်သံတွေ တစ်ခန်းလုံး ဆူညံနေတယ်၊ အဲဒီအသံကြောင့် တံခါးနားကို သူ ကပ်လို့မရတော့ဘူး၊ ကလေးအသံကြောင့် အချက်ပေးသံတွေ ဆူညံသွားတာနဲ့ ကလေးကို အိတ်ထဲ ထည့်လာပြီး သူ့သူငယ်ချင်းနဲ့ သူ့ရည်စား ချိန်းတွေ့ကြတဲ့ စားသောက်ဆိုင်ကို လာခဲ့တယ်၊

ဆူလီ, မိုက်ကို ကျိတ်ပြီး အဖြစ်အပျက်တွေကို ပြောပြနေတုန်း အိတ်ထဲက ကလေးက အပြင်ရောက်သွားတယ်၊ အဲဒီမှာတင် ပြဿနာ တက်တော့တာပဲ၊ စားသောက်ဆိုင်တစ်ခုလုံး အထိတ်တလန့် အော်သံနဲ့ ပွက်လောရိုက်သံတွေ ကြားထဲမှာ (CDA) ကလည်း အမြန်ရောက်လာပြီး မီးမောင်းတွေထိုးပြီး တွေ့တဲ့ တစ္ဆေအားလုံးကို ဖမ်းဆီးကြပါလေရော…ဆူလီ၊ မိုက်နဲ့ ကလေးလေးက လွတ်သွားတယ်လေ၊ တစ်မြို့လုံးမှာ ရဟတ်ယာဉ်တွေနဲ့ ပိုက်စိပ်တိုက် ရှာတော့တာပေါ့၊ ဆူလီတို့က သူတို့ တိုက်ခန်း ပြန်ရောက်နေပြီ၊

ကလေးကို အိပ်ပျော်အောင်မသိပ်ခင် ကလေးရဲ့ရယ်သံ တစ်ချက် ချက်ဟာ တစ်မြို့လုံး မီးအားတွေ စွတ်တက်သွားတယ်၊ ဆူလီနဲ့မိုက် အံ့သြ ကြရတာပေါ့”

“ကလေးရယ်သံကြောင့်…”

နေစိုးရဲ့အမေးကို သူ ခေါင်းညိတ်ပြရင်း ကုန်နေပြီဖြစ်တဲ့ စီးကရက်ကို ထိုးချေလိုက်သည်။

“အကျဉ်းချုပ်ပြောရရင်ကွာ ဆူလီဆီမှာ ကလေးရှိမှန်း နဂါးတစ္ဆေ သိတယ်၊ ကလေးနဲ့ ဆူလီကလည်း သံယောဇဉ်ဖြစ်ပြီး အရမ်းတွယ်တာ နေကြပြီ၊ ကလေးမလေးရဲ့ နာမည်က ဘူးလ် (Boo) တဲ့…

ရက်စက်တတ်တဲ့ ဌာနအကြီးအကဲနဲ့ နဂါးတို့ ပေါင်းကြံပြီး ကလေး ကိုဖမ်း၊ ဆူလီနဲ့ မိုက်ကို လူ့ပြည်က ရေခဲတောင်ထဲ အပြစ်ပေး ဒဏ်ခတ် လွှတ်လိုက်ကြတယ်၊ ဆူလီနဲ့ မိုက်က စိတ်ဝမ်းကွဲပြီး အေးခဲစရာကောင်းတဲ့

ရေခဲပြင်ထဲမှာ ထိုးကြ ကျိတ်ကြတာပေါ့၊ အဲဒီမှာတင် နှင်းလူတစ်ကောင်နဲ့ မိတ်ဆွေဖြစ်ပြီး နှင်းလူရဲ့ အကူအညီနဲ့ အနီးဆုံးရွာငယ်ကလေးကို အမြန် ရောက်အောင် ခက်ခက်ခဲခဲ ဆူလီတို့ သွားရတာပေါ့၊

တစ္ဆေတိုင်းပြည်မှာလည်း ယုတ်မာတဲ့ ဌာနအကြီးအကဲနဲ့ နဂါးတို့က ဘူးလ်ကို အပြတ်ရှင်းတော့မယ့် အချိန်... ဆူလီက ရွာကို ညကြီးမိုးချုပ် ရောက်သွားပြီး ကလေးရှိတဲ့အိမ်က ကလေးတစ်ယောက်ရဲ့ အခန်းကနေ တစ္ဆေတိုင်းပြည်ကို ပြန်ဝင်လာနိုင်ခဲ့တယ်"

ကျွန်တော့်ရဲ့ ပဋိပက္ခမလေးက မျက်လုံးလေးတွေ အရောင်လက် သွားရင်း–

"တော်သေးတာပေါ့"

လို့ ပြောသည်။ ကျွန်တော် ပြုံးမိတယ်။

"ပြီးတော့ ကလေးမလေး ဘူးလ်ကို နဂါးတို့လက်ထဲကနေ ရအောင် ပြန်ကယ်နိုင်ခဲ့တယ်၊ ဌာနအကြီးအကဲကိုတော့ (CDA) ရဲ့ အကြီးဆုံး အမျိုးသမီးကြီးက ဖမ်းဆီး ခေါ်ဆောင်သွားတယ်၊ ဆူလီကိုလည်း အရမ်း သဘောကျပြီး ဌာနအကြီးအကဲ ခန့်လိုက်တယ်၊ ဘူးလ်ကို သူ့အခန်းကို ပြန်ပို့ပေးပြီး ကလေးရဲ့ အခန်းတံခါးကို ဖျက်ဆီးလိုက်တာပေါ့၊ ဆူလီ လက်ထက်မှာ ကလေးတွေကို ပျော်ရွှင်အောင်ပြုလုပ်နိုင်တဲ့ တစ္ဆေတွေဟာ အမှတ်အများဆုံး ဖြစ်လာပြီလေ... ငိုသံအစား ရယ်သံတွေကို အစားထိုး နိုင်လို့ ကလေးတွေ ပေးလွှတ်လိုက်တဲ့ လက်ဆောင်တွေ ပျော်ပျော်ရွှင်ရွှင် အလုပ်,လုပ်ပုံတွေနဲ့ ဇာတ်ကိုသိမ်းထားပုံက လွမ်းစရာလေးပေါ့ဟာ"

"ဘူးလ်နဲ့ ဆူလီ ထပ်မတွေ့ကြတော့ဘူးလား"

သူက ညစ်ကျယ်ကျယ်အပြုံးနဲ့ မတွေ့ကြတော့ပါဘူး ပြောတော့ ပဋိပက္ခမလေးက...

"ဟာကွာ... ဇာတ်လမ်းကြီးကလဲ..."

သူ့ရဲ့ ခနီးခနဲ ရယ်သံကြောင့် သူမက မျက်နှာစူပုပ်ပုပ်နဲ့...

"မညစ်နဲ့ဟာ... ပြီးအောင်ပြော"

သူက မျက်ခုံးပင့်ပြရင်း...

"ဘာကို ပြောပြရမှာလဲ… ပြီးသွားပါပြီဆို"

ပဒိုပကွာမလေးက ငြိမ်သက်သွားပါတယ်။ ဘူးလ်လို သံယောဇဉ် တွယ်စရာကောင်းတဲ့ ကောင်မလေးသည် လောကကြီးရဲ့ မာယာကို မသိ သေးတဲ့ ပန်းကလေးတစ်ပွင့်လိုပဲ… တယုတယ အပျိုးခံထားရတဲ့ ရေ့မြေ့ လေရဲ့ စောင့်ရှောက်ခြင်း အောက်က အရွယ်ရောက်လာတဲ့ ချစ်ခြင်း မေတ္တာရဲ့ လှပစိုစွတ်မှုကို လိမ်းကျံထားတယ်။ ပြီးတော့ ဇွစ်ကန်ကန် ခပ်စွာစွာ နှုတ်ခမ်းကလေးကို ပိုင်ဆိုင်ထားပါတယ်။

"ရန်ကြီး…"

နေစိုး အသံကြောင့် ကျွန်တော်က…

"ဆို…"

"မင်းမှာ အဲဒီခွေရှိရင် မနက်ဖြန်ငှားကွာ"

"ရှိတယ်လေ… မနက်ဖြန် ငါယူလာခဲ့မယ်"

ကျွန်တော့်ရဲ့ ပဒိုပကွာမလေးက ကျွန်တော့်အတွက် အနိုင်နဲ့ အရှုံး ကို သူမ စီရင်လိုပုံရတယ်။

"ရန်ကြီး… ငါ့ကို အရင်ငှားနော်"

နေစိုးက…

"နေနေ… နင် မညစ်နဲ့နော်…"

သူမက နေစိုးကို မျက်စောင်းထိုးရင်း ကျွန်တော့်ကို ဆွဲရမ်းကာ…

"ရန်ကြီးက ငါ့ကို အရင်ငှားမှာ နော်…"

နှုတ်ခမ်းတစ်ဟာရဲ့ အဖွင့်အပိတ်တွေမှာ ကျွန်တော် ကျေနပ်စွာ ကျရှုံးရင်း ခေါင်းညိတ် ပြုံးပြတော့…

"တွေ့လား… အဲဒါကြောင့် ရန်ကြီးကို…"

သူမဘာသာ စိတ်လွတ်ကိုယ်လွတ် ပြောချရင်း စကားရဲ့အဆုံးကို ဆက်လို့မရဘဲ ဖြစ်နေပါသည်။ ရှက်ကိုးရှက်ကန်းနဲ့ သတိပြုမိသွားကာ အသားလွတ် သူ့ကျောကိုထုပြီး အပြင်ကို ထပြေးသွားတယ်။

ရယ်သံတွေ ဆူညံသွားတယ်။ ရဝေကပါ သူမနောက် ထ,လိုက် သွားရင်း သူ့ကို နောက်ပြန် 'နင်နော်'လို့ မာန်မဲသွားသည်။

ရင်ထဲမှာ မွေးပျံ့တဲ့ ပန်းခင်းတစ်ခု လေပြည်ကြောင့် ယိမ်းနွဲ့သလိုပေါ့... ရင်ထဲမှာ ငြိမ့်ခနဲ ဖြစ်ခဲ့ရပြီ။ ကိုယ့်ရင်ထဲကို သူမ နှလုံးသား အစားထိုး ဝင်ရောက်လာတာလား..။

ဒါမှမဟုတ် သူ့ ရင်ခုန်သံတွေက သူမရင်ထဲမှာ ပျော်မွေ့နေတာလား။ ဘယ်လိုပဲဖြစ်ဖြစ် သူ့ရဲ့ ပုံပြင်တွေကို နားထောင်ရင်း အရင်တုန်းက ရန့်လိုမှုတွေ အာဃာတတွေ ထူးဆန်းစွာ ပျောက်ကွယ်ပြီး ရင်ခုန်သံတွေသာ အစားထိုးဝင်ရောက်လာတာ သေချာပါတယ်။

# အခန်း [ ၆ ]

သူ့လက်ထဲက ကိုင်ထားတဲ့ VCD ခွေကို တစ်ချက် ငုံ့ကြည့်လိုက်ပြီး ဝင်းထဲကို သူ ဝင်လာခဲ့သည်။ တိုက်နံပါတ်တွေကို ဟိုဘက်သည်ဘက် တစ်ခုချင်းလှမ်းကြည့်ရင်း တချို့ခြံထဲက ခွေးတွေ ဆူညံစွာ ထိုးဟောင်နေသည်။ အစကတော့ သူ အုပ်စိုးကို ဝင်ခေါ်ခဲ့ရင် အကောင်းသားလို့ စဉ်းစားမိသေးသည်။ နောက်တော့ သူ အချိန်ကြာနေမှာ စိုးတာကြောင့် ဝင်မခေါ် ဖြစ်လိုက်။

သစ်ပင်တွေအုပ်ဆိုင်းဆိုင်းနဲ့ ပုံစံတူ တိုက်လုံးချင်းလေးတွေက တစ်ခြံနဲ့တစ်ခြံ ပုံစံတူ ယိမ်းကသလို တူညီဝတ်စုံနှင့်ပင်။

ခြံတစ်ခြံရှေ့ရောက်တော့ စာရွက်ထဲက လိပ်စာကိုငုံ့ကြည့်ပြီး ကြေးပြားပေါ်မှာ ထွင်းထားတဲ့ အနက်ရောင်နံပါတ်ကို တိုက်ကြည့်သည်။ ထိုစဉ် ခြံဝင်းထဲက ခုံတန်းတစ်ခုပေါ်မှာ သက်သောင့်သက်သာ ထိုင်နေသော သူမကို သူ တွေ့လိုက်မိသည်။ သူမနာမည်ကို သူ ခပ်အုပ်အုပ် လှမ်းခေါ်တော့ သူမက မြင်သွားပြီး အပြုံးနဲ့ သူမ လျှောက်လာခဲ့ပြီး ခြံတံခါးဖွင့်ပေးသည်။

ခြံတံခါးကို ဖွင့်ပေးရင်း...

"အတော် ရှာလိုက်ရလား..."

သူက မသက်မသာ မျက်နှာရှုံ့ပြတော့ သွားတန်းဖွေးဖွေးလေးတွေ ပေါ်အောင် ရယ်သည်။

သူမနဲ့အတူ တိုက်ထဲဝင်လာရင်း သူမက အတွင်းကို–

“အန်တီလေးရေ”

လို့ လှမ်းအော်သည်။

“လာပြီ”

ဆိုတဲ့ အသံနဲ့ ခဏအကြာမှာ လိုက်ကာ လှပ်သံနဲ့အတူ အသား ဖြူဖြူ မျက်နှာ ပြည့်ပြည့်နဲ့ သဘော ကောင်းပုံရသော အန်တီကြီး တစ်ယောက် စိုနေသော လက်ဖဝါးတွေကို လက်သုတ်ပဝါနဲ့ သုတ်ကာ ထွက်လာပါသည်။

“ဟဲ့… ဘာဖြစ်ရတာလဲ နေနေ… ဩော်…”

ပါးစပ်ကပြောရင်း ညွှန်သည်ကို တွေ့တာကြောင့် အံ့အားသင့် သွားဟန် ရှိပါတယ်။ အစဦ ပြုံးချိုချိုမျက်နှာနဲ့ သဘောကောင်းပုံ ရှိသော နေနေ့အဒေါ်ဟာ ကျွန်တော့်ကို နေရာထိုင်ခင်းပေးရင်း ခဏလို့ပြောကာ နောက်ဘက်ကို ပြန်ဝင်သွားသည်။

ရှင်းလင်းသေသပ်တဲ့ လူနေမှုပစ္စည်းတချို့ စနစ်တကျ ခင်းကျင်းထား သည်ကို သဘောကျမိကာ ကြည့်ရင်းနဲ့

“နေနေ့ အဖေ အမေကော…”

လို့ မေးမိတယ်။

သူမက ကျွန်တော့်ကို တွေတွေဝေဝေ စိုက်ကြည့်ရင်း…

“ရန်ကြီးက နေနေ့အကြောင်းကို မသိသေးဘူးနဲ့ တူတယ်”

“ဘာကို သိရမှာလဲ နေနေ”

သူမက စားပွဲပေါ်က အလှတင်ထားတဲ့ ပလတ်စတစ် ပန်းအတု ပွင့်ဖတ်တွေကို လက်ဖျားလေးတွေနဲ့ တို့ထိကစားရင်း…

“နေနေတို့က မန္တလေးဇာတိလေ… မေမေက အမရပူရဘက်မှာ ယက်ကန်းစင်တွေရှိတယ်၊ ပြည်တွင်းဖြစ် ချိတ်လုံချည် အဆင်လေးတွေ ထုတ်တယ်လေ၊ ဝမ်းတွင်းဘက်မှာလည်း ရှိတယ်၊ ရန်ကုန်မှာတော့

အရောင်းဆိုင်ခွဲတွေ ရှိတယ်၊ ဒီခြံက မေမေ ရန်ကုန်လာရင် တည်းဖို့ အတွက်နဲ့ ဂိုဒေါင်သဘောမျိုး ထားတာ၊ ပြီးတော့...”

သူမက ဆိုဖာပေါ် သက်သက်သာသာ မှီလျော့ရင်း အသံတွေ တိုးတိမ်ဝင်သွားသည်။

“ဖေဖေနဲ့မေမေက နေနေ ငယ်ငယ်လေးကတည်းက ကွဲနေကြတာ၊ ဖေဖေက ရန်ကုန်မှာပဲ... နောက်အိမ်ထောင်နဲ့လေ၊ ဒါပေမယ့် မကြာ မကြာတော့ နေနေ့ကို လာတွေ့ပါတယ်”

သူမရင်ထဲက အပူသောကတွေက ကျွန်တော့်ရင်ထဲကို အလွယ်ကူ ကူးစက်စေတယ်။ ကျွန်တော် မသက်မသာဖြင့် သက်ပြင်းကို မှုတ်ထုတ်ရင်း...

“ကိုယ် တောင်းပန်ပါတယ် နေနေ...”

သူမက အသိရခက်ပြီး ဝေခွဲမရမျက်နှာနဲ့...

“ဘာကိုလည်း ရန်ကြီးရဲ့...”

“ဩော်... ကိုယ်မေးမိတာကိုပါ...”

သူမက ခပ်ပါးပါးလေး ပြုံးရင်း အားငယ်စွာ ရယ်ပြသည်။

“ဘာလဲ... ရန်ကြီးက နေနေ ဒါတွေကြောင့် စိတ်မကောင်း ဖြစ်သွားတယ် ထင်လို့လား...အင်း... ငယ်ငယ်ကတော့ နေနေ ဒီလိုခံစား ချက်မျိုးရှိခဲ့တာ မညာချင်ဘူး။ အရွယ်ရောက်လာတော့ စဉ်းစားတတ် လာတယ်... အဲဒါတွေကို တွေးပြီး ဝမ်းနည်းနေတော့ရော ဘာများ ထူးခြားလာမှာလဲလေ...ပထမတော့ ဖေဖေ့ကို တစ်မျိုး ထင်မိတာပေါ့၊ နောက် သေချာ စဉ်းစားမိတော့လည်း ဖေဖေ့ကို သနားသွားပြန်တယ်... လူကြီးတွေ သဘောတူလို့ လက်ထပ်ခဲ့ရပေမယ့် (Type) ချင်းက တခြားစီပဲ... မေမေက ထက်မြက်တယ်၊ စီးပွားရေးကို ဦးဆောင်လုပ်ရလို့ ယောကျ်ား တစ်ယောက်အပေါ် တလေးတစား ဆက်ဆံပြုစုရတဲ့ နေရာမှာ ကျတော့ ဟာကွက်တွေ အများကြီးရှိသွားတယ်၊ မာနကိုခြုံထည်ပဝါပါးလို ဝတ်ဆင်ရတာ သဘောကျပုံရတယ်... ဖေဖေက ပညာရေးကိုနှစ်သက်တဲ့ သာမန်အရာရှိငယ် တစ်ယောက်ဆိုတော့ အေးအေးဆေးဆေး နေချင်တယ်၊ ရောင့်ရဲ တင်းတိမ်နိုင်ခြင်းနဲ့ မိန်းမတစ်ယောက်ရဲ့ စွမ်းအားထက်မြက်မှု

ကြားမှာ အိမ်ထောင်ရေးဟာ အဖုအထစ်တွေ ရှိလာခဲ့တယ်၊ မညီညာတော့ဘူး... ဖေဖေတို့ အိမ်ထောင်ရေးဟာ နေနေ့အမြင် ပြောရရင် ကြမ်းခင်းကို ရေခဲနဲ့ခင်းပြီး အမိုးအကာကို မီးလျှံနဲ့ တည်ဆောက်ထားတဲ့ အိမ်လေးတစ်လုံးလိုပဲ ရန်ကြီးရဲ့...”

သူမရဲ့ အမှတ်တမဲ့ ရယ်သံတွေဟာ အိမ်ထောင်ရေး မပြေလည်တဲ့ မိဘတွေရဲ့ ဆိုးကျိုးအရိပ်မျိုးတွေ ကပ်ငြိနေတာ တွေ့ရ သိရတယ်။ ကျွန်တော် သူမကို စနောခြင်းနဲ့ သူမ မျက်ဝန်းတွေကို ရင်ဆိုင်ကြည့်တော့ သူမက ဟန်ဆောင်ထားတဲ့ မပီပြင်တဲ့ အပြုံးနဲ့ စကားလွှဲချင်ပုံရတယ်။

“လက်ထဲက ဘာခွေလဲ”

သူမကို ကျွန်တော်က VCD ခွေကို လှမ်းပေးရင်း...

“မွန်းစတား...”

“ဟာ... အတော်ပဲ၊ ကြည့်ချင်နေတာ...”

လင်းလက်သွားတဲ့ ပျော်ရွှင်မှုအရိပ်တွေ မျက်ဝန်းမှ ဖြတ်ပြေးတော့ ဒီကောင်မလေးကို ရင်ဂုန်စရာ ကောင်းအောင် ဘေးကြည့် နေချင်စိတ်ကို ထိန်းမရ၊ သူမက အခွေကိုလှမ်းယူရင်း ထရပ်တော့ အအေးပန်းသယ်လာတဲ့ သူမအဒေါ်က...

“ဟဲ့... ဧည့်သည်ကိုထားပြီး ညည်းက ဘယ်ကိုလဲ”

သူမက အပေါ်ထပ်ကို ပြေးတက်သွားရင်း လှေကား အလယ် ရောက်မှ နောက်ပြန် လှည့်ကြည့်ပြောသည်။

“အန်တီလေး... သူက သမီးပြောတဲ့ ရန်ကြီးအောင် ဆိုတာလေ... ရုပ်ရှင်တွေထဲကလို တစ်ယောက်နဲ့ တစ်ယောက် ထပ်ပြီး မိတ်ဆက်လိုက်ကြပေါ့... သမီး အခွေကြည့်လိုက်ဦးမယ်”

“ဒီကောင်မလေးဟာ သူလုပ်ချင်တာပဲ သိတာ...”

တူမချောလေးကို သဘောကျ နှစ်မြို့က်သလို ပြုံးရယ်ရယ်နဲ့ မာန်မဲချင်ယောင် ဆောင်နေပုံက နေနေ့အပေါ် ဘယ်လောက် အလိုလိုက်မှန်း သိသာနေသည်။ ပြီးတော့ နေနေနှင့် ပတ်သက်သမျှ သူနဲ့ပတ်သက်သလို စူးစမ်းချင်ပုံရသော အန်တီကြီးက အအေးခွက်ကို တိုးပေးရင်း...

"လွတ်လွတ်လပ်လပ်နေနော် သား..."

ကျွန်တော်က ဟုတ်ကဲ့လို့ ရှိရှိသေသေနဲ့ပြောတော့ အန်တီကြီးက စကားစသည်။

"အန်တီနာမည်က သီရိချို့တဲ့... နေနေ့အမေနဲ့ ညီမတော်တယ်၊ တစ်နေ့တစ်နေ့ နေနေ့ကို ထိန်းသိမ်းနေရတာရယ်၊ သူ့ကိစ္စတွေ စီစဉ်ပေးနေရတာနဲ့ အချိန်ကို ကုန်နေတာပဲ သားရယ်"

အန်တီကြီးက မိတ်ဆက်ရင်း သူ့ကို မသိမသာ အကဲခတ်နေသေးသည်။ ရယ်ချင်စိတ်ကို ထိန်းချုပ်ရင်း စိတ်ကျေနပ်အောင် ဖြေဆိုခဲ့ရတာပေါ့... နောက်တော့လည်း ကျေနပ်သွားဟန်နဲ့ ခေါင်းတဆတ်ဆတ်ညိတ်ပြီး ပြုံးနေသည်။ ကျွန်တော်လည်း စကားအနည်းငယ်ပြော၍ နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။

အရိပ်ရ သစ်ပင်တွေအောက် ခြောက်သွေ့တဲ့ သစ်ရွက်ကြွေတွေအပေါ် သူ ခြေပစ်လက်ပစ် ဝင်ထိုင်လိုက်တော့ သူမက တတွတ်တွတ်ပွဆာခဲ့တုန်း... သူက မသိသလိုနေရင်း...

"ဟိုကောင်တွေရော နေနေ့"

"သူတို့ ဝိဇ္ဇာဘက် သွားပါတယ်ဆို"

သူမရဲ့ ထုံးစံအတိုင်း တစ်ခုခု မကျေမနပ် ဖြစ်နေပုံရသော ကောင်မလေးကို သူက...

"ဘယ်လိုလဲ... မွန်းစတား ကောင်းလား"

သူမက မျက်စောင်းတစ်ချက်ကို ထိုးတော့ ဗိုက်ဆံမပေးရတိုင်း ဒီကောင်မလေး သိပ်မျက်စောင်းထိုးတာပဲလို့ ကျွန်တော် တွေးမိပါသေးသည်။ သူမကတော့ အားအားရှိတိုင်း မျက်စောင်း ထိုးလိုက်တာပဲ၊ ဒါပေမယ့် ဒီကကောင်က ရင်ခုန်သံနဲ့ ပိတ်ပေါက်ခံရသလို အထိတ်ထိတ်အပျာပျာ ဖြစ်ခဲ့ရသည်။

"ဇာတ်သိမ်းခန်းကို အကုန်မပြောဘူး… သိပ်အကျင့်ယုတ်တာပဲ… ဒီမှာဖြင့် သူ့စကားကို ယုံမိခဲ့ရတာ"

ကျွန်တော် တဟားဟား အော်ရယ်တော့ ကျွန်တော့်ရဲ့ ပဋိပက္ခ မလေးက စိတ်ကောက်ပါသေးသည်။ သူ အတန်တန် ရှင်းပြသော်လည်း စိတ်ဆိုးမပြေ။ သူ ခေါင်းကုတ်ရင်း…

"ကဲ… နေနေရာ… စိတ်ကောက် ပြေပါတော့ကွာ… ကိုယ် မောလှပြီ"

"မပြေပါဘူး"

သူမက ဂျစ်ကန်ကန် ဖြေပါတယ်။

"ကဲ… စိတ်ကောက်ပြေအောင် ဘာလုပ်ပေးရမလဲ"

သူမက နှုတ်ခမ်းပါးပါးလေးကို တင်းတင်းစေ့ရင်း ပြုံးချင်ဟန်ကို ထိန်းချုပ်ကာ…

"မျောက်က က,ပြ"

"ဟာ…"

သူက မချင့်မရဲ မျက်နှာရှုံ့ပြကာ ညည်းတော့…

"နောက်တစ်ခု ခိုင်းကွာ…"

သူမက အတန်ကြာ စဉ်းစားနေပါသည်။ ခေါင်းလေးမော့ မျက်လုံး လေးကို အတွန့်ချိုးရင်း လည်ပင်းပေါ်က သွေးကြောလေးတွေ တဆတ်ဆတ် ခုန်နေအောင် စဉ်းစားနေခဲ့တယ်။ ဒူးခေါင်းပေါ် ပါးအပ်ရင်း သူမကို ခိုးကြည့်မိတယ်။ ချစ်တယ် ကောင်မလေးရယ်… (သူမ ကြားသွားလို့ ထပ်ပြီး စိတ်ကောက်နေပါဦးမည်…)

သူမ မကြားနိုင်တဲ့ ရင်ခုန်သံတွေကို ထုပ်ပိုးသိမ်းဆည်းရင်း သူမ သိလာအောင်တော့ လက်ဆောင်အဖြစ် ပေးလိုက်ချင်ပါရဲ့။

"ပုံပြောပြ…"

"ဟာကွာ…"

သူမ နှုတ်ခမ်းထော်သွားရင်း…

"မပြောပြဘူးလား"

"ပြောပြမယ်... ပြောပြမယ်... စိတ်တော့မဆိုးနဲ့နော် သခင်မ လေးရယ်"

သူမက ရယ်မောရင်း ကျွန်တော်လုပ်သလို ဒူးနှစ်ဖက်ပေါ် ပါးအပ်ရင်း ကျွန်တော့်ကို ကြည့်ပါတယ်။

ကျွန်တော် လည်ချောင်းရှင်းလိုက်ရင်း နည်းနည်း အချိန်ဆွဲလိုက်၏။ ခေါင်းထဲမှာ တစ်ခုပြီးတစ်ခု အမြန်စဉ်းစားရင်းကနေ...

"တစ်ခါတုန်းက သရဲတစ်ကောင်ဟာ..."

"ဟာ... သရဲအကြောင်း ပြောပြန်ပြီ..."

"နားမထောင်ချင်ဘူးလား"

"ပြောပြော... တကတည်း သူ့စိတ်ချည်းပဲ..."

ပါးစပ်က ပွစိပွစိရေရွတ်... ခဏခဏ မျက်စောင်း ထိုးတတ်တဲ့ ကောင်မလေးဟာ ထုံးစံတစ်ခုလို သူ့ရင်တွေ ကပြောင်းကပြန် ဖြစ်အောင် မျက်စောင်း ထိုးလိုက်ပါသေးတယ်။

"တစ်ခါတုန်းက သရဲတစ်ကောင်ဟာ သရဲကောင်မလေး တစ်ယောက်ကို ကြိုက်နေတယ်တဲ့"

သူမဆီက ရယ်သံ ထွက်လာပါတယ်။

ကျွန်တော်က မသိသလို နေရင်းက...

"အဲဒီသရဲမလေးက သရဲထဲမှာအချောဆုံးတဲ့... အဲဒီ သရဲမလေးကို ကြိုက်နေတဲ့ သရဲတွေက အများကြီးတဲ့... အဲဒါနဲ့ ခုန သရဲကောင်လေးက သရဲကောင်မလေးကို ရည်းစားစကားသွားပြောတော့ တော်ရုံတန်ရုံ မကြောက်တတ်တဲ့ သရဲမလေးက သူ့ကို သုံးစက္ကန့်အတွင်း ကြောက်လန့်သွားအောင် ခြောက်ပြ၊ သူကြောက်သွားရင် အဖြေပေးမယ်လို့ ပြန်ပြောတာပေါ့...

အဲဒါနဲ့ သရဲကောင်လေးက ဗီဒီယိုအခွေဆိုင်သွား..."

"ဟင်... သရဲတွေက ဗီဒီယိုအခွေဆိုင် ရှိလို့လား..."

သူမက စူစူအောင့်အောင့်နဲ့ မကျေနပ်သလို ပြောတော့ သူက ခပ်တည်တည်ပင်–

"ဩော်... လောသွားလို့၊ လူ့ပြည်ကဆိုင်မှာ လူယောင်ဆောင်ပြီး သွားငှားတာပေါ့၊ အကောင်းဆုံးသရဲကားတွေငှားပြီး သူလေ့ကျင့်တယ်၊

ပြီးတော့... သရဲမလေးကို အမျိုးမျိုး ခြောက်ပြတာပေါ့၊ သရဲမလေးက မကြောက်ဘူး၊ သရဲလေး တော်တော် စိတ်ညစ်သွားရှာတယ်၊ အဲဒါနဲ့ နောက်ဆုံးတော့ သရဲမလေးကို မျက်စိ မှိတ်ခိုင်းလိုက်တယ်၊ သုံးစက္ကန့် အတွင်းမှာ သရဲမလေး တုန်လှုပ်သွားနိုင်ခဲ့အောင် ခြောက်ပြနိုင်တယ်"

"ဘာဖြစ်လို့လဲဟင်..."

သူမက ခေါင်းကို ဆတ်ခနဲဖြစ်သွားရင်း သူ့လက်မောင်းကို လှုပ်ကာမေးသည်။

"မသိချင်ပါနဲ့ကွာ"

"ဟာ... မရဘူးကွာ ပြော..."

အတင်းအဓမ္မ မေးနေတော့ သူက ခေါင်းကုတ်ရင်း...

"မသိချင်နဲ့ဆို..."

"ပြောပါဆို..."

"ကဲကဲ... ပြောမယ်၊ ဒါပေမယ့် သရဲမလေးလိုနေမယ် ဆိုမှ..."

သူမက မျက်လုံးလေးဝိုင်းသွားရင်း ဘယ်လိုနေရမှာလဲလို့ မေးပါတယ်။

သူ ညစ်ကျယ်ကျယ် ပြုံးရင်း...

"အနီးစပ်ဆုံးတော့ ပြောပြချင်တယ်၊ ဒါပေမယ့် အဖြစ်လောက်ပေါ့၊ မျက်စိလေးမှိတ်ထား..."

"အင်း... မှိတ်မယ်" –

သူမက မျက်စိမှိတ်ပေးထားပါတယ်။ သူက ဒူးခေါင်းပေါ် မေးတင်ရင်း ဘေးတစ်စောင်း ငေးကြည့်နေတယ်... ပြီးတော့ ခပ်စူစူ နှုတ်ခမ်းလေးကို လက်ညှိုးလေးနဲ့ တစ်ချက်ထိလိုက်တော့ သူမက

"အို..."

လို့ အသံ ထွက်သွားတယ်။

မျက်လုံးဖွင့်ကြည့်ပြီး သူမက လှမ်းကြည့်တယ်လေ... သူက...

"သရဲလေးက အဲဒီနေရာကို..."

သူမက ရှက်ရမ်း ရမ်းပြီး သူ့လက်မောင်းကို မနားတမ်း ထု၏။ သူက သူမလက်ဖဝါး နုနုလေးကို အသာဖမ်းဆုပ်ပြီး ရင်ခွင်ထဲ ထည့်ထား

လိုက်တယ်… ဆံပင်တွေနဲ့ ဖုံးကွယ်ချင်နေတဲ့ မျက်နှာလှလှလေး… သူ မြတ်နိုးစွာ ငုံ့ကြည့်ပြီး…

"ဘူး(လ်)…"

သူမ ဆတ်ခနဲ မော့ကြည့်ပါတယ်။ မွန်းစတား ကာတွန်းကားထဲက ကလေးမရဲ့နာမည်လေ။ ကျွန်တော် အဲဒီလိုခေါ်ချင်နေတာ ကြာပါပြီ…

"ဘယ်လိုလဲ…. သရဲကောင်လေးလို သရုပ်ဆောင်ပြရမလား

သူမက မျက်နှာကို ဆံပင်တွေနဲ့ကွယ်ဝှက်ဖို့ ကြိုးစားပါသေးတယ်။

ပုံပြင်တွေဟာ ချစ်ခြင်းကို ဖြစ်ပေါ်ဖို့ လှုံ့ဆော်ခဲ့သလို ကျွန်တော် သူ့အချစ်ကိုရဖို့ အထောက်အကူပြုခဲ့တဲ့ ကုန်ကြမ်းပစ္စည်းတစ်ခုပေါ့…။

သာယာလှပတဲ့ ဥယျာဉ်ကြီးကိုခေါ်သွားဖို့ ကျွန်တော့်ရဲ့ အလှပဆုံး ပန်းကလေးကိုယ်တိုင် ဒေဝီဥယျာဉ်ကြီး ဖြစ်ကောင်း ဖြစ်မယ်ထင်ပါရဲ့… ဒါပေမယ့် ယခုလက်ရှိ ဒေဝီဟာ သစ်ရွက် ခြောက်တွေကြွေပြီး အဝါရောင် ဝတ်မှုန်တွေ ကြွေကြွေကျနေတဲ့ တက္ကသိုလ် ပရဝုဏ်ထဲမှာဆိုရင်…


ဒီ ကမ္ဘာမှာ...
နွဲ့သင်းခြင်းရဲ့ ကော်ဇောမှာ
သန်းခေါင်းယံညွှန့်ရက်တွေ ထုံနှံ့ရှိနေပါစေ
ပေါ်ဆိုတွေ လွှင့်မျောမှုရွက်လွှင့်ရှိန်း...
ပေးထားကြပြီ... ငါဖြည့်ရဦးမယ်...။

## အခန်း [ ၇ ]

သူမသည် မာယာနှုတ်ခမ်းလှလှနှင့် ကျွန်တော့်ကို အိပ်မက်တွေ အပိုင်စားပေးသည်။ ကျွန်တော်နေထိုင်တဲ့ တိုက်ခန်းအောက် ပလက်ဖောင်း ပေါ်မှ ခိုလေးတွေလို စိတ်ကောက်တတ်ပါသည်။ သူမ သူ့ဆီကို အလည် လာတဲ့အခါ အမြဲတမ်း အစာကျွေးလေ့ ကျွေးထကို ပုံမှန်ပြုလုပ်လေ့ ရှိသောကြောင့် သူမ လာရင် ခိုတွေ အမြဲဝိုင်းလာလေ့ ရှိသည်။ ဖေဖေ မေမေတို့ရဲ့ လူကြီးမျက်စိနဲ့ အမြင်ကြည်လင်အောင် တည်တည်ငြိမ်ငြိမ် နေပြနိုင်သလို ကျွန်တော့်ညီမတွေဖြစ်တဲ့ စိုးစိုး၊ မိုးမိုးတို့နှင့်လည်း အဖွဲ့ ကျအောင် ပေါင်းနိုင်သည်။ သူမကို ယောက်မ၊ ယောက်မလို့ နောက်ပြောင် ခေါ်တတ်သလို သူမ ကိုယ်တိုင်က မေမေတို့ကွယ်ရာဆို ယောက်မလို့ ပြန်နောက်ပြောင် ခေါ်တတ်သည်။ တစ်ပတ် တစ်ခါလောက် တစ်ခုခု လာရောက် ချက်ပြုတ်ကျွေးတတ်ပြီး သူ့အိမ်သို့ ရဝေတို့နှင့် အလည်သွား သည့်အခါ သူ့အဒေါ်ကို ကျွန်တော်က တည့်အောင်ပေါင်းရင်း လူကြီး သူမကို ပိုင်ပိုင်နိုင်နိုင် ဆက်ဆံနိုင်သော ကျွန်တော့်ကို သူမက ကျေနပ်သော အမူအရာနှင့် ကြည်ကြည်နူးနူး ကြည့်နေတတ်တဲ့ မျက်ဝန်းတွေနှင့် မြင်တွေ့ခွင့်ရသည်။ တစ်ခါက သူမ အဖေနှင့် ကျွန်တော့်ကို မိတ်ဆက် ပေးခဲ့သည်။ သဘောကောင်းပြီး လူငယ်တွေအပေါ် နားလည် စာနာနိုင်တဲ့

သူမ ဖေဖေ (အန်ကယ်စိုး)နဲ့လည်း ရည်ရည်မွန်မွန် ခင်ခင်မင်မင်ပါပဲ။ တစ်ခါတလေ ဘောလုံးပွဲအကြောင်း၊ လူမှုရေးရာ အကြောင်းအရာတွေ ဆွေးနွေးတတ်သလို ကျွန်တော်တို့ တစ်အုပ်လုံးကိုလည်း သူ့အိမ်သို့ခေါ်ကာ ညှော်ခံကျွေးမွေးတတ်သည်။

ဒီလိုလေငြိမ်လှတဲ့ ကမ်းခြေတစ်ခုရဲ့ ဘဝလေးဟာ ယာယီတစ်ခုလို့ ကျွန်တော် ကြိုတင်မမျှော်လင့်ထားခဲ့ပေ။

ကကွက်ပြောင်းရင် ဆိုင်းသံပြောင်းသလို မထင်မှတ်တဲ့ အဖြစ်အပျက်တွေ ဝင်လာဖို့ ကျွန်တော်တို့ စာမေးပွဲ နောက်ဆုံးနေ့မှာ သူ့မေမေ ရောက်လာခြင်းနဲ့ ပတ်သက်နေတယ်။

အဲဒီနေ့က...

## အခန်း [ ၈ ]

အထိမ်းအမှတ်အဖြစ် ကျောက်တုံးကြီးနံဘေးက ရေကန် ကလေးရဲ့ အုတ်ဘောင်ပေါ်မှာ အမှတ်တရဓာတ်ပုံ ရိုက်နေခဲ့ကြတယ်... နောက်ဆုံး နေ့မို့ ဓာတ်ပုံရိုက်တဲ့ လူတွေလည်း များမှများ... ပုံစံအမျိုးမျိုးနဲ့ ဓာတ်ပုံ အရိုက်ခံနေတဲ့ ဖက်တီးတို့တစ်တွေ... ရဝေတို့ရဲ့ အော်ဟစ် နောက်ပြောင် သံတွေကြားမှာ မထင်မှတ်ဘဲ မှန်တိုင်းတစ်ခုဟာ အဖြူရောင် တန်ဖိုး ကြီးကြီးနဲ့ ကားတစ်စီးအဖြစ်နဲ့ ဝင်ရောက်လာခဲ့တယ်။ ကားတံခါးပေါက်ကို ဖွင့်ရင်း...

"သမီး..."

အားလုံး တိတ်ဆိတ်သွားသည်။ ပြီးတော့ နေနေ့အသံ ထွက်ပေါ် လာသည်။

"ဟာ... မေမေ..."

ဝမ်းသာအားရ ပြေးထွက်သွားရင်း မိခင်ဖြစ်သူအနီးကို ရောက်ရှိ သွားသည်။

"မေမေ ဘယ်တုန်းက ရောက်လဲ"

ရွှေအိုရောင် မျက်မှန်ကိုင်းတွေအောက်မှ စူးရှတဲ့ မျက်ဝန်းပိုင်ရှင်ရဲ့ မလိုလားအပ်သော အကြည့်က ကျွန်တော့်ဆီလို့ ထင်မိပါတယ်။

အလှမကုန်သေးတဲ့ မျက်ဝန်းတစ်စုံဟာ မာနလား၊ မောက်မာမှုလား ဝေခွဲရခက်တဲ့ အရောင်ပြန်မှုတွေ တလက်လက်...

နေနေက ကျွန်တော်တစ်ဦးတည်းကို ဦးတည်ပြုံးပြပြီး...

"မေမေ့ကို မိတ်ဆက်ပေးရဦးမယ်၊ သူက ရန်ကြီး..."

"သမီး... အိမ်ပြန်မယ်လေ..."

မလိုလား မနှစ်သက်မှုလား... ဒါမှမဟုတ် အမိန့်ပေးရုံ သက်သက်ပဲလား... သူမက သူမမေမေကို ကြောင်ပြီး ငေးကြည့်နေသည်ကို တွေ့ရသည်။ အရာအားလုံးသည် တိတ်ဆိတ် ငြိမ်သက်နေသလို အဖြစ်အပျက်တွေအောက်မှာ အသက်ရှိနေတဲ့ လူတွေမှ ဟုတ်ရဲ့လား...။

သူမ သက်ပြင်း ငွေ့ငွေ့ချရင်း...

"ဟုတ်ကဲ့ပါ မေမေ"

လို့... ပြန်ပြောပြီး ကားထဲကို ဝင်ထိုင်လိုက်တယ်။ သူမ ကျွန်တော့်ကို နှုတ်မဆက်ပါ။ ကားထွက်ခါနီးမှာ သူမက ကျွန်တော့်ကို ခွန်အားတွေ ရှိလိမ့်မယ်လို့ ထင်ရတဲ့ အားပေးပြုံးလေးတစ်ချက် ပြုံးပြတယ်။

ဒါဟာ အဆင်သင့်ပဲလို့ အဓိပ္ပာယ်ရတဲ့ အချက်ပြခြင်းများ ဖြစ်နေမလားဟူ၍ပင် တွေးမိခဲ့သည်။ သူမ မေမေလည်း ပြုံးပါသည်။

ဒါပေမယ့်... ရက်စက်မှုတွေ ပါမယ်လို့ ကျွန်တော် ထင်နေခဲ့တယ်ဆိုရင်...

မှောလွင်းနေတဲ့မြစ်ထဲ · · ·
လှုပ်ရှုန်းစီးဆင်းရတဲ့အခါ
မြစ်ကျိုးအင်းတွေ
လေနုရဲ့ မြစ်ပေါ်ခဲ့တာကြာပြီ · · ·



ရွှေသမင်စာပေ

## အခန်း [ ၄ ]

"ရန်ကြီးဆိုတာ မင်းလား"

ခြေထောက်တစ်ဖက်ကို ချိတ်ရင်း လက်အောက်ခံတပည့် တစ်ယောက်ကို မေးသလို ကျွန်တော် ဝင်ထိုင် ထိုင်ချင်း မေးသည်။ ရှယ်တူတန်းတူ ဆိုရင် (ဟုတ်တယ်... ဒေါ်မေမြတ်ညိုဆိုတာ ခင်ဗျားလား)လို့ ပြန်မေးမိမည်ထင်သည်။ ပြင်ပ အခြေအနေမှာတော့...

"ဟုတ်ကဲ့၊ ကျွန်တော် ရန်ကြီးအောင်ပါ"

စားပွဲထိုးလေးလာချပေးတဲ့ ရေခဲသီးနေတဲ့ အအေးဘူးကို အေးအေးသာသာသောက်ဖို့ အခြေအနေမဟုတ်... ရန်ကြီးကို မေမေက တွေ့ချင်နေတယ်လို့ နေနေက အချိန်းအချက်လုပ်ပြီး မှာကတည်းကိုက တွေ့ဆုံမှုသည် ငြိမ်းချမ်းရေး သံတမန်ဆန်ဆန်လို့ ကျွန်တော် မထင်ထားခဲ့... ဟုတ်သည်လေ... ဒေါ်မေမြတ်ညိုရဲ့ ရာဇဝင်ကို နေနေဖေဖေ (အန်ကယ်ဖိုး)ရဲ့ မှတ်တမ်းကို အပေါ်ယံ လှန်လှောကြည့်ရုံနဲ့ သိနိုင်တာပဲ။

ဒေါ်မေမြတ်ညိုရဲ့ မျက်ဝန်းများသည် ပျော့ပျောင်းဟန် မရှိ...။

"မင်း ဘာကြောင့် နေနေ့ကို ချစ်ရတာလဲ"

ဒီအဖြေရခက်တဲ့ ညှို့ခံမေးခွန်းဟာ မိတ်ဆွေဖွဲ့ရုံ သက်သက်ဆိုရင်ကော မေးနိုင်ပါ့မလား...။

"အနိတီ ဘာကြောင့် ထမင်းစားရတာလဲ"

ကျွန်တော့်မေးခွန်းက ဒေါ်မေမြတ်ညိုကို မျက်မှောင်ကြုတ်စေသည်။ မကျေနပ်သည့် သဘောမျိုးပင်။

ကျွန်တော်ကတော့ အတတ်နိုင်ဆုံး စိတ်ကို တည်ငြိမ်အောင်ထားသည်။

"ကဲ… ထားပါ။ အသက်ရှင်ဖို့ဆိုရင် ပြည့်စုံမယ်ထင်တယ်၊ ကဲ…မင်းအလှည့်"

ကျွန်တော် ပြုံးလိုက်သည်ထင်သည်။

"လူဖြစ်နေလို့ပေါ့ အနိတီ… အင်္ဂလိပ်စကားလေးတစ်ခု ရှိတယ်လေ… To Love and to be Loved ဆိုတာ လူဆိုတာ ချစ်ဖို့နဲ့ အချစ်ခံရဖို့ပဲ မဟုတ်လား… လူဆိုတာ အချစ်ဆိုတာကို ဖန်တီးမယ်… အသစ်ဆိုတာကို တီထွင်မယ်… ဆိမ်ဖောင်ပြုမယ်… မျိုးဆက်ဆိုတာကို ဖြန့်ဖြူးမယ်… ဂီတကို နားဆင်မယ်၊ ပန်းချီနဲ့ ကဗျာတွေ ရေးမယ်… အနာဂတ်ကို မျှော်လင့်မယ်"

ကျွန်တော့်အဖြေက တော်တော်လေး ရှည်သွားခဲ့သည်။ ဒေါ်မေမြတ်ညိုရဲ့ မျက်ခုံးနက်နက်တွေက ကြည့်ကောင်းရုံသက် ကျော့လွန်းစွာ တွန့်ချိုးပြီး…

"ဒါဆို လူတွေ လုပ်နိုင်တဲ့ အလုပ်တစ်ခုကို မင်းလုပ်ကြည့်စမ်းကွာ"

"ဘာကိုလဲ အနိတီ"

"မင်း နေနေ့ကို မေ့လိုက်ပါ"

ကျွန်တော် ခေါင်းခါလိုက်သည်။

"ကျွန်တော်ဲ လူဆိုးလူမိုက်တွေ လုပ်တဲ့အလုပ်မျိုး မလုပ်တတ်လို့ပါ အနိတီ…"

"အေး… မင်းဘက်က ရှေ့တစ်လှမ်းတိုးရင် နေ့နေကိုတော့ အထိနာနာနဲ့ နောက်ဆုတ်ဖြစ်အောင် ငါ လုပ်ရတော့မှာပေါ့"

"ဒါကတော့ အနိတီ့အပိုင်းပါ"

ကျွန်တော် တည်ငြိမ်စွာ ပြောလိုက်သည်။

အစိမ်းရောင်ဆန်တဲ့ လေပြင်းတွေ ကျွန်တော်နဲ့ ဒေါ်မေမြတ်ညိုကြား ဝင်လာပြီဆိုတာ သိလိုက်သည်။ ဘယ်လောက် စိတ်ဆိုးဖို့ ကောင်းလိုက်လဲ...ကိုယ့်အလှည့်ကျမှ အချစ်က လူမိုက်ဆန်ဆန် ရမ်းကားပြီး အစမ် အဟပ်မတည့်တဲ့ ဒေါ်မေမြတ်ညိုရဲ့ ဆက်ဆံရေးကြောင့် ကျွန်တော် ဆက်မနေချင်။ ဒါကြောင့်... အိတ်ကပ်ထဲမှ နှစ်ရာတန် တစ်ရွက်ကို ထုတ်ပြီး ရှင်းမယ်အလုပ်မှာ...

"ဟော့... မင်း ငါ့အတွက်မရှင်းနဲ့၊ ကိုယ်သောက်တာ ကိုယ်ရှင်းသွား"

ကျွန်တော် ပြုံးမိသည်။

"ဟုတ်ကဲ့အန်တီ၊ ကျွန်တော်လည်း ဒီနှစ်ရာတန်တစ်ရွက်တည်း ပါတာပါ"

ဒေါ်မေမြတ်ညိုရဲ့မျက်နှာ ရဲခနဲ... တချို့က အဲဒီလိုပွင့်ပွင့် လင်းလင်း ပြောရင်လည်း မကြိုက်ကြ။ ဘဝမှာ အဖြူရောင် သက်သက်ကို မကြိုက်ကြ။ ကျွန်တော့်ရင်ထဲမှာ ပြုပြင်လို့မရတဲ့ စိတ်အခန့်မသင့်မှုတွေနဲ့ ပြည့်ကျပ်နေတယ်လို့ ထင်ရတဲ့ ကြက်ခြေခတ်...

"မင်းကွာ... ဒါနဲ့များ ရည်းစားထားရတယ်လို့"

"ဩော်... အန်တီရယ်၊ ချစ်တယ်ဆိုတာ နှလုံးသားနဲ့ ချစ်ရတာ၊ ပိုက်ဆံနဲ့ ချစ်ရတာ မဟုတ်ဘူးလေ"

"နှလုံးသားချည်းနဲ့တော့ လက်ထပ်လို့မရဘူးလေ၊ ပိုက်ဆံနဲ့မှ အိမ်ထောင်ပြုလို့ရမှာပေါ့"

"ဘယ်သူက မွေးကတည်းက ပိုက်ဆံနဲ့ရောမွေးလာလို့လဲ အန်တီရယ်..."

အခံရခက်မှုတွေနဲ့ မကျေနပ်ချက်တွေနဲ့ ရောပြွန်းထားတဲ့ နေနေ့ အမေရဲ့မျက်နှာ... ထိုးကြ ကြိတ်ကြ လက်သီးလက်မောင်းတွေ မပါဘဲ စကားတွေက အညှိအမည်းစွဲချင်စရာ...

"ထားပါ... မင်း ငါ့သမီးနဲ့ အဆက်အသွယ်ဖြတ်ပါ"

"ခက်လိုပါ အန်တီ..."

"တောက်... မင်း အချောင်သမားပဲ"

"ဒါကတော့ အန်တီဘက်က အမြင်ကိုး"

ဝုန်းခနဲထ, ထွက်သွားသည်။ စိတ်တို ဒေါသနဲ့ ထွက်သွားပြီးမှ တစ်ချက် လှည့်ပြန်လာကာ ပိုက်ဆံအိတ် အကောင်းစားကြီးထဲက နှစ်ရာတန် တစ်ရွက် ထုတ်ကာ စားပွဲပေါ်တင်ပြီး...

"မင်းဘက်က ကြိုးစားကြည့်လေ... ငါ့ဘက်ကလည်း မပြတ်, ပြတ်အောင် ကြိုးစားပြမယ်... ဘယ်သူက အစွမ်းပိုထက်သလဲဆိုတာ..."

ကျွန်တော့်ကို ခပ်ပြုံးပြုံး ကြည့်ရင်း ထွက်သွားသည်။ ကျွန်တော့် ရင်ထဲက စကားတွေ ပြောပြချင်လိုက်တာ...

အချစ်ဆိုတာ အစွမ်းထက်မှုမျိုး မလိုဘူးထင်ပါတယ်နော် အန်တီ... စစ်မှန်တဲ့ မေတ္တာသာ အရေးကြီးတာပါ...။

နေဝင်ပြီးစအချိန်မှာ နေရောင်ကို မျှော်ငေးနေသူ တစ်ယောက်လို စိတ်အားငယ်သူ တစ်ယောက်ရဲ့ မျှော်လင့်ချက်တွေ ရင်မှာ ထုပ်ပိုးသိမ်းဆည်း မိတာ သူမ ထွက်သွားပြီးနောက်ပိုင်း ကာလကစလို့ပေါ့... သူမရဲ့အပူကို ကျွန်တော်နဲ့အတူ သူငယ်ချင်းတွေအားလုံး မျှဝေခွဲယူပေးခဲ့သည်။ ဆုံနိုင်ခွင့် မရှိတော့ဘူးလား ဘုရားလ်ရေ... ငါ့ရဲ့ဝေ... အနာဂတ်ရဲ့ နုတ်ဆိုးပေးတဲ့ လက်တစ်ဖက်... ချစ်ခြင်းရဲ့သံစဉ်တွေ ပေါက်ကွဲဖြစ်ပေါ်လာလျှင် ပထမဆုံး ရင်ကွဲသူမှာ ကျွန်တော်သာ ဖြစ်နိုင်ပါသည်။

မုန်တိုင်း ကျနေတဲ့ကာလမှာ ချစ်သူကို လှိုင်းတွေ လေတွေထဲမှာ ခဏမြင်ခွင့် ရလိုက်သလို အိပ်မက်ဟာ ပျောက်ဆုံးသွားတယ်နော်... အိပ်မက်တွေကို ထပ်ခါထပ်ခါ မမက်ချင်တော့ပါ...။

ကျောင်းတွေ ပိတ်သွားတော့ တွေ့ခွင့်ရဖို့ဆိုတာ မဖြစ်နိုင်တော့ဘူး ဆိုတာ ကျွန်တော် သိနေခဲ့သည်။

သူမ ရန်ကုန်မြေမှာရော ရှိနိုင်ပါ့မလား...

"ရင်ဝေ"ဟာ တိတ်ဆိတ်နေခဲ့တယ်လို့ ကျွန်တော် ထင်ခဲ့မိ၏။ ပိုတိတ်ဆိတ်နေတာတော့ မဖြစ်နိုင်။ ပူလောင်နေတဲ့ ကျွန်တော့်ရင်ထဲက အရိပ်ဟာ ရင်ဝေရဲ့ ငြိမ်းချမ်းမှုကိုပါ ထိခိုက်နေပြီ ထင်ပါရဲ့နော်...

လက်ဖက်ရည်ရဲ့ အပေါ်ယံ မျက်နှာပြင် တင်းမာနေပြီ ဆိုတာ အားလုံးသိပေမယ့် ဘယ်သူမှ မတို့မထိကြ။ နေစိုး၊ ဇော်ဇော်၊ ဖက်တီး၊ အုပ်စိုးနဲ့ ခင်ဝေ၊ နီနီစိုးတို့ အားလုံးဟာ ငြိမ်သက် တိတ်ဆိတ်နေကြသည်။ အဝင်ဝကို မျှော်ကြည့်သူက မျှော်ကြည့်လို့ပေါ့...

ကိုဝေလွင် ကိုယ်တိုင် ကောင်တာပြေးလိုက် သတင်းလာမေးလိုက်နဲ့ ဂနာမငြိမ်နိုင်ရှာ... မျှော်လင့်ချက်ဆိုတာ မျှော်လင့်ရသူတွေ အတွက်တော့ အခံရခက်ဆုံး ကျိန်စာပါ။ ဘယ်နှစ်ကြိမ်မြောက် သက်ပြင်းတွေ ချပြီးပြီလည်း ဆိုတာ ကျွန်တော်မသိ။ တိုက်ခတ်လာတဲ့လေပူတွေဟာ ကိုယ့်ရင်ထဲက အပူကြောင့် မီးတောက်တွေတောင် ဖြစ်စေနိုင်တယ်။ သူတို့အားလုံးလည်း ကျွန်တော့်လိုပဲလို့ ထင်သည်။

နေစိုးက မီးသေနေတဲ့ ဆေးပေါ့လိပ်တိုကို ယောင်ယမ်း ကောက်ဖွာနေသေးသည်။

ဒါကို ဇော်ဇော်က တစ်ချက်ငဲ့ကြည့်ပြီး အသင့်ကိုင်ထားတဲ့ လက်ထဲက မီးခြစ်နဲ့ အလိုက်သင့် ညှိပေးသည်။ နေစိုးက ဆေးပေါ့လိပ်ကို ဖွာပြီး အားရအောင် ရှိုက်ထုတ်ပြီးမှ...

"ရန်ကုန်မှာ ရှိတယ်ဆိုတာ သေချာရဲ့လား..."

နီနီစိုးက အဝင်ဝ,ကို ငေးနေရာမှ...

"ရဝေနဲ့ မေမိုးတို့ ပြန်လာရင်တော့ အခြေအနေ တစ်ခုခုတော့ သိရမှာပေါ့"

ရေနွေးငှဲ့သံကို ကြားရသည်။

"အဖွားကြီးက တော်တော်လျှင်တယ်နော်"

"အေးဟဲ့... ကျောင်းပိတ်ရက်နဲ့ ကွက်တိလာတာကို ကြည့်ပါလား"

အုပ်စိုးက ခေါင်းတဆတ်ဆတ် ညိတ်ရင်း...

"ဘယ်လောက်လျှင်လျှင်ပါကွာ... ကစားတတ်ဖို့က အဓိကပဲ..."

ဖော်ဖော်နဲ့ အုပ်စိုးကို နားမလည်တဲ့ အကြည့်နဲ့ နီနီစိုးက ငဲ့ကြည့်သည်။ ပြီးတော့ သူမက…

"နေနေ အပြင်ထွက်ခွင့်ရဖို့ မလွယ်တော့ဘူးနော် ဖက်တီး"

ဖက်တီးက လမ်းမဘက်ငေးနေရာမှ…

"အေး… ကစားကွက် ပြောင်းပြီး ရှေ့တက်လာအောင် မျှားခေါ်ရမယ်"

နီနီစိုးက ဖက်တီးကို မျက်မှောင်ကြုတ် ကြည့်သည်။

ကျွန်တော် စိတ်ညစ်နေသည့်ကြားမှ နီနီစိုးကို ကြည့်ကာ ပြုံးမိသည်။ နီနီစိုးကတော့ ယောင်လည်လည်… အုပ်စိုးတို့ ဘာပြောမှန်းမသိ။

"ဟော… လာကြပြီ"

တစ်ယောက်ယောက် ပြောသံကြောင့် ငေးနေရာမှ သတိ ပြန်ဝင်လာသည်။ အမောတကြီး နိုင်လှသော ရဝေနှင့် မေမိုးကို တွေ့ရသည်။ လှချနေရာချပေးတော့ ရဝေတို့ ဝင်ထိုင်ရင်း သူမ လွယ်အိတ်ကို စားပွဲပေါ် တင်လိုက်ရင်းက မောလိုက်တာလို့ ညည်းသည်။ တစ်ယောက်က ဘာတဲ့လဲ လို့ မေးတော့ သူမက…

"ခဏနေပါဦးဟ သ်… အာခေါင်ခြောက်လို့ ရေနွေးကြမ်းလေး သောက်ပါရစေဦး"

အုပ်စိုးက ရေနွေးငှဲ့ပေးသည်။ စက္ကန့်သံတွေ ကြားရလောက်အောင် တိတ်ဆိတ်နေရင်း စိတ်အလောကြီးနိုင်လှစွာ သူမရဲ့ ပြောစကားကို စိတ်မရှည်စွာ စောင့်နေရပြန်သည်။ သူမက ပြီးစီးသွားတော့မှ…

"နင်တို့နှစ်ယောက်ရဲ့အကြောင်းကို အဖွားကြီးက ဟိုမှာကတည်းက သိနေတာဟ"

ကျွန်တော် ကျွတ်ခနဲ စုတ်သပ်မိသည်။

"နေနေ့ကို အဖွားကြီးက အပိုင်ချုပ်ထားတယ်"

သူ စိုးရိမ်စိတ်နဲ့…

"ဘာကိုလဲ…"

ရဝေက သက်ပြင်းချပြီး…

"နေနေ့ကို ဒီရက်အတွင်း ဟိုမှာ စေ့စပ်ကြလိမ့်မယ်တဲ့ဟာ..."

"ဘာ..."

ကျွန်တော် ဝုန်းခနဲထရပ်မိသည်။ ကိုဝေလွင်က နားစွန်နားဖျား ကြားလို့နဲ့တူသည်။ ကောင်တာက ထလာသည်။

"ဟုတ်တယ် ရန်ကြီး... အဲဒီလူက နေနေတို့နဲ့ ဆွေရိပ်မျိုးရိပ် မကင်းဘူး။ အင်္ဂလန်က ပြန်ရောက်လာတဲ့ ဒေါက်တာ ဆွေဆတ်ဆိုတဲ့ လူတစ်ယောက်နဲ့လို့ ပြောတယ်"

ရဝေ့စကားအဆုံးမှာ တိတ်ဆိတ်ခြင်းတွေဟာ အရာရာမှာ နေသား ကျသွားခဲ့သည်။ ကျွန်တော် စိတ်မရှည်ချင်တော့... ဘာလုပ်ရမည်ကိုလည်း ကိုယ့်ကိုယ်ကိုမသိ... ဖော်ဖော်က မျက်နှာချင်းဆိုင် ရပ်ကာ ကျွန်တော့် ပခုံးကို ပုတ်ရင်း...

"မင်း... ဘာဖြစ်ချင်လဲ... ဘာလုပ်ချင်လဲ ရန်ကြီး..."

ကျွန်တော့်မှာ စိုးရိမ်စိတ် မရှိတော့... ကျွန်တော့် နှုတ်ခမ်းတွေ ပြုံးယောင် သမ်းသွားသည်ဟု ထင်သည်။ စိန်ခေါ်သံတွေ ကြားနေရတဲ့ ကြိုးဝိုင်းထဲက အချက်ပြ ဘဲလ်မြည်သံတွေ ခေါင်းထဲမှာ ဆူညံလျက်... ကျွန်တော် ဆုံးဖြတ်ချက် ချလိုက်သည်။

"ငါ သူ့ကို ခိုးပြေးမယ်..."

"အိုကေ..."

"ကောင်းတယ်..."

လက်ဝါးရိုက်သံတွေ ဖြောင်းခနဲ ကြားရသည်။ ဒေါ်မေမြတ်ညို၏ မာနကို ပုတ်ချိုးဖို့ သူ သန္နိဋ္ဌာန်ချခဲ့ပြီ... (ကျွန်တော့်ကို ခွင့်လွှတ်ပါလို့ မတောင်းပန်ချင်တော့ဘူး ဒေါ်မေမြတ်ညို...) ဘာဖြစ်လို့လဲ ဆိုတော့ စစ်ကြေညာပြီးသွားရင် အနိုင် အရှုံးသိအောင် တိုက်လိုက်တာပဲ ကောင်း တယ်နော်။

ဒီကြားထဲ ကိုဝေလွင်က...

"တိုက်စစ်ဖွင့်ကစားကွာ ရန်ကြီး"

ကျွန်တော် ပြုံးမိသည်။

"မိန်းကလေးသုံးယောက်က ကိုဝေလွင်ကို နားမလည်သလို ကြည့်သည်။ ကံကြမ္မာကို အလဲထိုးချော့သိပ်ဖို့ ကြိုးပိုင်းထဲဝင်လာတဲ့ ငါ့မှာ... ယုံကြည်ချက်တော့ရှိတယ်... ချစ်သူ (ဘူးလ်)...။

အပြင်ကပြန်လာတဲ့ မေမေမှာ အဝတ်အစား မလဲနိုင်ရှာသေးပါ။ ချောမောလှပတဲ့ ခန္ဓာကိုယ်နဲ့ အလှစွမ်းအားကို ပိုင်ဆိုင်နိုင်ဆဲ။ နှုတ်ခမ်းသား တင်းတင်းအပေါ် အရောင်ဆိုးတတ်ဆဲ... အထူးသဖြင့် မျက်ဝန်းတွေမှာ ထက်မြက်မှုနဲ့မာနကို ဂုဏ်သိက္ခာတစ်ခုလို ပိုင်ဆိုင်ထားခဲ့သော မေမေသည် နေနေ ဆိုသော သူမကို စီးပွားရေးလောကရဲ့ ငွေကြေး အတက်အကျလို ချယ်လှယ်ချင်ပုံရ၏။

မေမေ... ကျွန်မ ငွေစက္ကူတွေ မဟုတ်ဘူးလေ... အသိုက်အဝန်း နှစ်ခုအတွက် ပေါင်းကူးရောင်းဝယ်ဖို့ စာချုပ်စာတမ်းလည်း မဖြစ်ချင်ဘူး မေမေ... ရင်ထဲက စကားတွေကို မေမေကြားမိမှာတော့ မဟုတ်ဘူး။

ဒေါ်မေမြတ်ညို ဆိုတဲ့ မိန်းမသားတစ်ယောက်ရဲ့ အိမ်ထောင်ရေး သင်ခန်းစာကို မေမေ နှောင်တ မရသေးဘူးလား။ လူသားတစ်ဦးအနေနဲ့ တော့ "အချစ်..." ဆိုတဲ့ စိတ်ခံစားချက်ကို လူပီသစွာ လိုက်လျော ပေးသင့်ပါတယ်လို့ ကျွန်မ ထင်တယ်နော်...။

ကျွန်မရင်ထဲက အသံတွေ မေမေ အလေးမထားတတ်။ ဘယ်သော အခါမှလည်း ဖွင့်ဟခွင့် မပေးခဲ့ပေ။

ဆိုဖာပေါ် အူးချိတ်တင်ရင်း ရွှေရောင်မျက်မှန်ကိုင်းသည် လက်ခနဲ... ပြီးတော့ ဆိုဖာနောက်မှာ ရပ်နေသော သူမကို မော့ကြည့်သည်။ တစ်ခါ တစ်ခါ မေမေ့ မျက်ဝန်းတွေဟာ အောင်ပွဲရ စစ်ဘုရင်တစ်ပါးလိုပဲ...။

"နေနေ... ညည်း ဒေါက်တာဆွေဆတ်ကို လက်ထပ်ဖို့ ပြင်ထားပါ"

သူမကတော့ မေမေ့ကို ရင်ဆိုင်မကြည့်... သို့သော်...

"သမီး သူ့ကို လက်မထပ်နိုင်ဘူး မေမေ"

"ဘာယ်လို... လက်မထပ်နိုင်ဘူး... ဟုတ်လား..."

"ဟုတ်ပြီလေ... လက်မထပ်နိုင်ဘူးဆိုရင် ညည်း... သူ့အပေါ် ဘာကြောင့် လက်မထပ်နိုင်တာလဲ၊ (ရီဇင်) Reason ပြလေ"

သူမ ပြုံးမိသည် ထင်ပါရဲ့... သူမ အပြုံးကို မေမေ မြင်တွေ့သွားသလို...

"ယောက်ျားတစ်ယောက် ခင်ပွန်းလောင်းတစ်ယောက် အနေနဲ့တော့ ဒေါက်တာဆွေဆတ်ဟာ ရန်ကြီးထက်တော့ သာပါတယ်... ဒါပေမယ့် သမီး သူ့အပေါ် ချစ်လို့မရတာဟာ သူ့ကို သမီး ငြင်းရတဲ့အချက်ပဲ မေမေ"

မီးခြစ် ခြစ်သံကြားရတယ်... စီးကရက်မသောက်ဘဲ မီးတောက်ကို စိုက်ကြည့်နေရင်း တမျှင်းမျှင်း ရယ်နေတယ်။ ဒေါ်မေမြတ်ညိုရဲ့ ကျော်ကြားတဲ့ ဟန်ဆောင်မှုတစ်ခု ဖြစ်မှာပေါ့လေ...။

"အချစ်ဆိုတာ... သမီး သိပ်သိနေတယ်ပေါ့... ကိုစိုးအောင်ရဲ့ သမီးက ကိုစိုးအောင်လိုပဲ အချစ်စကား သိပ်ပြောပါလား... အဲဒီ အချစ်ဆိုတာ ဘဝအသက်ရှင်ဖို့အတွက် ဘယ်လောက် အသုံးဝင်လဲ... ဒါ... မေမေ ဖြတ်သန်းလာပြီး သိရတဲ့ အတွေ့အကြုံအရ ပြောတာနော်..."

သူမ မေမေ့ကို ငေးစိုက်ကြည့်မိတယ်။ မေမေ့ကို အားနာသလို ခံစားရတယ်... (မေမေ့ ခံယူချက်တွေ အတွက်လေ...)

"မေမေနဲ့ ဖေဖေကွဲခဲ့ကြတာ အချစ်နဲ့ ငွေကြေးကြောင့်လို့တော့ သက်ဆိုင်တယ်ထင်ပါရဲ့ မေမေ"

စင်ရော်တောင် မျက်ခုံးတွေ မြင့်တက်သွားတယ်။ သူမကိုလည်း စူးစူးရဲရဲ ကြည့်တယ်...

"မေမေနဲ့ ဖေဖေ သမီးငယ်ငယ်ကတည်းက ကွဲခဲ့ကြတာ၊ ဘယ်မှာလဲ သမီးရဲ့ပျော်ရွှင်မှု... ကိုယ့်သားသမီးအတွက် သံယောဇဉ် အကြင်နာပေးချိန်မရအောင် မေမေက ငွေကြေးနောက်ပဲ သဲသဲမဲမဲ လိုက်နေတယ်၊ သံယောဇဉ်နဲ့ ငွေကြေး ပဋိပက္ခဟာ အနည်းဆုံး ကိုယ့်ရဲ့မျိုးဆက်အတွက်

တော့ ထိခိုက် စေနိုင်တယ်ဆိုတာ မေမေ မသိလို့လား… အဲဒါမှမဟုတ်ရင် မေမေ မသိချင်ယောင် ဆောင်နေတာပါ… ဖေဖေ့ရဲ့ မေတ္တာ အကြင်နာ… ဖေဖေ့ရဲ့အရိပ်တွေ သမီးနားမှာ အမြဲရောက်နေဖို့ သမီးရင်ထဲရောက်နေဖို့ မေမေ့ ငွေစက္ကူတွေကကော တတ်နိုင်လို့လား မေမေ… မေမေ တစ်ယောက်တည်း အထီးကျန်ဖြစ်နေဖို့ မေမေ့ကို အဲဒီငွေတွေကပဲ ဖျက်ဆီးနေတာပဲ မဟုတ်လား… သမီးရဲ့ အနာဂတ်ဘဝမှာ နောက်ထပ် 'နေနေညို' ရဲ့ မိဘမပြည့်စုံတဲ့ အချစ်ငတ်နေတဲ့ကလေးမျိုးတွေ ထပ်မပေါ်ပေါက်စေရဘူး မေမေ… သမီးကို ခွင့်လွှတ်ပါ"

သူမရဲ့ တရစပ် စကားသံတွေအောက်မှာ မေမေက အငိုက်မိလျက်သား… အတန့်ကြာမှ…

"အေး… ညည်းအဖေနဲ့ ငါ လူကြီးချင်းသဘောတူလို့ လက်ထပ်ကြရပေမယ့် ငါဖောက်ပြန်ခဲ့လို့ ကွဲခဲ့ရတာမဟုတ်ဘူး မိနေ… ညည်းအဖေလို တော်ရုံတန်ရုံနဲ့ ရောင့်ရဲ တင်းတိမ်နိုင်တဲ့ စိတ်ဓာတ်ကြောင့် ငါတို့ အိမ်ထောင်ရေး အဆင်မပြေလို့ ကွဲခဲ့ကြရတာ… ညည်းလည်း ငါ့လိုမခံစားပါစေနဲ့ဆိုပြီး ညည်းကို အလိုလိုက် အကြိုက်ဆောင်နိုင်မယ့် ဒေါက်တာ ဆွေဆတ်လို လူမျိုးနဲ့ ငါစီစဉ်တာ မိနေ… ဒါ…အမှားတစ်ခုဆိုရင် မတရားမှုဆိုရင် သားသမီးအပေါ်ထားတဲ့ မိဘတစ်ယောက်ရဲ့ စစ်မှန်တဲ့ အတ္တနဲ့ မှားတဲ့အမှားမျိုးပဲ"

သူမက နာနာကျင်ကျင် ရယ်ချလိုက်တယ်။ ပြီးတော့ ပါးပြင်ပေါ်ကို ကျလာတဲ့ မျက်ရည်စက်တွေ…

"ငါ့လို ဖြစ်မှာစိုးလို့တဲ့လား မေမေ… ဖေဖေက ပညာတတ်တစ်ယောက်ပဲ မေမေရဲ့… ပညာတတ်တစ်ယောက်ဟာ ပညာရေးကလွဲပြီး ဘာကို စိတ်ဝင်စားရဦးမှာလဲ… ဖေဖေဟာ မွဲတေနေလို့လား… ဖေဖေ့ကြောင့် မေမေ ထမင်းငတ်ခဲ့ဖူးလို့လား… ချမ်းသာ ကြွယ်ဝလောက်အောင် မရှာနိုင်တဲ့ ဖေဖေ့ကို မေမေ အထင်မကြီးဘူး။ ခင်ပွန်းတစ်ယောက်အနေနဲ့ သိက္ခာတရားကို မေမေ မလေးစားဘူး။ ငါရှာနိုင်တာပဲ ဆိုတဲ့ စိတ်နဲ့ တန်းညှိချင်တဲ့ မေမေ့စိတ်ဓာတ်ကို မေမေ မဆန်းစစ်တာပါ…"

"တော်စမ်း... မိနေ..."

မီးဝင်းဝင်းတောက် မျက်လုံးတွေ၊ တဆတ်ဆတ် တုန်ယင်နေတဲ့ ဆိုးသေးရောင် မေမေ့ နှုတ်ခမ်းပါး...

သူမကို စိမ်ပြေနပြေ စိုက်ကြည့်နေသော မေမေသည် တစ်ကြိမ် တစ်ခါမှ သူ့စကားကို မငြင်းဆန်ဘူးတဲ့ သမီးအတွက် အံ့အားသင့် အခံရ ခက်နေဟန် တူပါသည်။ ခွင့်လွှတ်ပါ မေမေ... ဒါ သမီးရဲ့ နှလုံးသား ကိစ္စမို့ပါ...

"ဩော်... အရွယ်ရောက်လာတော့ ညည်းက ခြေရာချင်း တိုင်းချင် လာပြီကိုး... တစ်သက်လုံး အမေက ပြုစုပေးခဲ့ရတာကိုမှ ညည်းက မမြင်နိုင်ခဲ့ပြီပေါ့ မိနေ... အခုတော့ ညည်းက အဖေကို သိပ်တန်ဖိုး ထားတတ်နေပြီပေါ့...အေး... မေမြတ်ညို ဆိုတဲ့ မိန်းမကလည်း ပြောရင် ပြောတဲ့အတိုင်း လုပ်တတ်တယ်ဆိုတာ ညည်းလည်း သိပါတယ်"

"မေမေ မတရားဘူး..."

သူမအသံ မဆုံးခင်မှာ...

"ဖြန်း..."

သူမ မျက်လုံးတွေ ပြာဝေသွားကာ ချာခနဲ လည်ထွက်သွားပြီး ဆိုဖာပေါ် ပုံပုံလေး လဲကျသွားသည်။

ပါးပြင်ပေါ်က နာကျင်မှုထက် ရင်ထဲက နာကျင်မှုက ပိုသိသာသည် ထင်၏။

ခေတ်ပညာ အရည်အချင်းတွေ တတ်မြောက်ထားပေမယ့် သူမ မေမေရဲ့အတ္တက ပဒေသရာဇ်စနစ်ရဲ့ အရိပ်အယောင်မျိုးတွေနဲ့ သားသမီး အပေါ် ချယ်လှယ်ချင်ခဲ့တုန်း... မျက်ရည်တွေ စိုရွှဲနေတဲ့ သူမရဲ့ပါးပြင်... နောက် ရှိုက်သံ... သူမ ဒီပုံစံအတိုင်းသားနဲ့ ဆိုဖာပေါ် မျက်နှာအပ်ကာ ရှိုက်ငိုလို့ မဆုံးနိုင်ခင်မှာပဲ...

"ဩော်... သမီးတို့ပါလား... လာလာ... သမီးသူငယ်ချင်းကို အန်တီရှေ့က ခေါ်သွားကြကွယ်၊ သူ့ကိုလည်း နည်းနည်း ဖျောင်းဖျပေး လိုက်ကြပါဦး"

ရဝေနဲ့ နီနီစိုးတို့ မေမေနဲ့ စကားပြောနေတာ ကြားရတယ်၊ သူမ ကတော့ အားအင် ပျောက်ဆုံးနေတဲ့ လူတစ်ယောက်လို ဘာကိုမှ သတိမထားချင်တော့...။

နွေးထွေးကြင်နာစွာ ရဝေတို့က ဖေမေ တွဲခေါ်တော့ ရဝေ့ကို မှီတွယ်ရင်း အခန်းထဲကို လိုက်ပါလာမိသည်။ အခန်းထဲရောက်တော့ နီနီစိုးက သူမပခုံးကို ချော့သိပ်ပွေ့ဖက်ရင်း သူမကို နှစ်သိမ့်နေပါသည်။

ရဝေက အခန်းတံခါး လော့ကိုချရင်း သူမဘေးက အိပ်ရာပေါ်မှာ ဝင်ထိုင်သည်။ ပြီးတော့ သူမကို အငေးသားကြည့်ကာ သက်ပြင်းကိုချရင်း–

"ငါတို့လည်း စိတ်မကောင်းပါဘူးဟာ"

သူမ မျက်ရည်တွေကို လက်ခုံဖြင့်သုတ်ပစ်ရင်း ရဝေကို အားကိုးတကြီးနဲ့ မော့ကြည့်ရင်းမှ အလောတကြီးနိုင်စွာ...

"သူနဲ့တွေ့ခဲ့လားဟင်... သူ ဘာပြောလိုက်လဲ"

သူမရဲ့ ဗလုံးဗထွေးနိုင်မှုနဲ့ အစမသတ်နိုင်တဲ့ စကားကို ရဝေက မသက်မသာ ခေါင်းညိတ်ပြရင်း ပိတ်ထားတဲ့အခန်း တံခါးဝထံ မလုံမလဲ ကြည့်မိပြီး...

"သူလည်း နင်နဲ့ထပ်တူပါပဲဟယ်... နင့်အတွက် သူ စာရေးပေး လိုက်တယ်"

သေသပ်စွာ အခေါက်ခေါက်အခါခါ ညှပ်ထားသော စာရွက်ခေါက် လေးကို ရဝေက ဘေးလွယ်အိတ် ဇစ်ဖွင့်ပေးရင်း ထုတ်ပေးသည်။ စီးကရက်ဘူးခွံ ရွှေရောင်စက္ကူရဲ့ကျောဘက်မှာ တစ်ကြောင်းတည်းသော စာတန်းတစ်ခု။

"ကိုဝေလွင့်ဆိုင်ကနေ ရန်ကြီး ရေးပေးလိုက်တာတဲ့... ပြီးတော့ ဖက်တီးက ငါ့ဆီလာပေးတာဟ"

သူမ စာရွက်ခေါက်ကို ဖွင့်ဖွင့်ချင်းမှာ မျက်ရည်တစ်စက် စာရွက်ပေါ်ကို အရှိန်နဲ့ လိမ့်ကျသွားတယ်။

ထိုစဉ်မှာပဲ...

"သမီးရေ..."

ခေါ်သံနဲ့ တံခါးခေါက်သံကြောင့် ဖွင့်လက်စ စာရွက်ကို ခေါင်းအုံးအောက်ထဲ ထိုးထည့်ပြီး မျက်ရည်တွေကို အမြန်ဆုံး ဖယ်ရှားလိုက်သည်။ အားလုံးပြီးစီးသည်ဆိုမှ ရဝေက တစ်ချက်ကြည့်ကာ တံခါးဖွင့်ပေးသည်။ အခန်းဝမှ ကော်ဖီပန်းကို ကိုင်ရင်း ရပ်နေသော နေနေ့အမေ ကိုယ်တိုင်ဖြစ်နေသည်။

ဒေါ်မေမြတ်ညိုရဲ့ မျက်ဝန်းတွေထဲမှာ ရဝေတို့အပေါ် စိတ်မချနိုင်တဲ့ဟန်တွေ တွေ့နေရပေမယ့် ရယ်ရယ်မောမောပါပဲ... နေနေ့ အခန်းထဲမှာပဲ ဒေါ်မေမြတ်ညိုက နေနေ့ အကြောင်းတွေ ဦးတည်ပြီး သူ့သမီး လမ်းမှားမရောက်အောင်... ပြီးတော့ သူငယ်ချင်းကောင်း ပီသစေရန်နဲ့ အလိမ္မာသုံးပြီး ပြောပြော ပို့ချနေသည်။

နောက်တော့ နေနေ့ကို ဘယ်လိုမှ အလွတ်မပေးသော နေနေ့အမေကြောင့် ရဝေတို့ နောက်လှည့်ပြန်ခဲ့ရသည်။ နေနေ ကတော့ ရဝေအခန်းထဲမှမထွက်ခင် အဓိပ္ပာယ်ပါတဲ့ မျက်ဝန်းတွေနဲ့ ရဝေကို ကြည့်နေခဲ့ပါ၏။

ရဝေကတော့ 'စိတ်အေးအေးထားပါဟယ်' လို့ မပြောရုံ တစ်မယ်ပါပဲ။

အခန်းထဲက အားလုံးထွက်သွားတော့မှ အခန်းတံခါးကို သေသေချာချာပိတ်ပြီး ခုနစာရွက်ကို ဖွင့်ဖတ်တော့ မျက်ရည်စက်ကြောင့် မှင်စွန်းနေတာတွေ့ရ၏။ စီးကရက်အတွင်းခံ စက္ကူဖြူပေါ်က အချိုင့်လေးတွေအဖုအထစ်ပါတဲ့ စက္ကူဖြူပေါ်မှာ ရန်ကြီးရဲ့ ခပ်သော့သော့လက်ရေး... ရင်ကို ချမ်းမြေ့ငြိမ်းအေးစေတဲ့ ချစ်သူရဲ့ စာကြောင်းလေးတစ်ခု...

"ရဝေဆီ မနက်ဖြန် (၁၂)နာရီစောင့်... "

စာရွက်လေးကို ရင်ခွင်ထဲထည့်ပြီး မျက်ဝန်းမှိတ်ကာ ငြိမ်သက်နေမိသည်။

စိုစွတ်နေတဲ့ ပါးပြင်ပေါ်သို့ ထပ်ပြီးစီးကျလာတဲ့ ခပ်နွေးနွေးမျက်ရည်ရဲ့ အထိအတွေ့ကို သတိထားမိသည်။

မနက်ဖြန်ကို ရင်ဆိုင်နိုင်ဖို့ ဒီတစ်နေ့က စပြီး စောင့်နေပါမယ် ရန်ကြီး...

မျက်ရည်တွေ တိတ်ဖို့ (ဒါမှမဟုတ်) မျက်ရည်တွေ ခြောက်သွေ့သွားဖို့...

မနက်ဖြန်ကို ငါ အလိုရှိတယ်ဆိုတာ နင် ယုံကြည်ပေးပါနော်...

## အခန်း [ ၁၀ ]

ဘေးလွယ်အိတ် တစ်ခုသာပါသော သူမကို ရဝေကိုက မြင်မြင်ချင်း ဟက်ဟက်ပက်ပက် ရယ်မောကာ ခြံထဲကို ဆွဲခေါ်ရင်း…

"ဒိုးပြေးမယ့် မိန်းမကလည်း ဒီပုံအတိုင်းကြီးလား…"

သူမက ရှက်ပြုံး ပြုံးရင်းမှ…

"မေမေ ရိပ်မိသွားမှာစိုးလို့ ဒီအတိုင်းပဲ ထွက်လာလိုက်တာဟ"

ခြံဝင်း အဝင်တံခါးဘက် မျက်နှာမူထားရင်း သူမတို့ နှစ်ယောက် ဒန်းတစ်ခုပေါ်မှာ ဝင်ထိုင်လိုက်ကြသည်။ ရဝေက သူမလက်ကို ခပ်သာသာ ဆုပ်ကိုင်ရင်း

"စာထဲက အကြောင်းကိုလည်း ငါ့ကို ပြောပြပါဦး နေနေရဲ့"

သူမက ခြံအဝင်ဝကို ကြည့်နေရာမှ…

"နင့်ဆီမှာပဲ ၁၂ နာရီ စောင့်နေတဲ့"

ဩော်… လို့ အံ့ဩရင်း ရဝေက ခေါင်းတဆတ်ဆတ် ညိတ်သည်။

"ဒါနဲ့ နင် ဘယ်လိုထွက်လာတာလဲ၊ လွယ်ရဲ့လား…"

ရဝေစကားကြောင့် ဒေါက်တာဆွေဆတ်မျက်နှာကို ဖျတ်ခနဲမြင်မိသည်။ ပြီးတော့ မေမေ့မျက်နှာ… အခုချိန်လောက်ဆို ဒေါသတွေနဲ့ သူမကို ပိုက်စိပ်တိုက်ရှာဖို့ ကြံစည်နေမှာ သူမ သိသည်။

"မနေ့ကညနေလောက် စိတ်ပြေလက်ပျောက်ဆိုပြီး ငါ 'ရင်ဝေ'မှာ သွားထိုင်တယ်၊ ဒေါက်တာဆွေဆတ်ကို ဟိုရောက်ရင် အကူအညီတောင်းပြီး အဖြစ်အမှန်ကို ပြောပြမယ်ပေါ့၊ ဒါပေမယ့် မေမေ ပါလာတော့ အခွင့်အရေး မရခဲ့ဘူး...

ကိုဝေလွင်ကတောင် ငါ့ကို လာနှုတ်ဆက်တယ်၊ ငါလည်း မေမေ့ရှေ့မှာ ဆိုတော့ ဒေါက်တာ့ကို ငါနဲ့စေ့စပ်မယ့်သူ ဆိုပြီး ကိုဝေလွင်ကို မိတ်ဆက် ပေးလိုက်တယ်... ကိုဝေလွင်တောင် ငါ့ကို မျက်လုံးကြီး ပြူးပြီးကြည့်နေ တော့ ငါ ရယ်ချင်လိုက်တာဟယ်... မေမေက ငါ့ကို အကဲခတ်နေတာ... ငါလည်း ရယ်ရယ်မောမောပဲလေ...

မနက်ကျတော့ ဒေါက်တာဆွေဆတ်ကို ဖုန်းဆက်ပြီး ခေါ်လိုက် တယ်လေ၊ မေမေကတော့ ငါ့အပြောင်းအလဲကို ယုံကြည်သွားပေမယ့် သိပ်မယုံချင်ဘူးဟ... ဒေါက်တာရောက်လာတာနဲ့ ဈေးဝယ်ထွက်ဖို့ဆိုပြီး အကြောင်းပြချက်နဲ့ အပြင်ရောက်တော့မှ အခြေအနေကို ရှင်းပြရတာ..."

ရဝေက ပါးစပ်အဟောင်းသားနဲ့ စိတ်ဝင်တစား...

"ဒေါက်တာက ဘာပြောလဲ"

"သူက ပြောတယ်လေ... မိဘတွေသဘောအရ ငါ့ကို လက်ထပ် ရမယ် ဆိုပေမယ့် ငါ့ကို သဘောကျတယ်တဲ့လေ"

"ဟော့တော်... "

ရဝေ အံ့ဩသွားသံကြောင့် ပြုံးမိကာ–

"ဒါပေမယ့် နေနေ့ဆန္ဒမပါရင် သူ ဒီကိစ္စကို မစီစဉ်ပါဘူးတဲ့... သူ ဗီလိန် မဖြစ်ချင်ဘူးတဲ့၊ အဲဒါကြောင့်လည်း သူ အစစအရာရာ ကူညီ ပေးတာပေါ့ဟာ"

"ဒေါက်တာ သနားပါတယ်နော်"

သူမက ရဝေစကားကြောင့် မျက်စောင်းထိုးရင်း...

"သနားရင် နင်ယူလိုက်ပါလား"

ရဝေက မချိမချဉ်မျက်နှာနဲ့...

"အင်း... ကောင်းတယ်ထင်ရင် စီစဉ်ကြပေါ့ဟယ်"

သူမက ရဝေကို ဆွဲဆိတ်တော့ ရဝေက ရယ်မောရင်း သူမလက်တွေကို ဖမ်းချုပ်ထားသည်။ စကားတွေပြောကြရင်း သူမက နာရီကိုကြည့်လိုက်… အပေါက်ဝကို မျှော်လိုက် စိတ်တွေ ယောက်ယက်ခတ်နေသည်။

သူမရဲ့ နာရီလက်တံတွေ ၁၂ နာရီကို စွန်းစ,ပြုနေသည်။ တဖြည်းဖြည်း စိတ်ပူစပြုရင်း လွဲချော်သွားမယ့် ကံကြမ္မာကို စဉ်းစားမိကာ သူမ မျက်နှာသည် ဟန်မဆောင်နိုင်အောင် ပျက်နေခဲ့ရသည်။ ရဝေကတော့–

"လာမှာပါဟာ… အသေအချာ စီစဉ်ထားတာပဲ…"

နေကျော်စ ပြုနေပြီအချိန်မှာ နေအပူရှိန်နဲ့ ခုံတန်းတစ်ခုလုံး ပူခြစ်နေသည်။ ရဝေ့အမေက အိမ်ထဲဝင်တော့လေဆိုတော့ ရဝေက "ခဏလေး မေမေ"လို့ ပြန်အော်ပြောတယ်။ ဒါပေမယ့် ထိုင်ရာမှ သူမတို့နှစ်ယောက် မရွှေ့ခဲ့။

တဖြည်းဖြည်းနဲ့ အချိန်တွေ ကုန်လွန်လာလေလေ စိုးရိမ်စိတ်အစား နာကျင်အခံရခက်မှုက အစားထိုးဝင်ရောက်လာခဲ့ပြီ။ ဘေးမှ ရဝေကလည်း တိတ်ဆိတ်လျက်အနေအထား… သူမ နာရီကိုကြည့်တော့ အညိုရောင်ဒိုင်ခွက်ထဲမှာ ၁ နာရီနဲ့ ၂၅မိနစ်…

"တောက်"

တောက်တစ်ချက် ခေါက်သံကြောင့် ရဝေ မျက်လုံး အပိုင်းသားနဲ့ သူမ မျက်နှာကို အလန့်တကြား ငဲ့ကြည့်၏။ နှုတ်ခမ်း ထောင့်စွန်းက နာကြည်းချက်နဲ့ သူ့အပေါ် အပြုံးနဲ့အမုန်းက သွေးစက်တွေ စွန်းထင်းဖြစ်သွားခဲ့ပြီ။

ရက်စက်ခြင်းဟာ ကံကြမ္မာလား… ပေါက်ပြဲသွားသော နှုတ်ခမ်းဒဏ်ရာကို ရဝေကမြင်တော့ ရဝေက စိုးရိမ်စိတ်နဲ့ သူမကို ချော့မော့သိမ်းသွင်းဖို့ ကြိုးစည်ပါသေးသည်။

ဒါပေမယ့် သူမရင်ထဲမှာ အရှက်နဲ့ ချစ်ခြင်းကို စော်ကားခံရတဲ့ အမျက်က ရှန်းကန်ထွက်ခွာသွားခဲ့ပြီ…။

"နေနေ… ဒါ တစ်ခုခုအလွဲ…"

သူမ ဝုန်းခနဲ ဒန်းပေါ်ကထရပ်ရင်း ခေါင်းခါပြလိုက်တော့ ရဝေ တိတ်ဆိတ် ဆွံ့အသွားတယ်။ ပြီးတော့ သူမကို ကြောင် ေးကြည့်နေတယ်... သူမရဲ့ပါးပြင်ပေါ်ကို ဒဏ်ရာအနာတရက နင့်နင့်သီးသီး ထုတ်လွှတ်ပစ်လိုက်သော မျက်ရည်တွေ အရှိန်သန်တဲ့ မြစ်ရေလိုပါပဲ။

ခြံဝင်းထဲကို ကွေ့ဝင်လာတဲ့ ကားဖြူလေးဟာ သူမရဲ့ အရှုံးကို သိပ်သေချာအောင် လမ်းပြပေးလိုက်သည်။ ခပ်လှမ်းလှမ်းမှာ ထိုးရပ်ရင်း ကားမောင်းသူ နေရာမှာ ဒေါက်တာဆွေဆတ်... ဘေးမှာက သူမကို ခန့်မှန်းရခက်တဲ့ မျက်ဝန်းတွေနဲ့ ကြည့်နေတဲ့ မေမေ... မေမေက ကားပေါ်မှဆင်းမလာခဲ့... သူမ ခြေလှမ်းမစမီ ရဝေ့ဆီ လှည့်ကြည့်မိသည်။ ပြီးတော့... အရာရာကို နာကြည်းချက်ရှိမယ့် ဥပေက္ခာပြုခံရတဲ့ မိန်းမ တစ်ယောက်ရဲ့ ရင်ထဲကအသံတွေနဲ့ ပျက်သုဉ်းကြေမွနေသူ တစ်ယောက်ရဲ့ စကားတွေဟာ ကျိန်စာတွေများ ဖြစ်ခွင့်ရှိသလား...

“ရဝေ... ဖြစ်လေရာဘဝတိုင်းမှာ ရန်ကြီးအောင်ဆိုတဲ့ လူ တစ်ယောက်ကို ငါ ဆုံစည်းခွင့် မရှိချင်တော့ဘူး”

ရဝေကို သူမ ပြောပြီး မလွတ်မြောက်နိုင်သေးတဲ့ သားကောင် တစ်ကောင်လို လှောင်အိမ်ရှိရာသို့ သူမ ပြန်လှည့်လာခဲ့ရသည်။

ပုံပြောကောင်းတဲ့ ယောကျ်ားတစ်ယောက်ရဲ့ နှုတ်ခမ်းမှ အဆိပ်ကို ပျားရည်တစ်စက်လို သူမ ဘာလို့ ယုံကြည်မိလိုက်တာလဲ... ‘အချစ်’ ဆိုတာ အသည်းကွဲခြင်းရဲ့ နာမည်ဝှက်တစ်မျိုးလို့ ထင်ပါရဲ့နော်...။

## အခန်း [ ၁၁ ]

နေဝင်သွားခဲ့ပြီ...

လျှပ်စစ်မီးသီးတွေ အဖွင့်မှာ ကံမကောင်းတဲ့ ဇာတ်သိမ်းကို မီးမောင်း ထိုးပြလိုက်သလိုပါပဲ။

သူမ... ရောက်လာမှာပဲရယ်လို့ သူလက်ခံထားခြင်းကို မသေချာခြင်း တွေက ပြက်ရယ်ပြုကြပြီပေါ့... ပေါက်ကွဲ ကြေမွလွယ်တဲ့ လူတစ်ယောက်ရဲ့ စိတ်ဟာ ငြိမ်သက် တိတ်ဆိတ်ခြင်းဖြင့် ဆွံ့အခဲ့ရသည်။

ဆုံးရှုံးပြီ အသိတွေနဲ့ သံယောဇဉ်တောမီးက တိတ်ဆိတ်နေတဲ့ သူ့ရင်ကို စတင်စွဲလောင်ခဲ့ပြီ...

လက်ထဲကနာရီသည် ခုနစ်လက်တံကို ညွှန်ပြနေပြီ... ဒါပေမယ့် သူ့ရင်ထဲမှာတော့ ယုံကြည်ချင်နေတုန်းပဲ...

ကိုဝေလွင်က မတ်တတ်ရပ်အနေအထား... အုပ်စိုးနဲ့ ဇော်ဇော်က လမ်းမဘက်ကို ငေးနေသည်။ ပတ်ဝန်းကျင်အနေ အထားဟာ သူ့အတွက် တော့ အလွမ်းငွေ့နဲ့ နိမိတ်ပုံတစ်ခုလို သေချာပြီလို့ လက်ခံထားသူတွေရှိပေ မယ့် အခုအချိန်ထိ မျှော်လင့်နေမိဆဲ... ဟန်မဆောင်နိုင်လောက်အောင် ခင်ဝေဆီက အခံရခက်တဲ့ စကားသံတွေ...

"နေနေ... သိပ်ရက်စက်တယ်ဟာ..."

မေမိုးဆီက သက်ပြင်းချသံ… သူ့ရဲ့ လှုပ်ရှားအသက်မဲ့မှုကို သူတို့အားလုံးရဲ့ မခံချင်စိတ် ဒေါသက တကွဲတပြားခြားနားလျက် နေဝင်ခြင်းအမှောင်… ဒါတွေဟာ အရှုံးဆိုတာရဲ့ ကိုယ်စားပြုတဲ့ သင်္ကေတ အမှတ်အသားတွေများလား…

သူ တစ်ခွန်းတစ်ပါဒ မဟဘဲ ငြိမ်သက်နေပုံကို သူတို့ အားလုံးနားမလည်။ ငြိမ်သက်နေတဲ့အတွင်းပိုင်းက ထပ်ဆင့်ပေါက်ကွဲနေတဲ့ မီးတောင်တစ်ခုလုံးကို ဘယ်သူမှ မမြင် မသိကြဘူးထင်ပါရဲ့… ငါ ငိုနေတယ်လေ… ဘယ်သူသိကြလို့လဲ…

"ဒီကောင်မလေး… ဒေါက်တာနဲ့ မိတ်ဆက်ပေးတော့ သူ့အမေကို အယုံသွင်းတာပဲ ငါထင်နေခဲ့တာ၊ အခုတော့ကွာ"

ကိုဝေလွင်ရဲ့ မချိတင်စကား… မျက်ဝန်းကို မှိတ်လိုက်ပေမယ့် အရာရာဟာ ကွယ်ပျောက်သွားရော့လား… အချိန်ကိုက် တေ့ဖြုတ်လိုက်တဲ့ စနက်တံတစ်ခုလို သူမရဲ့ ရက်စက်ခြင်းတွေ…

ရိုးသားပါတယ်ဆိုတဲ့… သူမရဲ့အပြုံးတွေ… အာရုံမှာ ဟိုတစ်ကွက်သည်တစ်ကွက်… နောက်ပြီး မမေ့နိုင်စရာကောင်းတဲ့ အနမ်းတစ်ပွင့်ဟာ ကျင်စက်နဲ့ အတို့ခံရဖူးတဲ့ ဒုက္ခလိုပေါ့။


သူ ထိုင်ရာမှထရင်း အားလုံးကို ကျောခိုင်းလိုက်သည်။ မကျေနပ်သံတွေ၊ စကားသံတွေ၊ တောက်ခေါက်သံတွေ နောက်ပြီး ထင်မြင်ယူဆချက်တွေ။ သူ ဒီညနက်ထဲမှာ အားလုံးကို ထားပစ်ခဲ့ချင်ပြီ…

လမ်းမီးတိုင်တွေရဲ့အောက်က သူ့ခြေလှမ်းတွေကကော ဘယ်ကို ဦးတည်ခဲ့တာလဲ…ရည်ရွယ်ချက်ကို မသိချင်တော့ပါ။

ရည်မှန်းချက်ပျက်သူ… ပြီးတော့… အနာဂတ်ကို ကြိုတင်ပျော်ရွှင်နေသူရဲ့ ရင်ကိုမှ ရိုက်ချိုးခံလိုက်ရတဲ့အဖြစ်…

ဟုတ်တာပေါ့… တကယ်တော့ ကံကြမ္မာဆိုတာ အလွန်ထက်မြက်တဲ့ ဓားပါးပါးလေးပဲ… အတွင်းကို ထိုးစိုက်မိတာပဲဖြစ်ဖြစ်… ရှပ်ထိတာပဲ ဖြစ်ဖြစ် အမာရွတ်တော့ ကျန်ခဲ့မိမှာပဲ။

နေနေညို ဆိုတဲ့ ဒဏ်ရာလေးတစ်ခု နှလုံးသားမှာ တည်ရှိခဲ့ဖူးသည်။



ပြီးခဲ့သမျှ
အတိတ်ဆိုတာရဲ့ ကွန်ပျူတာမှာ
အဖြေတစ်ခု ထုတ်ပေးတယ်
ဒဏ်ရာဆိုတာတွေ
လိုသမျှ သူ ထုတ်ပေးမယ်တဲ့ ...

## အခန်း [ ၁၂ ]

ရက်လနှစ်တွေရဲ့ ကျော်ဖြတ်မှုမှာ သူ အလွယ်တကူ ထင်ထားခဲ့သည့် ရင်ဘတ်ထဲက ဒဏ်ရာဟာ 'ကာလ'ဆိုတာရဲ့ တိုက်စားမှုမှာ အမှုန်အမွှား ဖြစ်နိုင်ခဲ့မည်လို့ပေါ့... သူ ထင်သလောက် မလွယ်ကူပါ... အသည်းကွဲခြင်းကို အိမ်ကမိသားစု သိမှာလည်း သူ ရှက်နေမိပြန်သည်။ ဖက်တီးတစ်ယောက်တည်း နေတဲ့တိုက်ခန်းမှာ နေထိုင်ရင်း ဖက်တီးနဲ့အတူ သူ့အဖေကုမ္ပဏီမှာ ဝင်ရောက် ကူညီလုပ်ကိုင်ပေးခဲ့သည်။

ညနေပိုင်းတွေမှာ သူငယ်ချင်းတွေ ဆုံဖြစ်ကြတာတော့ ပုံမှန် တစ်ခုပင်။ "ရင်ဝေ"ကို ရှောင်သည်။ သူမနဲ့ ပတ်သက်သမျှကို အားလုံးက မေ့ချင်ယောင်ဆောင်ကာ သတိတရဖြစ်နိုင်မယ့် စကားတောင် မဟကြ။ အဲဒီအတွက် သူ အားလုံးကို ကျေးဇူး တင်ရပါသည်။ ကျင်လည်ရာဒေသ၊ အမှတ်တရဖြစ်စရာ တစ်ခုခု နဲ့ဆုံလိုက်တိုင်း စူးခနဲနေအောင် နာကျင်မှုကြောင့် သူ့နှလုံးသား အရွယ်မရောက်သေးတဲ့ ကလေးငယ်တစ်ယောက်လို ဖြစ်ခဲ့ရပါသည်။

ဂစ်တာကို ရင်ခွင်သဲပွေ့ဖက်ထားရင်း အခန်းထောင့်မှာ သူမှိုင်လျှကာ စိတ်တွေပျံ့လွင့်နေသည်။ သီချင်းစာအုပ်တွေက ဖရိုဖရဲပြန့်ကျဲလျက်သား။ ဘာကိုမှ ရေရေရာရာ မတီးဖြစ်သေး။ မိုးက ခပ်စိမ့်စိမ့်လေး ရွာနေပါတယ်။

ဖက်တီးကတော့ နေစိုးတို့စုံတွဲ လာကြမယ် ဆိုတာကြောင့် ညစာကို ချက်ပြုတ် ကြော်လှော်နေသည်။ ကုမ္ပဏီကအပြန် လှည့်ဝင်ခဲ့မယ်လို့ မနက်ကတော့ နေစိုး ဖုန်းဆက်သည်။

တံခါးဝက ဘဲလ်မြည်သံကြောင့် သူ ဂစ်တာကို ဘေးမှာ အသာချရင်း တံခါးသွားဖွင့်သည်။ တံခါးဖွင့်ဖွင့်ချင်း မြင်ရတာက လုံချည်အောက်ပိုင်းတွေ စိုရွှဲနေသော နေစိုး...

"မင်းတို့ မိုးမလွတ်ဘူးထင်တယ်... မေမိုးကော..."

နေစိုးက သူ့ကိုပြုံးကြည့်ပြီး...

"ငါ့နောက်မှာ ဘယ်သူပါလဲ... မင်း ကြည့်လိုက်ပါဦး"

နေစိုးက ကွယ်ထားတဲ့ သူ့ခန္ဓာကိုယ်ကို အခန်းထဲဝင်ရင်း ဖယ်ရှားပြတော့...

"ဟာ...ရဝေ... ခင်ဝေရော ပါလာတာလား... လူစုံ တက်စုံပဲ"

ရေစက်လက်ထီးကို တစ်ချက်ခါရင်း ရဝေက အောက်ပိုင်းတုတ်နေတဲ့ ရေစိုထဘီကို အနားတွေညှစ်နေရာက

"နင်က အခန်းထဲမှာ ငြိမ့်နေတာကိုး..."

မေမိုးက ထီးတွေကို အခန်းဝကပုံးထဲမှာ ထောင်ထားရင်း–

"ဖက်တီးကော ရန်ကြီး"

သူက ခုနနေရာကို လျှောက်လာရင်း နောက်ဖေးဘက်ကို ညွှန်ပြသည်။ မေမိုး နောက်ဖေးဘက်ဆီသို့ လျှောက်သွားသည်။

"ချက်လို့ မပြီးသေးဘူးလားဟေ့... ဆာလာပြီဟ"

ဖက်တီးက နောက်ဖေးဘက်မှပြန်အော်တော့... မေမိုး နောက်ကနေ ခင်ဝေကပါ နောက်ဖေးမီးဖိုခန်းဆီ လိုက်သွား၏။

"ဖက်တီးရေ... ညီ့သည်တစ်ယောက် တိုးတယ်နော်"

"ရဝေလား... အချစ်ကလေး... မတွေ့ရတာတောင် ကြာပြီကွာ..."

"သေနာကောင်"

အပြန်အလှန်ပြောတဲ့စကားတွေကို ရယ်မောရင်း သူတို့ ပလတ်စတစ်ဖျာပေါ် ထိုင်ချလိုက်သည်။ နေစိုးက ချထားတဲ့ ဂစ်တာကို ကောက်ကိုင်သည်။

"နင်တောင် မတွေ့ရတာကြာပြီနော် ရဝေ"

သူ့စကားကြောင့် ရဝေက သူ့ကို စိုက်ကြည့်ကာ ပြုံးရင်း...

"ပြဿနာဖြစ်ပြီးကတည်းက နင်တို့နဲ့ ငါတို့ အဆက်အဆံ မရှိတာ နှစ်လကျော်ကျော်လောက် ရှိသွားပြီပဲ"

ရဝေ့စကားကြောင့် သူ မသိချင်ဟန် ဆောင်နေခဲ့တယ်။

"နေနေ့ကိစ္စနဲ့..."

"တော်ပါတော့ ရဝေရာ..."

ရဝေ နောက်ဆက်တွဲပြောထွက်လာမယ့် သူမနဲ့ ပတ်သက်တဲ့စကားတို့ကို နောက်ထပ် ဒဏ်ရာသစ် ဖြစ်ပေါ်လာမှာကို သူ စိုးရိမ်နေပြန်၏။ အတိတ်ဆိုတာကို ထပ်ပြီး မကြားရဲချင်တော့... ရဝေကတော့ သူ့ကို ကရုဏာသက်သလို စိုက်ကြည့်ရင်း မဟုတ်သေးပါဘူးလို့ ပြောနေပါသေးသည်။ ကီးညို့နေရာမှ နေစိုးက ရပ်တန့်ရင်း...

"နေဦး ရန့်ကြီးရဲ့... မင်း ရဝေ့စကားကို နားထောင်ပေးလိုက်ပါကွာ... မင်းမသိသေးတဲ့ အကြောင်းတွေ အများကြီးရှိသေးတယ် ဟော့ကောင်... ဒီအကြောင်းတွေကို ငါနဲ့ခင်ဝေ မေမိုးကို ဝင်ခေါ်ရင်း ရဝေနဲ့ မြို့ထဲမှာ အမှတ်တမဲ့ဆုံမှ သိလိုက်ရတာ"

**နေစိုး စကားကြောင့် သူ နှုတ်ဆိတ်နေလိုက်သည်။** ပြောချင်တာပြော ဆိုတဲ့အဓိပ္ပာယ်နဲ့ သူ ရဝေ့ကို မေးဆတ်ပြလိုက်သည်။

"အဖြစ်အပျက်တွေက အံ့သြဖို့လည်း ကောင်းတယ်... သိခါစက ငါ့ကိုယ်ငါလည်း ဟုတ်ရဲ့လားဆိုတာ မယုံချင်ဘူး ရန့်ကြီး... နေစိုးနဲ့ ဒီနေ့မှသာ မတွေ့ဖြစ်ရင် ဘာကိုမှလည်း အချိန်မီမှာ မဟုတ်ဘူး"

မေမိုးက ကော်ဖီပန်းကန်ပန်းကို သူတို့အလယ်မှာချပေးရင်း ဝင်ထိုင်သည်။ ခင်ဝေကို ဆွဲခေါ်လာလို့နဲ့ တူပါရဲ့... ဖက်တီးကပါ ကိုယ့်လိုကြောင်အမ်းအမ်းနဲ့ ပါလာသည်။

"နင်နဲ့ ချိန်းထားတာကို နေနေ ရောက်လာပါတယ်၊ ၁၂ နာရီ မထိုးခင်ကတည်းကပေါ့ဟာ"

"မဖြစ်နိုင်တာမပြောနဲ့ ရဝေ"

သူ့ရဲ့ ခပ်ဆတ်ဆတ်စကားကို ရဝေက ပြုံးရုံသာ နေခဲ့တယ်။ ပြီးတော့ ဆက်ပြောပြန်တယ်။

"ဒါပေမယ့် 'ရင်ဝေ'ကို မဟုတ်ဘူး ငါ့ဆီ"

"ဘယ်လို..."

အံ့ဩမှုနဲ့ နှုတ်ထွက်စကားနဲ့အတူ သူ ဘာကိုမှ နားမလည်။ ဖက်တီးကပါ အံ့အားသင့်ရင်း...

"နင့်ဆီကို... ဟုတ်လား ရဝေ"

ရဝေက ခေါင်းတစ်ချက် ညိတ်ပြရင်း...

"ငါလည်း နေစိုးတို့နဲ့တွေ့မှ အဖြစ်မှန်ကိုသိရတာ... နင်ရေးလိုက်တဲ့ စာက ဘာလဲ ရန်ကြီး"

သူက မျက်မှောင်ကုတ်ပြီး...

"ရင်ဝေဆီ ဆယ့်နှစ်နာရီ စောင့်နေလို့လေ"

သူမက တစ်စုံတစ်ခုကို နာကျင်ဟန်နဲ့...

"အဲဒီစာကို နေနေ ဖတ်ရချိန်မှာ ရဝေဆီ ဆယ့်နှစ်နာရီ စောင့်နေလို့ ဖြစ်နေတယ် ရန်ကြီး"

"ဘာ..."

သူ့အော်သံမှာ အံ့ဩမှုတွေ ကပ်ပါနေတယ်။

"ဟာ... မဖြစ်နိုင်တာ"

ဖက်တီးကပါ ကန့်ကွက်သည်။ ဖက်တီးဘက်သို့ ရဝေက လှည့်ကြည့်ရင်းက...

"ဖြစ်ခဲ့လို့ပေါ့ဟာ... နှစ်တို့နှစ်ယောက်အတွက် တရားခံက မျက်ရည် တစ်စက်ပဲ ရန်ကြီး... နင်အံ့ဩသွားမယ်၊ ဘယ်သူမှလည်း ယုံကြည်နိုင်မှာ မဟုတ်ဘူး။ ဖြစ်ပုံက ဒီလိုဟ... ငါတို့ ရောက်သွားတဲ့အချိန်မှာ နေနေနဲ့ သူ့အမေက ဒေါက်တာဆွေဆတ်နဲ့ လက်ထပ်ခိုင်းတဲ့ ကိစ္စကနေ အကြီး အကျယ် ပြဿနာတက်ပြီးနေပြီ... နေနေ့ကို ရိုက်တဲ့အဆင့်တောင် ဖြစ်ပြီးနေပြီဟ... ငါတို့ ရောက်သွားတဲ့အချိန် နေနေ့ကို ချော့သလိုလိုနဲ့ သူ့အခန်းဆီကို ငါနဲ့ နီနီစိုး ခေါ်သွားတယ်လေ၊ နင့်စာကို ထုတ်ပြတဲ့အချိန်

ဖွင့်ဖတ်ဖို့အလုပ်မှာ စာရွက်ဖြန့်ဖြန့်ချင်း မျက်ရည်တစ်စက် ကျသွားတယ်၊ မဖတ်ခင်အချိန်မှာပဲ အခန်းတံခါး ခေါက်သံကြောင့် နေနေက နင့်စာရွက်ကို ခေါင်းအုံးအောက်ကို အမြန်ထိုးထည့်လိုက်တယ်…

အမှန်က နေနေ့ အမေက ငါတို့ကို လာအကဲခတ်တာဟ… မယုံဘူးပေါ့ဟာ… ဘယ်လိုမှ နေနေနဲ့ ထပ်စကားပြောလို့မရတာကြောင့် ငါတို့လည်း ပြန်လာခဲ့ရတာပေါ့… အားလုံးပြန်သွားတဲ့အချိန်မှ နေနေ စာကိုဖတ်လိုက်ရတဲ့အချိန်မှာ နင် ရင်ဝေ လက်ဖက်ရည်ဆိုင်ကို ချိန်းလိုက်တဲ့ စာလုံးဟာ သူ ခုနကကျတဲ့ မျက်ရည်တစ်စက်ကြောင့် ရဝေ ဖြစ်သွားတယ်၊ ရကောက်နဲ့ သဝေထိုးကြားက ငသတ်ဟာ မျက်ရည်ထိတာရယ်… ခေါင်းအုံးအောက်မှာ ပျို့နဲ့ ပျောက်ကွယ်ဖို့အချိန် လုံလုံလောက်လောက် ရတာရယ်ကြောင့် ရဝေဖြစ်သွားပြီး အဲဒီမှာတင် အကုန်ရှုပ်ကုန်တာပေါ့ဟာ”

“နင်… တကယ်ပြောနေတာလား ရဝေ”

သူ့ရဲ့ အမောဆန်လှတဲ့လေသံကို သူမက မျက်နှာညှိုးညှိုးနဲ့…

“ဒါ… လိမ်ပြောလို့ရတဲ့ ကိစ္စမဟုတ်ဘူး ရန်ကြီး… နင်ကလည်း နင့်စွပ်စွဲချက်နဲ့… နေနေကလည်း သူ့စွပ်စွဲချက်နဲ့ အားလုံး ပြတ်တောက်သွားတဲ့အချိန်… ငါတို့ကပါ နင်တို့ကို အခေါ်အပြော မရှိတော့ဘဲ… နေနေ အဲဒီနေ့က ဒေါသနဲ့လုံးထွေး ချေပစ်ထားတဲ့ စက္ကူလေးကို ငါ နောက်တစ်နေ့မနက် ပြန်တွေ့လို့ ငါသိမ်းထားတယ်၊ ဒီမှာ…”

ရဝေ ထုတ်ပြသော စက္ကူကြေမွမွ အခေါက်လေးကို သူ ဖြေပြီး ဖတ်ကြည့်တော့ ရဝေပြောတဲ့အတိုင်းပဲ မှင်စွန်းလို့ပေကျံနေတဲ့ ငံကြမ္မာ ကျီစယ်ခဲ့တဲ့ လက်မှတ်တစ်စောင်လို သူမြင်ခွင့်ရပြီး သူ ကြေကြေကွဲကွဲ ကြည့်နေရင်း ရဝေက ဆက်ပြောတယ်။

“ငါလည်း အမှတ်တမဲ့ပဲပေါ့ဟာ… ဒီအတိုင်း သိမ်းထားလိုက်တာပဲ… တစ်ညအလုပ်ကိစ္စနဲ့ စာရေးနေတုန်း မိုးပက်တာကြောင့် မိုးစက်ရဲ့အရှိန်နဲ့ ငါရေးထားတဲ့စာတွေ ဒီလိုဖြစ်ခဲ့တာနဲ့ ကြုံကြိုက်မိတယ်၊ အဲဒီမှာပင် ငါ သံသယ ဖြစ်မိတယ်ဟာ… ဒါလည်း အမှတ်တမဲ့ပါပဲ…ဒီနေ့မှ နေစိုးတို့နဲ့ တွေ့ပြီး အဖြစ်မှန်ကို သိရတာဟ…”

သူ ခေါင်းငိုက်စိုက် ကျသွားတယ်။ မထင်မှတ်တဲ့ အလစ်အငိုက်မှာ တိုက်ခိုက်ခံလိုက်ရတဲ့ ကံကြမ္မာရဲ့ ရက်စက်မှုအောက်မှာ အလဲလဲအကွဲကွဲ... အကျရာတစ်လုံးကြောင့် ချစ်သူနှစ်ယောက် ဝေးသွားကြရတယ် ဆိုတာ မယုံနိုင်ချင်စရာပဲလေ။ အားလုံးက စိတ်မကောင်းခြင်းကိုယ်စီနဲ့ ငြိမ်သက်နေကြသည်။

"အခု နေနေကော..."

သူသိချင်နေတဲ့ မေးခွန်းကို ဖက်တီးက ဝင်မေးသည်။

"ငါတို့ဒီအလာမှာ နေနေ့ဆီ ဖုန်းဆက်ပြီး အကြောင်းစုံ ပြောပြလိုက်တယ်၊ သူလည်း အံ့အားသင့်သွားတယ်... နင် မနက်ဖြန် (၁၀) နာရီလောက် သူနဲ့ ဖုန်းပြောလိုက်... ငါတို့အားလုံး စုံကြမယ်လေ... ဘာဖြစ်လို့လဲဆိုတော့ သူ သန်ဘက်ခါ ပြင်ဦးလွင် ဘုရားကျောင်းမှာ ဒေါက်တာဆွေဆတ်နဲ့ လက်ထပ်ဖို့ စီစဉ်ပြီးပြီ"

"ဟာ..."

အချိုးအကွေ့ အလှည့်အပြောင်းတွေနဲ့ သူတို့ရဲ့ချစ်ခြင်းဟာ ဘာလို့ မချောမွေ့ခဲ့တာလဲ...

"နင် စိတ်မပူပါနဲ့... ဒီတစ်ခါ နင်တို့ မဝေးရတော့ပါဘူး၊ သူက နင့်ကို (............)ဘုရားကျောင်းမှာ စောင့်နေမယ်တဲ့၊ နင် လက်ထပ်ပွဲ မစမီ (၉)နာရီထိုးလောက် ရောက်အောင်လာခေါ် တဲ့... သူစောင့်နေမယ်တဲ့"

မြန်ဆန်လွန်းလှတဲ့ အချိန်အတိုင်းအတာအတွက် သူ အမြန်ဆုံး စီစဉ်မှုဖြစ်မည်။

နေစိုးနဲ့ ဖက်တီးက တစ်ခုခု တိုင်ပင်နေရာမှ ဖက်တီးကနေ...

"ကားအတွက်တော့ မပူနဲ့ရန်ကြီး... ငါနဲ့သိတဲ့ ခရီးသွား အအေးကျင့် တစ်ခုကနေ ကားမောင်းကောင်းတဲ့သူ ငါ ရအောင်ခေါ်ပေးမယ်၊ တောင်တက်လမ်းတွေဆိုတော့ သူတို့မောင်းမှ စိတ်ချရတာကွ"

သူက ကျေးဇူးတင်တယ်ကွာ... လို့ပြောတော့ ဖက်တီးက လုပ်မနေပါနဲ့ကွာလို့ ပြောတယ်။

မေမိုးက ဘယ်ကိုခိုးပြေးမှာလဲ ပြောတော့ နေစိုးက...

"ဘယ်ကိုမှမိုးမပြေးနဲ့… မန္တလေးအထိပဲမောင်း… တော်ကြာနေ သူတို့ ရန်ကုန်မှာရှိတဲ့ မင်းသီပဲအာရုံစိုက်ကြမှာ… မန္တလေးမြို့သစ်ဘက်မှာ ငါ့ဦးလေး ရှိတာပဲကွာ… စိတ်ချရပြီဆိုမှ ဒီတိုက်ခန်းပဲ ပြန်လာခဲ့ပေါ့… ငါပါလိုက်လာမှာပဲ"

"အေး… ဒီအစီအစဉ်ကောင်းတယ်၊ ငါလည်းလိုက်မယ် ရန့်ကြီး"

ဖက်တီးက ထောက်ခံအားပေးရင်း ဝင်ပြောသည်။

မျက်နှာသာမပေးတဲ့ ကံကြမ္မာကို ရင်ဆိုင်ဖို့ သူတို့အသင့် ဖြစ်နေကြပြီ။

သိပ်မဝေးတဲ့ မနက်ဖြန်အတွက် ရင်ထဲက ချစ်ခြင်းတွေက အသင့်အနေအထား… ချစ်သူ… မင်းရော ကိုယ့်လိုပဲလားဟင်… သေချာပါတယ်… မင်းနဲ့နီးဖို့ ငါ ရောက်အောင်လာခဲ့ပါ့မယ်… မင်း ဆက်ဆက်စောင့်နေပေါ့ကွယ်…။

## အခန်း [ ၁၃ ]

ရဝေက ဖုန်းခွက်ကို သူ့ထံ လှမ်းပေးတော့ သူ ဖုန်းကိုချကာ စပီကာကို ဖွင့်လိုက်သည်။ စပီကာမှ အက်ရှရှလိုင်းသံ ဆန်သောအသံ… မိုင်ပေါင်းများစွာ ဝေးတဲ့အရပ်က သူ့ရဲ့ချစ်သူ…

"ရန်ကြီး…"

သူ့ရင်ကို လှပ်ခနဲ ဖြစ်စေခဲ့သည်။

"နေနေ…"

သူတို့အားလုံး ငြိမ်သက်နေကြ၏။ အခန်းထဲတွင် အသက်ရှူသံ ကြားရလောက်အောင် ငြိမ်သက် တိတ်ဆိတ်ခြင်းကို ခံစားရသည်။ စကားသံတွေ ဘယ်သူကမှ မဆိုဖြစ်ကြအောင် တိတ်ဆိတ်နေသည်။ ပြောချင်လွန်းအားကြီးလို့ ဆွံ့အသွားသည် ထင်ပါရဲ့…။

"ရန်ကြီး… မနက်ဖြန် ဆက်ဆက်လာနော်"

သူ နေနေ့ စကားသံကြောင့် သတိပြန်ဝင်လာရင်း…

"စိတ်ချပါနေနေ… ဒီတစ်ခါ ဘယ်အကြောင်းကြောင့် နောက်ထပ် မဝေးစေရဘူး… ကိုယ် ကတိပေးပါတယ်… ကြိုက်တဲ့ အတားအဆီး ဖြစ်နေပါစေ ကိုယ် ရောက်အောင်လာခဲ့မယ်… စိတ်ချ နေနေ…"

"တကယ်နော်… ရန်ကြီး"

"တကယ်ပါ... နေနေ"

"ရန်ကြီးကို ဒီ့...တစ်နေ့မှ မေ့လို့မရဘူး"

သူ့ရင် ချမ်းမြေ့စွာ ကြည်နူးမိတော့ ဝိုင်းအုံကြည့်နေသော အုပ်စုဆီမှ ရယ်သံတိုးတိုး ကြားရသည်။

"မင်းလိုပါပဲ နေနေ... ကိုယ့်ဘဝရဲ့ အရေးကြီးဆုံးက မင်းပဲ"

သူ့စကားကြောင့် နေနေက ကျေးဇူးပဲလို့ တုံ့ပြန်သည်။

နောက်ဘက်ဆီမှ ရဝေက

"သိပ်အဖြစ်သည်းမနေကြနဲ့ဟေ့..."

ဆိုတဲ့ ခပ်ကျယ်ကျယ် အသံကြောင့်...

"အနားမှာ ဘယ်သူတွေရှိနေကြလဲ ရန်ကြီး"

သူက လူစုံပဲလို့ပြောတော့ ဟာကွာ... ရှက်စရာကြီးလို့ ပြောတယ်။

ဖက်တီးက ဒီနေ့ ရှက်မနေနဲ့ဦးလို့ ပြောတော့ ရယ်သံတွေ ဆူညံသွားတယ်။

"ရန်ကြီး..."

"ပြောလေ နေနေ..."

"မနက်ဖြန် ဆယ့်... "

စကားပြောရင်း တန်းလန်း ဖုန်းကျသွားသံကြောင့် အားလုံးက ဟာဆိုပြီး ဝိုင်းအော်ကြတယ်။ ဖုန်းထပ်ခေါ်လို့လည်း မဖြစ်တော့...ဒီလိုနဲ့ပဲ သူ လက်လျှော့လိုက်ရသည်။ အားလုံး ခြေပစ်လက်ပစ် ထိုင်ချရင်း ခင်ဝေနဲ့ ရဝေကြားမှာ လှဲအိပ်နေတဲ့ ဇော်ဇော်က...

"တောက်... ငါလိုက်ချင်တယ်ကွ... အလုပ်က ခွင့်မပေးလို့..."

ကြိတ်မနိုင်ခဲမရ ဇော်ဇော့်အသံကြောင့် ရဝေက...

"နောက်သုံးလေးရက်နေ ငါတို့မိန်းကလေးသုံးယောက် သွားတော့ လိုက်ခဲ့ပါလား... ငါတို့လည်း အဖော်ရတာပေါ့"

"အင်းလေ... ကိုဇော်လည်း ရုံးကိုပြောကြည့်ပေါ့"

ခင်ဝေ့စကားကြောင့် ဇော်ဇော်က မရ,ရအောင် ပြောကြည့်ရမှာပဲလို့ ပြောသည်။

"ဒါဆို… အခု ငါရယ်… ရန်ကြီးရယ်… အုပ်စိုးနဲ့ ဒရိုင်ဘာနဲ့ဆို လေးယောက်ပေါ့… ကားကချောင်ပါတယ်"

ဖက်တီးစကားကို လက်ဖက်တစ်ဖွန်းခပ်စားရင်း အုပ်စိုးက ခေါင်းညိတ်ရင်း…

"မန္တလေးက မင်းဦးလေးအိမ်ကိုရော ပြောပြီးသွားပြီလား"

"မနက်ကတည်းက အိမ်ကအဖိုးကြီးကိုယ်တိုင် ဖုန်းဆက် ပေးထားတာ… အားလုံးအိုကေပဲ"

"ရန်ကြီးအောင်ကိစ္စက လူကြီးတွေတောင် မနေရပါလား ဟေ့…"

ရဝေ့စကားကြောင့် ရယ်သံတွေ… ဆူညံသွားသည်။ သူကတော့ ပက်လက်လှန်ရင်း မျက်နှာကြက်ကိုကြည့်ကာ သွားရမယ့် ခရီးစဉ်အတွက် စိတ်စောနေသည်။ မိန်းကလေးတွေက ပစ္စည်းတွေထည့်… တစ်ယောက်နဲ့ တစ်ယောက် စ,နောက်သံတွေနှင့် တိုက်ခန်းတစ်ခုလုံး ဆူညံနေသည်။

သူ့ကို ဘယ်သူမှ မနှောင့်ယှက်ကြပါ…။

ကားလာတဲ့အချိန်ဟာ ညနေ နှစ်နာရီခန့် ရှိနေပြီ… ကားနောက်ခန်းထဲကို ပစ္စည်းတွေထည့်… ကျန်ရစ်ခဲ့သူတွေ နှုတ်ဆက်နဲ့ ငါးနာရီကျော်ကျော်မှ ထွက်ဖြစ်သည်။ နေစိုးနဲ့ ဖော်ဖော်က လက်ပြရင်း ငါတို့လိုက်ဖြစ်အောင် လိုက်ခဲ့မှာ… စိတ်ချလို့ သူ့ကိုပြောပါတယ်။ ကားစထွက်တော့ သူနဲ့အုပ်စိုးက နောက်ခန်းမှာ… ဖက်တီးကတော့ ကားသမားနဲ့… စကား တောက်လျှောက်ပြောနေသည်။ သဘောကောင်းပုံရသော ကားသမားကပါ သူ့ကို စ,နောက်နေ၏။ ည တောက်လျှောက် မောင်းလာရင်း ဆာတဲ့အချိန် လမ်းကမြို့ငယ်လေးတွေမှာရပ် ဝင်စားရင်း ပျော်ပွဲစားထွက်သလိုနဲ့ တူနေသေးသည်။

ဖက်တီးကတော့ တစ်လမ်းလုံး ဗိုက်ဖြည့်ပြီးကတည်းက အိပ်သည်။ အုပ်စိုးလည်း ကားနောက်ခန်းမှာ ကွေးကွေးလေး အိပ်နိုင်သေးသည်။ သူကတော့ အိပ်လို့မရ… ဒရိုင်ဘာကတော့–

"ခင်ဗျား စိတ်ဆန္ဒတွေ အရမ်းစောနေလို့ပါ"

လို့ နှစ်သိမ့်သည်။

မနက်ပိုင်း နှင်းမိုးတွေ ခပ်စိပ်စိပ် ကျလာခြင်းကြောင့် အရှိန်မှန်မှန်နှင့် မောင်းရသည်။ မန္တလေးဆောင်းအဝင်သည် အရိုးကွဲမလား အောက်မေ့ရသည်။ မြို့ထဲဝင်တော့ သူတို့ နှင်းကွဲချိန်စောင့်ရင်း လက်ဖက်ရည်ဆိုင်မှာ ဗိုက်ဝင်ဖြည့်သည်။

မနက် ခြောက်နာရီထိုးချိန်မှာ ဖက်တီးက မြို့သစ်ဝင်ဦးမလားလို့ မေးသည်။ သူက ဟိုကို တိုက်ရိုက်မောင်းမယ် ပြောတော့ အုပ်စိုးက...

"ဟော့ကောင်... တောင်တက်လမ်းတွေပေါ် ဒီအချိန်ကြီးကွာ... အေးအေးဆေးဆေးသွားလည်း မိပါတယ်ဟ"

လို့ ပြောသည်။ ဖက်တီးက အေးလေ...ဟု ပြောရင်း လက်ဖက်ရည်ကို အပြတ်ရှင်းသည်။ ကားသမားကတော့ တဟားဟား သဘောကျစွာ ရယ်နေပါသည်။

သူ့ရဲ့ လောဆော်မှုနဲ့ ဂျိုတိုက်မှုကြောင့် သူတို့ မန္တလေးမှဆက်ထွက်လာခဲ့ကြသည်။ တောင်ပတ်လမ်းပေါ် တဖြည်းဖြည်း ရောက်လာတော့ မန္တလေး ဆောင်းလောက် အရိုးကွဲအောင် မခံစားရတော့။

နှင်းမှုန်မှုန်တွေ ကြားက တောင်ခြေမြေပြန့်ကိုကြည့်ရင်း စိတ်ကြည်မွေ့စရာ... (၂၁) မိုင်မှာ ကားခဏရပ်ရင်း ရှုခင်းတွေ ခဏ ရပ်ကြည့်ကြသည်။ နာရီကိုတစ်ချက်ကြည့်ပြီး သူ့စိတ်ထဲ အေးအေးဆေးဆေး ဖြစ်သွားပြီ။ မြို့ကို စ,ဝင်တော့ ကုန်းမြေက ပြန့်ပြူးလာသည်။ ဘေးနားမှာ သစ်တောစည်းပိုင်းတွေ... မြင့်မားလှတဲ့အပင်တွေ... လူနေအိမ် အချို့ကို မြင်ခွင့်ရခဲ့သည်။

သူက ကားမောင်းသမားနဲ့အတူ ထိုင်ရင်း မြက်ခင်းပြင်ပေါ်တွေက စိုက်ခင်းတွေ၊ အစိုးရအဆောက်အဦးတွေကိုကြည့်ကာ ဒရိုင်ဘာကို စပ်စုရင်း လိုက်ပါလာခဲ့သည်။ မနက်ခင်းရဲ့ အပြာနုရောင်နှင်းတွေ... အိပ်မက်တွေ... သစ်ပင်တွေ... လျှင်မြန် ထိုးခွဲရာအရှိန်တွေ... အေးစက်တဲ့ လေထုကို ထိုးခွဲလာတဲ့ ကားလေးသည် မြို့အဝင် ဆိုင်းဘုတ်ကို မြင်ခွင့်ရခဲ့ပြီ... နှင်းတွေက မနက်ခင်းကို ကြိုဆိုရင်းနဲ့အတူ...

## အခန်း [ ၁၄ ]

"မင်း... သိပ်စိုးရိမ်မနေပါနဲ့ နေနေ... အားလုံး အဆင်ပြေမှာပါ"

ဘုရားကျောင်းရဲ့ဘေးမှာ ကားကိုရပ်တန့်ပြီး သူမ စိတ် ကျေနပ်စေရန် ပြောတော့ သူမက ကျေးဇူးပါပဲလို့ တုံ့ပြန်မိ၏။ ကားတံခါးကိုဖွင့်ပြီး ဂါဝန်ရှည်ကိုမကာ သူမ ဆင်းလာရင်း ဘုရားကျောင်းရဲ့ လူသံတိတ်ဆိတ်မှုကို သတိထားမိ၏။

ရုံးပိတ်ရက်ပေမယ့် ဒီနေ့မှာလူရှင်းတာ သူမ ဂရုပြုမိတော့...

"ဒီနေ့ လူရှင်းတယ်နော် ဒေါက်တာ"

ကားသော့ကို ဘောင်းဘီအိတ်ထဲ ထိုးထည့်ကာ သူမနဲ့အတူ ဘုရားကျောင်းအဝင်ဝဆီ အတူလျှောက်လာရင်း ဒေါက်တာဆွေဆတ်က ဟုတ်တယ်... လို့ ထောက်ခံပါတယ်။

"ဟောလ်ထဲဝင်ဝင်ချင်း ငြိမ်းအေးတဲ့အတွေ့ကို ခံစားမိ၏။ သူမနဲ့အတူ ဒေါက်တာက ယှဉ်လျှောက်လာရင်းက ခရစ်တော်၏ ပုံတော်အရှေ့၌ ငြိမ်သက်တိတ်ဆိတ်စွာ ဂါရဝပြု ဆုတောင်းခဲ့သည်။

ဝတ်ပြုပြီးတော့...

ဒေါက်တာဆွေဆတ်က...

"မင်းကို ဘုရားသခင်က စောင့်ရှောက်မှာပါ နေနေ"

စကားသံနဲ့အတူ ဒေါက်တာဆွေဆတ်က ကျွန်မရဲ့ နဖူးဆံစတွေကို အသာရှိုက်နမ်းပါတယ်။

အစ်ကိုတစ်ယောက်က ညီမတစ်ယောက်ကို နှစ်သိမ့်တဲ့ အနမ်းတစ်ခု အနေနဲ့ပေါ့။ ကျွန်မ ကြည်နူးမိရင်း မျက်ရည်လည်လာ၏။

အားလုံးသော နှစ်ဖက်မိဘတွေကို ဆေးရုံကဆရာဝန်ကြီးနဲ့ မိတ်ဆွေ တချို့ကို ညှိခံစရာရှိလို့ ကျွန်တော်တို့ ကြိုတင်သွားနှင့်မယ်လို့ သူမကို ခေါ်ထုတ်ပေးခဲ့သော ဒေါက်တာကို သူမ စာနာစိတ်နဲ့ ခပ်ငေးငေးလေး ကြည့်မိသည်။

ကြေကွဲမှုတွေ မျက်ဝန်းထဲမှာ အနယ်ထိုင်နေတဲ့ ဒေါက်တာရဲ့ မျက်ဝန်းတွေဟာ ဖုံးကွယ်ပစ်ဖို့ ကြိုးစားပေမယ့် ဝမ်းနည်း ဆုံးရှုံးမှုတွေက အရိပ်အငွေ့တစ်ခုလို မြင်နေရတယ်။

ယောကျ်ားတစ်ယောက်ရဲ့ ခံစားချက်ဟာ ဒီလောက်နူးညံ့ လိမ့်မယ်လို့ ကျွန်မ မထင်ခဲ့တာအမှန်ပါ…။

“ကိုယ် ဇာသာနဲ့ သွားစကားပြောလိုက်ဦးမယ်… Good Bye Baby…”

ဒါ အပြီးတမ်းအတွက် နှုတ်ဆက်တဲ့ စကားတစ်ခွန်းနဲ့ တူပါရဲ့… ထွက်ခွာသွားတဲ့ ဒေါက်တာရဲ့နောက်ကျောပြင်ကို သူမ… ငေးကြည့်ကာ သက်ပြင်းချမိသည်။

(ခွင့်လွှတ်ပါလို့… မတောင်းပန်ပါရစေနဲ့လေ…၊ လွဲပြောင်းရယူခွင့် မရှိတဲ့ ချစ်ခြင်းက အပြစ်ရှိခဲ့ရင်ပေါ့နော်…)

ဝင်ပေါက်ဝ အလင်းရောင်ဆီမှ အရိပ်တစ်ခု မြင်ခွင့်ရဖို့အတွက် သူမ ရင်တထိတ်ထိတ်နဲ့ မျှော်နေခဲ့ရ၏။

စက္ကန့်သံတွေကို အမှတ်စဉ်အတိုင်း ရွတ်ဆိုရင်း အချိန်ကာလကို အမြန်ကုန်လွယ် စေချင်နေသည်။

သူမ ခရစ်တော်ရဲ့ရုပ်ပုံကို ငေးကြည့်နေရင်း ဆုံတွေ့ခွင့်ရပါစေလို့ မျက်ဝန်းမှိတ်ကာ တိတ်တဆိတ် ဆုတောင်းနေမိ၏။

ထိုစဉ်…

တိတ်ဆိတ် ငြိမ်သက်နေတဲ့ ဘုရားကျောင်းတစ်ခုလုံး နာရီစည်းချက်သံကို ကြားရသည်။ သူမ လှိုက်ခနဲဖြစ်သွားခြင်းနဲ့ အတူ ခံစားချက်အသစ်တစ်ခု…

"အို…"

ပြီးတော့ သူမ သတိရလိုက်မိတဲ့ ပုံရိပ်…

"ကိုးနာရီ ထိုးပြီပဲ"

နှုတ်မှ အမှတ်မထင် ရေရွတ်မိစဉ် နောက်မှ သိုင်းဖက်ထားတဲ့ အထိအတွေ့ကို ရသည်။ သူမရဲ့ မျှော်လင့်ချက်ကလေး ရောက်လာခဲ့ပြီ။

သူမ… မျက်ဝန်းလေးမှိတ်မိရင်း သူမ ပါးပြင်ပေါ်မှာ စိုစွတ်တဲ့ အထိအတွေ့ကိုရသည်။ ဒါဟာ မျှော်ရှင်ခဲ့ရတဲ့အတွက် ဖြစ်မှာပေါ့။

သူမ သူ့ဘက်လှည့်၍ ရင်ခွင်ထဲ တိုးဝင်မိသည်။ သူ့လက်အစုံကို မြဲမြဲအုပ်မိတော့ သူ့လက်ထဲက တစ်စုံတစ်ခုကို စမ်းကြည့်မိသည်။ သူမ အံ့ဩသွားတယ်… သူမနဲ့ သူ့ရဲ့ ကြေကွဲစရာ ဖြစ်ရပ်အတွက် ကံကြမ္မာ နတ်ဆိုးရဲ့ စာရွက်လေး…

သူမ သူ့မျက်နှာဆီ မော့ကြည့်တော့ သူ့မျက်ဝန်းတွေလည်း အစိုဓာတ်တစ်ခုနဲ့ စိုစွတ်နေတယ်… လွတ်ထွက်သွားမလား တင်းတင်းဖက်ထားတဲ့ လက်အစုံကို ခွာထုတ်တော့ သူက တိုးတိုးလေး…

"ဘူးလ်…"

လှည့်ထွက်သွားစဉ်မှာ သူ့ခေါ်သံကြောင့် သူမက ပြုံးပြီး–

"ခဏလေးနေဦးလေ… ဒေါက်တာကို သွားခေါ်လိုက်ဦးမယ်"

လက်လှမ်းပြရင်း ဘုရားကျောင်းနောက်ကျောက ယူကလစ်ပင်တွေ အောက် ခုံတန်းစီ လျှောက်လာခဲ့သည်။

စကားပြောဆိုနေရင်း သူမ လျှောက်လာတာကိုမြင်တဲ့ ဖာသာက အသိအမှတ်ပြု ခေါင်းညိတ် ပြုံးပြတော့ ဒေါက်တာက သမင်လည်ပြန် ကြည့်သည်။ သူမဆီလျှောက်လာတော့ သူမက နေရာမှာပဲ ရပ်စောင့်နေလိုက်သည်။ အနီးရောက်လာတော့ ဒေါက်တာဆွေဆတ်က…

"သူ… ရောက်ပြီလား"

သူမက အခုပဲရောက်တယ်ဆိုတော့ ဒေါက်တာက စီစဉ် စရာတွေ တစ်ခါတည်းစီစဉ်လိုက်ရင် ကောင်းမယ် ဖာသာလို့ ပြောပါတယ်။ ဖာသာက ဘုရားကျောင်းထဲကို အတူလျှောက်လာရင်းက 'ကောင်းပါတယ်' လို့ အသိအမှတ်ပြုတယ်။ ဘုရားဝတ်ပြုရာ ရှေ့ဆုံးခုံတန်းရဲ့အလယ်မှာ ရပ်နေတဲ့ သူ့ရဲ့အရိပ်အယောင် မမြင်ရတော့ သူမက...

"ဟင်... ဘယ်ရောက်သွားပြန်ပြီလဲ... ခုနက သူဒီမှာ ရှိနေတဲ့ ဟာ..."

သူမက ဒေါက်တာတို့ကို ခဏနေဦးလို့ပြောပြီး အပြင် ထွက်ရှာမယ် အလုပ်မှာ ကားသံသဲ့သဲ့ကြောင့် အပေါက်ဝဆီ ကြည့်လိုက်တော့ ကားတစ်စီး ထိုးရပ်လိုက်တာကို တွေ့ရသည်။ ပြီးတော့ ကားပေါ်မှဆင်းလာကြသူတွေ မြင်တော့ သူမ ရပ်နေရာမှ အံ့အားသင့်ရင်း...

"ဟယ်... အုပ်စိုးနဲ့ ဖက်တီး... နင်တို့ပါ ပါလာတယ်... ခုနတည်းက ရောက်တာလား... ရန်ကြီး..."

သူမ ပျော်ရွှင်သွားရင်း စကားစမရ ဖြစ်သွားတယ်။ တစ်ခုခုတော့ မှားနေပါပြီ...

ပါးပေါ်ကို လက်ညှိုးနဲ့ကုတ်ခြစ်ရင်း (ဘာတွေလဲ...)လို့ ကိုယ့်ကိုယ်ကို မေးခွန်းထုတ်မိသည်။

တစ်ခုခုကို မှားယွင်းနေတာပါ... ပြီးတော့ သူတို့ကိုယ်ပေါ်က အစွန်းအထင်းတွေ၊ မျက်နှာပေါ်က အရိပ်တစ်မျိုးကကော...

"နင်တို့ ဘာဖြစ်လာကြတာလဲဟင်"

မြှန်းခနဲ ပါးပြင်ပေါ်ကို စီးကျလာတဲ့ မျက်ရည်တွေ... ဖက်တီးက ဘာလို့ငိုနေရတာပါလိမ့်... ပြီးတော့ ဇလုံးဗထွေးနဲ့...

"ရန်ကြီး... မြို့အဝင်မှာ ကားမှောက်လို့ ဆုံးပြီ"

"ဘာ..."

သူမရဲ့အော်သံဟာ ခန်းမကျယ်ကြီးတစ်ခုလုံး ဟိန်းညံသွားသည်။ ဖရိုဖရဲ ဖြစ်ရပ်တွေကြောင့် ဒေါက်တာတို့ သူမအနား ပြေးလာပါတယ်။ အုပ်စိုးကလည်း...

"ဟုတ်တယ် နေနေ... ရန်ကြီး ကားမှောက်လို့ ဆုံးပြီ"

"မဖြစ်နိုင်ဘူး..."

သူမရဲ့ သတိလက်လွတ် ငြင်းသံကြောင့် ဒေါက်တာက သူမ ပခုံးကို ဖမ်းဆုပ်ရင်း...

"နေနေ... ညီမလေး စိတ်ထိန်းလေ... ဘယ်လိုဖြစ်ကြတာလဲ ဗျာ..."

ဒေါက်တာက သူမကို ပခုံးဖက်နှစ်သိမ့်ရင်းမှ မယုံနိုင်သလို ~~ကြောင့် အုပ်စိုးကပဲ...

"မြို့ဝင်လာပြီဆိုတော့ အားလုံးက သတိလက်လွတ် ဖြစ်သွားတာလေ... ဒရိုင်ဘာကအစ သတိလက်လွတ် ပျော်ရွှင်တက်ကြွရင်း မောင်းလာတာပေါ့... မနက်လင်းလေ နှင်းက ပိုကျလေဖြစ်နေတာကို အရှိန်မလျှော့ဘဲ မောင်းလာတာ... တစ်လမ်းလုံး သူ ကျွန်တော်နဲ့ နောက်ခန်းမှာ အတူ စီးလာတာ၊ ဖြစ်ချင်တော့ မန္တလေးအထွက်ကျမှ ဒရိုင်ဘာနဲ့အတူ သူက ရှေ့ခန်းပြောင်းစီးတယ်၊ စိတ်ဆန္ဒစောနေတာပေါ့... မြို့ဝင်ကာနီးမှ နှင်းတွေကလည်း ကျလာ... အကွေ့တစ်ခုမှာ အရှိန်မလျှော့ဘဲ ဒရိုင်ဘာက ကွေ့ချလိုက်တဲ့အချိန် လူတစ်ယောက်က လမ်းဖြတ်အကူး ဒရိုင်ဘာက တိုက်မိမှာစိုးလို့ လမ်းဘေးကို ဆွဲချလိုက်တာမှာ လမ်းဘေးက သစ်ပင်နဲ့ သူစီးတဲ့ဘက်အခြမ်းနဲ့ ညှပ်ပြီး..."

မချိတင်ကဲ ရှေရွှတ်သံတွေ... ဖာသာရဲ့ ဘုရားသခင်လို့ ရေရွတ်သံနဲ့ အတူ နေနေက...

"မဖြစ်နိုင်ဘူး..."

လို့ မယုံကြည်တဲ့ မျက်လုံးတွေနဲ့ ငြင်းနေတုန်းပေါ့။

ပြီးတော့ မျက်ရည်တွေ တလိမ့်လိမ့်။ ဒေါက်တာက သူမကို မျက်မှောင်ကုတ်ကာ ကြည့်မိပြီး...

"ညီမလေး... စိတ်ကိုတင်းမထားနဲ့... ငိုချင်ရင် ငိုချလိုက်..."

"ဟုတ်တယ် နေနေ... ငါတို့ပြောနေတာ တကယ်ပါဟာ..."

အားလုံးငိုင်းပြောနေတာကို သူမက ဟက်ဟက်ပက်ပက် ရယ်ချရင်း...

"မယုံဘူး... မဟုတ်ဘူး... သူ... ခုလေးတင် ငါ့ဆီ လာသွားတယ်၊ သူ... ဒီအနီးအနားမှာပဲ ရှိတယ်... ရန့်ကြီးရေ... ရန့်ကြီး..."

သူမကတော့ အနီးအနားကို ဝေ့ကြည့်ရင်း ရှာဖွေနေတုန်းပဲ... ဆိုးတဲ့ အဖြစ်အပျက်ကို လက်ခံချင်ပုံမရတဲ့ စိတ်အတွက်လား... ဒါမှမဟုတ် သူမကပဲ လက်ရှိအဖြစ်ကို မယုံနိုင်လို့ဘဲလားမသိ... ပြီးတော့ သူမ ဒူးညွှတ်ခွေကျသွားသည်။

"နေနေ..."

"သမီး..."

"ညီမလေး..."

သံပြိုင် အော်ဟစ်သံအဆုံးမှာ သူမ တသိမ့်သိမ့် ရှိုက်ငိုပြန်သည်။ ဒဏ်ရာ အကြီးအကျယ်ရထားတဲ့ သားကောင်ရဲ့ နောက်ဆုံးအချိန်နဲ့ တူနေပြန်သည်။ ဖြူဖြူဖွေးဖွေး မဂ်လာဝတ်စုံနဲ့ မလိုက်ဖက်အောင် သနားစရာကောင်းလိုက်တဲ့ ကောင်မလေး... သူမလက်က လွတ်ကျသွားတဲ့ လုံးကြေနေတဲ့ စာရွက်ကလေးဟာ အုပ်စိုးတို့ရှေ့ကို ကျသွားတော့ အုပ်စိုးနဲ့ ဖက်တီးဆီက...

"ဟင်..."

"ဟာ..."

အလန့်တကြားနဲ့ ဖြူဖွေး ဆုတ်ယုတ်သွားတဲ့ အံ့အားသင့်မှုနဲ့အတူ...

"ဒီစာရွက် ဘယ်လိုကနေ..."

မယုံကြည်သလို... စဉ်းစားမရသူရဲ့ နှင့်သီး ပျောက်ကွယ်သွားတဲ့ စကားလုံးများ...

ဒေါက်တာက စာရွက်ကလေးကို ဖက်တီးလက်က တောင်းယူဖွင့်ကြည့်တော့ နေနေက ရှိုက်ကြီးတငင် ငိုကျွေးလိုက်တဲ့အသံ... ဖက်တီးက အုပ်စိုးဆီ လှည့်ကြည့်သည်။

သစ်ရွက်တွေဟာ ဆောင်းရဲ့ ရက်ရက်စက်စက် ဆုပ်ကိုင်ခံလိုက်ရသလိုပဲ...

သူမရဲ့မျက်ဝန်းဟာ အဝင်ဝဆီ ငေးကြည့်နေရာမှ ပုံရိပ်တစ်ခုကို မြင်ခွင့်ရမယ်ဆိုရင် သူမနှုတ်က စကားသံတွေ သူတို့တွေ ကြားနိုင်မယ် ဆိုရင်...

ဒါမှမဟုတ် နောက်ကျောပေးထားတဲ့ သူတို့ရဲ့နောက်မှာ ရှိနိုင်မယ်...

သူမကတော့ စဉ်းစားမိတယ်... အလင်းရောင်မှာ အရိပ် ရှိထတ် သလားလို့...

သူ ပြုံးပြပြီး လက်ပြကာ နှုတ်ဆက်သွားတယ်... အလင်းထဲကို အလင်းရောင် ဖြတ်စီးဆင်းသွားတယ်...

သူမကတော့ ငြိမ်ငြိမ်သက်သက် မျက်ဝန်းကို မှိတ်လိုက်ကာ မျက်ရည်တွေ လျှံတက်သွားအောင် ပြုံးပြရင်း တစ်ယောက်သောသူ ကြားနိုင်အောင်သာ တိုးတိုးလေး ပြောပါတယ်။

"တို့ ဘယ်တော့မှ မဝေးကြဘူးနော်... လို့..."

လေငြိမ်နေပေမယ့် ရင်ဘတ်ထဲက နှလုံးသားက သစ်ရွက်တွေလို တဖျတ်ဖျတ်...

မင်း... ငါနဲ့အတူ ရှိနေပါကွာ...

# နိဂုံး

အချိန်တွေ တော်တော် ကုန်လွန်ခဲ့ပြီ။ အလွမ်းတွေနဲ့ ပြောရတဲ့ စကားလုံးတွေဟာ ရထားအိုတစ်စီးရဲ့ လောင်စာနဲ့ သိပ်တူတယ်။ ကောင်လေးက သူ့ရဲ့ မှင်ယိုနေတဲ့ ဘောလ်ပင်ကို နာကျင်အငြိုးတကြီး လွှင့်ပစ်လိုက်မိတယ်။ ပြီးတော့ သူ့ကို ရည်ရွယ်ဦးတည်တဲ့ စကားလုံးတွေနဲ့ စတင်ပါသည်။

"ရိုမီယိုနဲ့ ဂျူလီယက်တို့လည်း ကံကြမ္မာ အဖြစ်ဆိုးတွေကြောင့် ဝေးခဲ့ကြတာပဲ... ရှင်မွေးလွန်း┴မင်းနန္ဒာ... ပြီးတော့ ဗန်ဂိုးနဲ့ သူ့ချစ်သူ... ဒသဂီရိ သီတာဒေဝီ... ရာဇဝင်ပုံပြင် ကျမ်းစာ တကယ့်အဖြစ်အပျက်မှာ လွဲမှားမှုတွေက ရက်စက်ခြင်းကို ဖြစ်ပေါ်နေခဲ့တယ်ဆိုတာ ကျွန်တော်တို့ သိနေခဲ့ကြတာပဲဆရာ... ဒါပေမယ့် အခုလို ကံကြမ္မာက ဖြည်းဖြည်းလေး လှည့်ကွက်လုပ်ထားပြီး မျက်နှာသာမပေးတဲ့ ဒီရင်ကွဲပုံပြင်တစ်ပုဒ်လောက်တော့ မဆိုးဝါးကြဘူးလို့ ကျွန်တော်ထင်တယ်လေ...။

"ရင်ကွဲပုံပြင်"

သူ ခေါင်းညိတ်ရင်း ကောင်လေးပြောတဲ့ ခေါင်းစဉ်လေးကို သဘောကျမိတယ်။

ပြီးတော့ သူက...

"ဟုတ်တယ် ဖေဖေ... အလွန်နူးညံ့တဲ့ ကံကြမ္မာရဲ့ ခပ်ပါးပါး လှည့်ကွက်ထဲမှာ အရွယ်အစား မမျှအောင် သူတို့ အလှည့်စားခံလိုက်ကြရတာ"

"အဲဒီ မနေနေ ဆိုတဲ့ အစ်မကရော အခုဘယ်မှာလဲ ဆရာ"

သူ ကလေးမလေးထံ ငေးငေးရီရီ ကြည့်မိသည်။

"ပြင်ဦးလွင်က အိမ်ကြီးတစ်အိမ်ရဲ့ အခန်းထဲမှာ သူ့ချစ်သူကို စောင့်နေတာ အခုချိန်ထိပဲ... သူ့စိတ်တွေက ပုံမှန်မဟုတ်တော့ဘူးလေ... နေနေက ရန်ကြီး သူ့ဆီလာလိမ့်မယ်လို့ အမြဲယုံကြည်နေတတ်တယ်..."

"အို..."

"အမြဲ စောင့်နေတတ်တယ်..."

ကောင်လေးနဲ့ ကောင်မလေးရဲ့ သံယောင် တိုင်တည် စကားသံ တချို့...

ဟုတ်တယ်နော် နေနေ... မင်းဘဝမှာ မင်းနှလုံးသားမှာ မင်းရဲ့ ချစ်သူ အမြဲရှင်သန်နေမှာပါ...

သတို့သမီးဝတ်စုံနဲ့ မျက်ရည်ကို ကြောက်နေတဲ့ ကောင်မလေး တစ်ယောက် မျက်ရည်တွေစီးကျရင်း သူ့ချစ်သူကို ရည်ရွယ်ချက်ရှိရှိနဲ့ စောင့်တယ်လို့ပြောရင် ဘယ်သူ ယုံကြည်နိုင်မှာလဲ... ပြောကြမှာပေါ့... ဒါ ပုံပြင်တစ်ပုဒ်ပါလို့... စွပ်စွဲကြမယ်... ငြင်းကြမယ်... ငါကတော့ မင်းယုံကြည်ချက်ကို မဖျက်ဆီးရက်ဘူး... မတားဆီးချင်ဘူးလေ...

မင်း ယုံကြည်ပါ...

မင်း မျှော်လင့်ပါ...

မင်း ကြိုနေခဲ့ပါ...

ဒါပေမယ့်... မင်း မျက်ရည်တစ်စက်မှ မကျဘဲ ငိုနေတတ်အောင် လေ့ကျင့်ပါ... ။

# ရင်ကွဲပုံပြင်

အခ်ိပုံပြင်
အခ်ိအဓိပ်မက်
စားလွယ်နှုတ်ခံထားရတဲ့ မျက်ရည်တစ်စက်
မီးထစေတောက်လို့ ....။
အစွယ်ရောက်လာတဲ့ ကံကြမ္မာ
မှန်တိုင်းရဲ့ ကျောခိုင်းပေါ်
သိမ်မွေ့နူးညံ့စွာ ဈဦးတပ်ရင်း
အပျော်သတော လျှောစီးပါရစေ ...တဲ့ ...။
တကယ်တော့ ငါတို့ ပြဋ္ဌာန်းချက် အနေးခံရတာပါ ...
ရေပူရေပေါက် ရင်ဆိပ်နက်ရှိုင်းတဲ့ စားထောက်သလို
ဘယ်အချစ်ရင်ဘတ်ကို
ဘယ်သူသိလိုက်သလဲ
အကူရာစူးလို့ ရှုံးရသူတို့အကြောင်း ....။